မွန်ပြည်နယ်–သံဖြူဇရပ်မြို့နယ်

# ကျိုက္ခမီမြို့

## ဆုတောင်းပြည့်

## ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီးသမိုင်း





ကျိုက္ကသမီရေလယ်ဘုရားကြီးပုံတော်။



ရွှေအလေးချိန် ၂၅၅–ကျပ်၊ ရှစ်ပဲ၊ တစ်ရွေးရှိ ကျိုက္ကမီရေလယ်ဘုရား
စိန်ဖူးတော်နှင့် ငှက်မြတ်နားပုံတော်။



ကာကွယ်ရေးဝန်ကြီးဌာနမှ

ဒုတိယ–ဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဇနီးဒေါ်စန်းစန်းရီ

မိသားစုနှင့် မောင်/ညီမ–များတော်[illegible]

တုန်းတော်ဝေါ်ရှိ အရိပ်အာဝါသ အထူးထောင်းမွန်သော ဗောဓိ

ညောင်ပင်ကြီးအောက်တွင်စံပယ်တော်မူနေသည့် ကြေးဆင်းတုရုပ်ပွားတော်ဘုရားကြီး



ဘုရားကန်းတော်ပေါ်ရှိ မော်တော်ယာဉ်များ ရပ်နားစခန်းနှင့်စားသောက်ဆိုင်များ



ကုန်းတော်ပေါ်တွင်တည်ရှိသောအိန္ဒိယပြည်၊ဗုဒ္ဓဂါယာအရပ်ဗောဓိညောင်ပင်မှ မျိုးစေ့ပင်ပျိုးကို
ပင့်ဆောင်ပြီး စိုက်ပျိုးထားသည့် အရိပ်အာဝါသအထူးကောင်းမွန်သည့် ဗောဓိညောင်ပင်ကြီး။



ဘုရားဖူးများစိတ်အေးချမ်းသာစွာ အပန်းဖြေတည်းခိုနိုင်သည့်အဆောင်သစ်ကြီး



၁၂၈၈–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁–ရက်နေ့ ည၁၁–နာရီ အချိန်တွင်
ဆီမီးထွန်းညှိရာမှ မီးခြင်းခံရသော ကျိုက္ခမီရေလယ်ဘုရား ရှေးဟောင်းပုံတော်



ကျိုက္ခမီရေလယ်ဘုရားကိုယ်ပွားတော် ဂန္ဓကုဋီတိုက်သစ်ကြီး ၁၉၈၂–ခုနှစ်၊ အောက်တိုဘာလတွင်
တည်ဆောက်ပြီး ၁၉၈၅ ခုနှစ်၊ မတ်လ ၂၄–ရက်နေ့တွင် ပြီးစီးသည်။



ရေလယ်ဘုရားကြီး၏ကုန်းတော်ပေါ်ရှိအခြံအရံစေတီတော်များ



မုတ္တမပင်လယ်အတွင်းရှိဂရန်ကျောက်ပုံပေါ်တွင် တည်ထားကိုးကွယ်ထားသည့်
ရှင်ဥပဂုတ္တမထေရ်မြတ်နှင့် စံကျောင်းတော်။

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊

## ကျိုက္ခမီမြို့

# ဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီးသမိုင်း

(နဝမအကြိမ်)

၂၀၀၇-ခုနှစ်၊ ဇန်နဝါရီလတွင်
ပြန်လည်စိစစ်ဖြည့်စွက်ပုံနှိပ်သည်။

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် (၃၂၀၀၅၀၁၀၇)
ဘာသာရေးဆိုင်ရာမျက်နှာဖုံးခွင့်ပြုချက်အမှတ်(၃၂၀၁၃၃၀၃၀၇)

နဝမအကြိမ် ၊ အုပ်ရေ -(၁၀၀၀၀)

၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ

(ဓမ္မဒါန)

ထုတ်ဝေသူ - ဦးသန်းတင့်
ကျိုက္ခမီရေလယ်ဘုရား ဂေါပကအဖွဲ့၊
ကျိုက္ခမီမြို့၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ်။

ပုံနှိပ်သူ - ဦးသော်လွင်မြင့်
**'စန္ဒကူး'** ရောင်စုံပုံနှိပ်လုပ်ငန်း (၀၆၃၄၅)
၉/H၊နဝရတ်ရိပ်သာလမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

---

စီစဉ်သူ - ကိုနေဝင်း **'ရွှေရည်ဝင်း'** ပိဋကတ်စာပေ၊
အမှတ်-၁၆၊ အောင်တော်မူစေတီတော်ဈေးတန်း၊
၈-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ကျိုက္ခမီမြို့ | ၇ |
| ၃။ | မွန်လူမျိုး | ၁၀ |
| ၄။ | ကျိုက္ခမီရေလယ်ဘုရား | ၂၆ |
| ၅။ | ကျိုက္ခမီရေလယ်ဘုရားကြီး၏ ဂန္ဓကုဋိ တိုက်ကြီးပေါ်သို့ အမျိုးသမီး(မိန်းမ)များ တက်ရောက်ဖူးမျှော်ကြည်ညိုခွင့်ကို တားမြစ်ရခြင်း အကြောင်းများ | ၅၄ |
| ၆။ | ဘုရားကြီး ဝတ္ထုကံမြေအတွင်းရှိ သာသနာ့ အဆောက်အအုံများ | ၅၉ |
| ၇။ | ဘုရားကြီး၏ အခြံအရံစေတီတော်များ | ၆၀ |
| ၈။ | ကိုယ်ပွါးတော် ဂန္ဓကုဋိတိုက်သစ်ကြီး | ၆၂ |
| ၉။ | ဘုန်းတော်ကြီးကျောင်း | ၆၃ |
| ၁၀။ | သိမ်တော်ကြီး | ၆၄ |
| ၁၁။ | ဇရပ်ကြီးများ | ၆၅ |
| ၁၂။ | စောင်းတန်းကြီး | ၆၉ |

## ဝန္ဒနာ ပဏာမ

# နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အရဟတော၊ လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ ပစ္စည်းလေးပါး ပူဇော်သက္ကာရ ဝိသေသအထူး ခံယူတော်မူ ထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ ပယ်အပ်ပြီးသော ကိလေသာတို့သည် ပြန်မဖြစ်သဖြင့် ကောင်းစွာမိမိအလိုလို သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားကုန်စင် သိမြင်တော်မူပြီး ထသော။ ဘဂဝတော၊ ထိုမြတ်စွာ ဘုရားအား။ နမော၊ ရှိသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော် မာန်လျော့ ကန်တော့ပါ၏ အရှင်မြတ်ဘုရား။

## အာသီသ ပတ္ထနာ

ဇိန စက္ကေန္ နံ့ သဗ္ဗကိစ္စံ သမိဇ္ဈတု။

ဇိန စက္ကေန၊ သုံးလူထွဋ်ထား သဗ္ဗညုမြတ်စွာဘုရား၏ တန်ခိုးတေဇော် အာဏာတော်စက်ကြောင့် သဗ္ဗကိစ္စံ၊ ဤကျမ်းကွဲမီ ရေလယ် ဘုရားကြီးသမိုင်းကို ရေးသားပြုစုခြင်းနှင့် ပတ်သက်သည့်ခပ်သိမ်း ဥသုံအလုံးစုံကိစ္စသည်။သမိဇ္ဈတု၊ချောမောဖြောင့် စင်မငြိုငြင်ဘဲ အောင်မြင်ပြီးမြောက်ပါစေသတည်း။

## စ၊ ဘ၊ က၊ သ ဘွဲ့တံဆိပ်တော်ရ
## ကျိုက္ကမီ ဘုရားရှိခိုး ဂါထာ

စ,ယံ ပါရမီသဥ္စယံ, ဘ, ဝါဘဝေ သုခန္တိကံ၊
က, ရောန္တံ လောကအတ္တမ္ပိ, သ, ရဏံ တံ နမေ သဒါ။
ပုညေနာနေန သဗ္ဗမ္ပိ, သမိဇ္ဈတု ယထိစ္ဆိတံ။
(တကာရမိဿက ဂါထာ)

ပါရမီသဥ္စယံ-ပါရမီဆယ်ပါးအစုကို၊ စယံ-ဆည်းပူးပြီး ထသော၊ ဘဝါဘဝေ-ဘဝငယ်, ဘဝကြီး၌၊ သုခန္တိကံ-ကောင်းစွာ သည်းခံခြင်း ရှိထသော၊ လောက အတ္တမ္ပိ-လောက၏ အစီးအပွါး ကိုလည်း၊ ကရောန္တံ- ပြုပေတတ်ထသော၊ သရဏံ-ဘေး အန္တရာယ် အပေါင်းကို ဖျက်ဆီးတတ်ထသော၊ တံဗုဒ္ဓံ-ထိုမြတ်စွာ ဘုရားကို၊ သဒါ-အခါခပ်သိမ်း၊ နမေ-ရှိခိုးပါ၏။ အနေန ပုညေ န-ဤသို့ ရှိခိုးသောကောင်းမှုကြောင့်၊ သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေ သတည်း။

# ဤဘုရားသမိုင်းစာအုပ်တွင်

ကျိုက္ခမီဘုရားသို့ သိကြားမင်းဆက်ကပ်သောစ, မလေးလုံး အက္ခရာနှင့် ဖွဲ့ဆိုထားသည့် ဘုရားရှိခိုးဂါထာကို တစ်မျက်နှာ ဖေါ်ပြထားပါသည်။

ကျိုက္ခမီဘုရားနှင့်အတူ သိကြားမင်းက စ,မလေးလုံး အက္ခရာကပ်လှူသော ဘုရားပေါင်းနှစ်ဆယ့်ရှစ်ဆူ ရှိပါသည်။ ထိုဂါထာများကိုလည်း အပြည့်အစုံပါရှိအောင် ရှေးမူအတိုင်း-

၁။ စ, မ လေးလုံးအက္ခရာ

၂။ ဘုရားရှင်၏ ဘွဲ့တော်

၃။ တည်ရှိရာ အရပ်ဒေသ

၄။ ရည်မှန်းရမည့် ဘုရားရှင်

၅။ အဓိဋ္ဌာန်ပြုရမည့်နေ့

၆။ ဝတ်ပြုရမည့် အရပ်

၇။ ဝတ်ပြုရမည့် အချိန် တို့ကိုပါ ဤဘုရားသမိုင်း၏နောက်ဆုံးကဏ္ဍတွင် စနစ်တကျ ထည့်သွင်းဖေါ်ပြထားပါကြောင်း။ ။

**ကျိုက္ခမီ ရေလယ်ဘုရားကြီး ဂေါပကအဖွဲ့**

# နိဒါန်း

မွန်ပြည်နယ် သံဖြူဇရပ်မြို့ ကျိုက္ခမီရှိ ရေလယ်ဘုရားကြီး သည် မြန်မာနိုင်ငံတစ်ဝှမ်းလုံး လူသိများ ကျော်ကြားလှပြီး တန်ခိုး တေဇော်အာနုဘော် ကြီးမားသော သမိုင်းဝင် ဘုရားကြီးတစ်ဆူ ဖြစ်သည်။

ဘုရားကြီး၏ သမိုင်းစဉ်သည် ဂေါတမဗုဒ္ဓ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ် ကာလမှ ရှည်လျားကြာ ညောင်း ခဲ့ပြီး ဖြစ်လေသည်။ ဘုရားကြီးသည် အုံချီးဖွယ်ရာဂုဏ်တော် အဖြာဖြာနှင့် ပြည့်ဝကုန်လုံနေသည်သာမက ဗုဒ္ဓဘာ သာဝင် သူတော်စင်အပေါင်း တို့၏ နှစ်ကာလ အဆက်ဆက်ကပင် သဒ္ဓါကြည်ညို ပူဇော်ဝပ်တွားရာ အမိကရဋ္ဌာနလည်း ဖြစ်ပေသည်။

ယင်သို့ ဂုဏ်ထူးဝိသေသများနှင့် ပြည့်စုံပြီး နိုင်ငံ တစ်လွှား ကျော်ကြားသော ဘုရားကြီးတစ်ဆူသည် ကြီးကျယ်ရှည် လျားလှသည့် အတိတ်သမိုင်းကြောင်းကို ပီပြင်စွာဖော်ဆောင် ထား နိုင်သည့်နှင့်အမျှ ဘုရားကြီး၏ ဂုဏ်ကျက်သရေမှာ လည်း တက်နေဝန်းပမာ ပွင့်လင်းတိုး တက်လာမည်ဖြစ်သကဲ့သို့ ဘုရားဖူး လာရောက်သူ ရဟန်းရှင်လူများ အဖို့လည်း သဒ္ဓါတ ရားများ ပိုမို တိုးပွားနိုင်မည်ဖြစ်ပေသည်။

ကျိုက္ခမီရေလယ်ဘုရားကြီးသည် ရှည်လျားလှသော ရှေးအ တိတ်ဟောင်းကို နောက်တွင် ထားခဲ့၍ ခေတ်တစ်ခေတ် ဆီသို့ ရောက်ရှိ နေပြီဖြစ်သည့်အတိုင်း အဟောင်းအဟောင်း တို့နေရာတွင် အသစ် အသစ်တို့သည် မလွန်ဆန်နိုင်သော မမွတာသဘော အရ နေရာယူ ပေါ်ထွန်းလျက် ရှိနေပေသည်။

တန်ခိုးတော်ရှင် ကျိုက္ခမီရေလယ်ဘုရားကြီးအား ကြည်ညို သဒ္ဓါ ပွားလို၍ ဖူးမြော်ကန်တော့ရန် ရောက်ရှိလာကြ သော သူတော်စင် ရဟန်းရှင်လူများအဖို့ ဘုရားကြီး၏ စတင် တည်ထားပုံမှအစ ယနေ့ မျက်မှောက်ခေတ်အထိ အတိတ်, ပစ္စုန်ပ္ပန်, အနာဂတ် ကာလသုံးပါး စလုံး၏

အဖြစ်အပျက် အခြေအနေများကို ကုန်စင် ရှင်းလင်းစွာ သိရှိနိုင်ကြ ပါမူ ပိုမို အကျိုးများနိုင်ဖွယ်ရာ ရှိပေသည်။

ရှေးအတီးတော နှစ်ပေါင်း (၂၅၀၀)ကျော်ဆီက စတင်တည် ထားခဲ့သော ဘုရားကြီးသည် မူလမဆွက ပင်လယ်ပြင်ထဲရှိ ကျောက် ဆောင်ပေါ်တွင် မထင်မရှား ကိန်းဝပ်တော်မူခဲ့ရာမှ ယနေ့ဆိုလျှင် နှစ်ပေါင်းများစွာ ကြာလာပြီဖြစ်သည့်အတိုင်း ကြီးကျယ်ခိုင်ခံ့သော ဂန္ဓကုဋီတိုက် တော်ကြီး၊ ရွှေရောင်တဝင်းဝင်းနှင့် ရုပ်ပွားတော်ကြီးများ၊ အံ့ချီးဖွယ်ပြသဒ်တန်ဆောင်းကျောင်းကန်ဘုရားများ ဇရပ်ကြီးများအပြင် အကြောင်းကြောင်းကြောင့် ဘုရားကြီးပေါ်ရောက်ပြီး ဖူးမျှော်ခွင့် မရကြသူများ၊ ဘုရားဖူး ဧည့်သည်များအတွက် အဆင် ပြေ လွယ်ကူစွာ ဖူးမျှော်ကန်တော့နိုင်ရန်အလို့ငှာ အသစ်တည်ထောင် ဆောက်လုပ် ပြီးစီးသွားသည့် ကိုယ်ပွားတော် ဂန္ဓကုဋီတိုက်အသစ်ကြီး အပါအဝင် သမိုင်းဝင်သာသနိက အဆောက်အအုံကြီးများ သည် ပါရမီရှင် ဂေါပကလူကြီးများနှင့် ရဟန်းရှင်လူများ၏ လုံ့လ ဥဿာဟကြောင့် ဝမ်းမြောက်ဖွယ်ရာ အစီအရီ ပေါ် ထွန်းနေပြီးဖြစ်ပေသည်။

ထို့အတူပင် မူလက ရွာနီးချုပ်စပ်မှ ရဟန်းရှင်လူ

ဘုရားဖူးများ လာရောက်ဖူးမျှော်ပြီး တစ်နှစ်တစ်ခါ ကျင်းပမြဲ ဘုရားပွဲတော် အချိန် အခါတွင် အခြားမြို့ရွာများမှ ဘုရားဖူး များဖြင့်သာ စည်ကားနေလေ့ ရှိသော ဘုရားကြီးသည် ယခု အခါ၌ ဘုရားပွဲချိန် သာမန်အချိန်ဟူ၍မရှိတော့ဘဲနေ့စဉ်ပင် မြန်မာနိုင်ငံအနှံ့မှ လူမျိုးပေါင်းစုံ ဘုရားဖူး ဧည့်သည်များတို့ သည် ကားကြီး ကားငယ် အသွယ်သွယ်ဖြင့် ၏လာ ရောက်ဖူး မျှော်နေကြရာ ကျိုက္ခမီရေလယ်ဘုရားကြီးနှင့် ကျိုက္ခမီ မြို့ သည် ယခင်အခါများနှင့်မတူ များစွာ တိုးတက်စည် ပင်လျက် ရှိနေ ချေပြီ။

ထိုသို့ နိုင်ငံတော်အနှံ့ ကျော်ကြားပြီး ထောင်သောင်း မကသော ဘုရားဖူးဧည့်သည်များ နေ့စဉ်နှင့်အမျှလာ ရောက် ဖူးမြော်နေ ကြရသော တန်ခိုးတော်ရှင် ကျိုက္ခမီ ရေလယ် ဘုရားကြီး၏ ဂုဏ်တော် မြတ်နှင့် လျော်ညီသက် ဝင်မည့် ပြည့်စုံခိုင်ခံ့သော ဘုရားကြီးသမိုင်းတစ် စောင် အမြန် ဆုံး ရေသား ဖော်ထုတ်ရန် ဆန္ဒသည် ဂေါပကအဖွဲ့နှင့် တကွ စေတနာရှင် ရဟန်းရှင်လူများတွင် ပေါ်ပေါက်လာခဲ့ရ သည့် အတိုင်း ဤကျိုက္ခမီရေလယ်ဘုရားကြီးသမိုင်းကို သမိုင်း ပညာရှင် များ ဗဟုသုတ ကုံလုံကြွယ်ဝသူ ပညာရှိများ နှင့် စာပေရေးသားဖွဲ့ဆိုမှု၌ကျွမ်းကျင်လိမ္မာသောပုဂ္ဂိုလ်တို့ ၏

အကူအညီကို ရယူလျက် လက်လှမ်းမီးရာစာအုပ် စာတမ်းများကို အထောက်အကူပြု၍ အချိန်ယူ ရေးသားပြုစုခဲ့ပေသည်။

ဤသမိုင်းကို ရေးသားပြုစုရာတွင် ယခင်ရှိနေပြီးသော ကျိုက္ခ မီရေလယ်ဘုရားကြီးသမိုင်း စာအုပ်ကို အခြေခံကာ ခေတ်ကာလနှင့် မလျော်ညီတော့သော မူလကျမ်း အာဘော်ကို မထိခိုက်စေဘဲပြုပြင်ဖြည့်စွက်ရေးသားထားကြောင်း ဖော်ပြလိုပေသည်။

အထူးသဖြင့် တန်ခိုးကြီးဘုရားသမိုင်းတစ်စောင်တွင် ရှိသင့် ရှိအပ်သည့် သမိုင်းနောက်ခံ အကြောင်းအရာများ၊ တည်ရာဒေသ၊ ပထဝီဝင်နှင့် သမိုင်းဆိုင်ရာ အချက်အလက်များ၊ စေတီပုထိုးများ၊ သာသနိက အဆောက်အအုံများကို စာရှုသူ များကိုယ်တိုင် ကုသိုလ် သဒ္ဓါ ပွားများစေနိုင်ရုံသာမက သာသနာတော် အဓွန့်ရှည် တည်တံ့ သွားနိုင်ရန်အလို့ငှာ သာသနာရေးဆိုင်ရာ ဗဟုသုတများကိုပါရရှိသွားရန်အတွက် သီးခြား အစီအစဉ်များ ထည့်သွင်းဖော်ပြထားပေသည်။

ဤသမိုင်း ဖြစ်မြောက်ရေးအတွက် ဘက်ဘက်မှ ကူညီ အားပေးခဲ့ကြသော ရဟန်းပညာရှင် လူပညာရှင်များ

နှင့် စေတနာရှင် များအား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပေသည်။ အထူးသဖြင့် ဤသမိုင်းမူသစ်ဖြစ်ပေါ်လာရေးအတွက် အကြံဉာဏ် အားဖြင့်လည်းကောင်း စိတ်စေတနာ ထက်သန်စွာဖြင့် အားပေး ကူညီ ခဲ့သူ ဆရာကြီးဦးမြင့်(မုဒုံမြို့ ကန်ကြီးစေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ) နှင့် သံဖြူဇရပ်မြို့ စက်သစ်ရပ်နေ ဆရာကြီး ဦးဝမ်းထိန် (ပင်စင်) တို့အား အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

နေ့စွဲ ၁၉၉၇ ခု၊ မတ်လ ( ) ရက်

**ဂေါပကအဖွဲ့**

**ကျိုက္ခမီရေလယ်ဘုရားကြီး**

# ကျိုက္ကမီမြို့

## ပထဝီအနေအထား

### (က) တည်နေရာနှင့် အကျယ်အဝန်း

ကျိုက္ကမီမြို့ မွန်ပြည်နယ်မြို့တော် မော်လမြိုင်၏ တောင်ဘက် (၅၅)မိုင်အတွင် တည်ရှိပြီး သံဖြူဇရပ်မြို့၏ အနောက်မြောက်ဘက် (၁၅)မိုင် အကွာတွင် တည်ရှိပါသည်။ ကျိုက္ကမီမြို့၏ အရှေ့ဘက်တွင် ဝါခရုမြစ်နှင့် နှစ်ကိုင်းကျေးရွာ ဆင်တောင်ကျေးရွာ တောက်ဘက်တွင် မုတ္တမပင်လယ်ကမ်း ခြေ မြောက်ဘက်တွက် မုတ္တမပင်လယ်ကွေ့နှင့် နယ်နိမိတ် ဆက်စပ်လျက် ရှိပါသည်။ မြို့၏ နယ်နိမိတ်ကို အရှေ့ညာ ဘက်တွင် မုဒုံမြို့နယ်နှင့် ဝါခရုမြစ်ပိုင်းထားခြင်း ဖြင့်လည်း ကောင်း၊ ဆင်တောင်ကျေးရွာနှင့် ဝက်လေးချောင်း ပိုင်းခြား ထားခြင်းဖြင့်လည်း ကောင်း၊ တောင်ဘက်၊ အနောက်ဘက်၊ မြောက်ဘက်တို့တွင် မုတ္တမ ပင်လယ်ကမ်းခြေအား ဖြင့်လည်း ကောင်း ပိုင်းခြား သတ်မှတ်ထားပါ သည်။

ကျိုက္ကမီမြို့၏ အကျယ်အဝန်းမှာ တောင်နှင့်မြောက် အလျား (၄)မိုင်ခန့်၊ အရှေ့နှင့်အနောက်(၂)မိုင် (၁)ဖာလုံခန့်

စတုရန်းမိုင်ပေါင်း (၈ ဒသမ ၃၆) မိုင်ခန့် ရှိပါသည်။ မြေဧရိယာအားဖြင့် (၅၃၅၀)ဧက ဖြစ်ပါသည်။

(ခ)မြေမျက်နှာပြင်

ကျိုက္ခမီမြို့၏ မြေမျက်နှာသွင်ပြင် အနေအထားမှာ အရှေ့ နှင့်အနောက် မြောက်ဘက်ပိုင်းတွင် ရှည်လျားပြီး တောင်ဘက်ပိုင်းသို့ ကျဉ်းမြောင်းသွားသော ပုံသဏ္ဍာန်ရှိပါသည်။ တောင်နှင့်မြောက် ရှည်လျားပြီးမြောက်မှတောင်ဘက်သို့ရှည်မျော ကျဉ်းမြောင်းသော ဘဲဥပုံသဏ္ဍာန်ရှိ ပါသည်။ မြို့၏ ဧရိယာအတွင်းရှိ တည်င်တောင်တန်းမှာ မြောက်မှ တောင်သို့ ရှည်လျားဖြစ်ပေါ်လျက်ရှိပါသည်။ တောင်တန်း တောင်စွယ်များမှအပ ကျန်နေရာများတွင် များသောအားဖြင့် ညီညာ ပြန့်ပြူးနေပါသည်။ မြေမျက်နှင့်ပြင်အမြင့်မှာ ပင်လယ်ရေပြင် (၈၄ ပေ) မှ (၁၀၈ ပေ)အထိရှိပါသည်။

(ဂ) ရာသီဥတု

ကျိုက္ခမီမြို့၏ ရာသီဥတုမှာ ပင်လယ်ကမ်းခြေဒေသများ၏ သဘာဝအတိုင်း အပူအအေးမျှတပြီးပင်လယ်လေကောင်းလေသန့် ရရှိသော ပင်လယ်ကမ်းခြေမြို့ဖြစ်သည့် အလျောက် မြန်မာနိုင်ငံအရပ်ရပ်ရှိ မြို့နယ်အသီးသီးမှ

ဘုရားဖူးဧည့်သည်များနှင့် နိုင်ငံခြားသား များအထူးနှစ် သက်သည့် ပင်လယ်ကမ်းခြေမြို့ တစ်မြို့ဖြစ်ပါသည်။ရှုခင်း သာယာလှပခြင်းနှင့် လေကောင်းလေသန့် ရှူရှိုက်ခံစားရသည့် အတွက် ကြောင့် လည်းလွန်ခဲ့သည့် နှစ်ပေါင်း (၁၀၀) ကျော်အင်္ဂလိပ် အုပ်စိုးစဉ်က ကျိုက္ကမီရေလယ် ဘုရားကြီး ကုန်းတော်ပေါ်မှတစ်မိုင် ခွဲခန့်ရှည်သော ပင်လယ်ကမ်းခြေ တစ်လျှောက်တွင် နိုင်ငံခြားသားများ အခြေချ နေထိုင်ခဲ့သော နယ်ပိုင်မြို့ပိုင်ရုံးစိုက်ရာ မြို့ဟောင်းတစ်မြို့ ဖြစ်ခဲ့ပါသည်။

အနိမ့်ဆုံး အပူချိန်(၆၀)ဒီဂရီ ဖာရင်ဟိုက်မှ (၈၆) ဒီဂရီဖာရင် ဟိုက်အထိ ရှိပြီး အမြင့်ဆုံးအပူချိန်မှာ (၉၀) ဒီဂရီဖာရင်ဟိုက်မှ(၁၀၀) ဒီဂရီဖာရင်ဟိုက်အထိ ရှိပါသည်။ မိုးဦးရွာသွန်းမှုများမှာ များသောအားဖြင့် မေလ ဒုတိယပတ်လောက်တွင် စတင်ရွာသွန်းလေ့ရှိပြီး မိုးရေချိန် လက်မမှာ နှစ်စဉ်(၂၀၀)လက်မကျော် ရွာသွန်းသည့်အတွက် မိုးကောင်းသောဒေသဖြစ်ပါသည်။

○

## မွန်လူမျိုး

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအနက် ရှေးအကျဆုံးလူမျိုးစုမှာ မွန်လူမျိုး ဖြစ်ပါသည်။ မွန်တို့သည် မွန်ဂိုမျိုးနွယ် ဖြစ်၍ မွန်ခမာ အုပ်စုဝင်များ ဖြစ်ကြပြီး ဩစတြီ-အေရှတစ်ဘာသာစကားကို ပြောဆိုကြသည်။

မွန်လူမျိုးတို့သည် တရုတ်ပြည်အနောက်တောင်ပိုင်း၊ ယန်စီ မြစ်ဝှမ်းဒေသမှ တောင်ဘက်သို့ ပြောင်းရွှေ့လာကြသည်။ အချို့သမိုင်း သုတေသီတို့ကမူ မွန်ခမာ အုပ်စုဝင်များသည် နောက်ဆုံးအဆင့်၌ တုံကင်ပြည်နယ် (မြောက်ဗီယက်နမ်) မြစ်နီမြစ်ဝှမ်းဒေသမှ ပြောင်းရွှေ့လာကြသည်ဟု ယူဆကြသည်။

၄င်းတို့သည် သံလွင်မြစ်ကြောင်း၊ မဲခေါင်မြစ်ကြောင်းများဖြင့် တောင်ဘက်သို့ ဆင်းသက်လာကြသည်။ သံလွင်မြစ်ကြောင်းမှ ဆင်း သက်လာကြသည့် မွန်တို့မှာ ရှမ်းကုန်းပြင်မြင့်၌ ပလောင်၊ ဝ၊ ရီယင်၊ ဒနော လူမျိုးစုများ အဖြစ်အခြေချနေထိုင်ကြလေသည်။

ရှေးဖျားချီ အုပ်စုမှာ သံလွင်မြစ်ဝနှင့် စစ်တောင်းမြစ်ဝပတ်ဝန်းကျင်ဒေသတို့၌ နေထိုင်ကြလေသည်။ အခြားတစ်စုမှာမြန်မာနိုင်ငံ နှင့်ယူနန်ပြည်နယ် အစပ်တို့မှ အနောက်ဘက်သို့ ကွေ့သွားပြီးလျှင် အာသံပြည်နယ်နှင့်အိန္ဒိယ အရှေ့ဘက် ကမ်းခြေဒေသသို့ သွားရောက် အခြေချနေထိုင် ကြလေသည်။

အာသံပြည်နယ်သို့ ရောက်ရှိသော မွန်တို့မှာ ယခုအခါ အာသံပြည်နယ်တောင်ပိုင်းဒေသတွင်ခါဆီခေါ် တောင်ပေါ်သားများအဖြစ်ဆက်လက်နေထိုင်ကြ၍ အိန္ဒိယကျွန်းဆွယ် ဒေသသို့ ရောက်ရှိ လာသည့် မွန်တို့အနက် အချို့မှာ ဘင်္ဂလားပင်လယ်အောင်ကို ဖြတ် ၍ (မွန်ဂို၊ မွန်ဒိုင်၊ မွန်ည) ဟူ၍ မုတ္တမ၊ ဟံသာဝတီ၊ ပုသိမ်၊ မဏ္ဍလတို့၌ နေထိုင်သြည်ဟု အချို့သမိုင်းသုတေသီများက ကောက်ချက်ချသည်။

အချို့မှာ အခြားလူမျိုးစုတို့၏ ဖိနှိပ်ချုပ်ချယ်မှုကြောင့် အိန္ဒိယ အလယ်ပိုင်းတောင်ကုန်း ဒေသများတွင် မုန်ဒ(မန်ဒ) လူမျိုးတောင်ပေါ်သားများအဖြစ် ယနေ့ထက်တိုင် ဆက်လက်နေထိုင်ကြသည်။ မဲခေါင် မြစ်ကြောင်းဖြင့် ဆင်းသက်လာကြသည့် မွန်ခမာ ဒုတိယအုပ်စုမှာ မဲခေါင်မြစ်ကြောင်း အတိုင်း တောင်ဘက်သို့ ဆင်းသက်လာကြ၍ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသနှင့် အနောက်ဘက်တောင် ကုန်းဒေသများတွင် ခမာလူမျိုးများအဖြစ် တိုင်းပြည်တည်ထောင်ကြလေသည်။

ဤနည်းအားဖြင့် မွန်ခမာ ဘာသာစကားကို ပြောဆိုကြသည့် လူမျိုးစုများသည် အရှေ့တောင်ဒေသတစ်ခုလုံး ပျံ့နှံ့သည် သာမက အနောက်ဘက်တွင် အိန္ဒိယအလယ်ပိုင်း ဘေရာ ပြည်နယ်မှ အရှေ့ဘက် ဗီယက်နမ်နိုင်ငံအထိ ပြန့်ကြဲလျက်ရှိလေသည်။ တရုတ်ပြည်အနောက်တောင်ပိုင်းတွင် မွန်ခမာတို့၏အဆက်အနွယ်များဖြစ်ကြသောယာအိုနှင့်မိအာအို လူမျိုးတို့သည်ယနေ့ထက်တိုင်ရှိကြသေးသည်ကိုတွေ့ရသည်။

မဲနန်မြစ်ဝှမ်းဒေသို့ရောက်ရှိလာကြသော မွန်တို့သည် နကွန် ပထုံ (ပရပထုံ) ပွန်တိုက်၊ လော့ပုရိ၊ သောက္ကတဲ၊

ဒွါရာဝတီပြည်ကို တည်ထောင်ကြလေသည်။ မဲနန်မြစ်ဝှမ်းဒေသ၌ အခြေချနေထိုင်ကြသောမွန်တို့အနက်အချို့မှာအနောက်ဘက်သို့ ဦးတည်ပြီးလျှင် ဒေါနတောင်(ဒိုဟာန)တနင်္သာရီရိုးမတောင်တို့ကို တောင်ကြားလမ်းများ မှ ကျော်ဖြတ်၍ ရာမညဒေသသို့အရှေ့ဘက်မှ ဝင်ရောက်လာပြီးလျှင် တနင်္သာရီကမ်းမြောင် ဒေသ၊ သံလွင်၊ စစ်တောင်းနှင့်ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသတို့ ပျံ့နှံ့လာကြလေသည်။

၎င်းတို့၏ အင်အားစုမှာမြို့ပြ၊စာ(သို့မဟုတ်)ဇာနှင့်ကျေ ရွာများလောက်သာစည်းရုံးနိုင်၍ခမာတို့ကဲ့သို့နိုင်ငံတည်ဆောက်နိုင် လောက်အောင်အင်အားကြီးမားခြင်းမရှိချေ၊ သထုံ(သုဓမ္မဝတီ)မြို့ကိုတည်ထောင်၍အနီးပတ်ဝန်းကျင်ရှိကျေးရွာများကိုစည်းရုံးသိမ်းသွင်းခဲ့သည်။ဘာသာရေးတွင်မူကား စွဲလမ်း ရာရာကိုသာ ကိုးကွယ်ကြသည်။၎င်းတိုထဲမှာသံသရာဘေးမျှော်တွေးကြောင်ရွံ့သူများသည် အိမ်ရာထောင် သောလူ့ဘောင်ကိုစွန့်၍တောထွက်ကာရသေ့ရဟန်းပြုကြလေသည်။

၎င်းတို့ထက် ယဉ်ကျေးမှု အဆင့်အတန်းပိုမြင့် ၍ စည်းရုံးရေးတွင် အင်အားပိုမိုကြီးမားသူများအိန္ဒိယနိုင်ငံမှ ရောက်သည့်အခါယင်းတို့ကိုအကြီးအကဲအဖြစ်တင်မြှောက်

အုပ်ချုပ်မင်းလုပ်စေသည်။ မွန်တို့သည်မိမိတို့ပင်ကိုယဉ်ကျေးမှုကိုအမြဲထိန်းသိမ်းသွားလျက်မဇ္ဈိမဒေသ (အိန္ဒိယ) ယဉ်ကျေးမှုကို လက်ခံကျင့်သုံးကြလေသည်။

တည်းနည်းအားဖြင့်ဆိုသော် မိမိတို့ရှိရင်းစွဲယဉ်ကျေးမှု အပေါ်တွင် အိန္ဒိယ ယဉ်ကျေးမှုကို ထပ်ဆင့်ပြုပြင်အမွမ်းတင်နိုင်လေသည်။ ဤသို့ဖြင့် မဲနန်မြစ်ဝှမ်းဒေသမှ အိန္ဒိယနိုင်ငံနှင့်စီးပွားရေး၊ ဘာသာရေးနှင့် လူမှုရေးအားဖြင့် အဆက်အသွယ်ပြုလုပ်ရန် လွယ်ကူ သက်သာသော ထွက် ပေါက်ရှိရာ၌ လွန်စွာမြင့်မောက်ခြင်းမရှိသော ဒေါနတောင် တန်း၊ တနင်္သာရီရိုးမတောင်တန်းတို့ကို တောင်ကြားလမ်းများမှတဆင့် ဖြတ်ကျော်ပြီးလျှင် စစ်တောင်းနှင့်သံလွင်မြစ်ဝကျွန်းပေါ်ဒေသနှင့်တနင်္သာရီကမ်းမြောင်ဒေသတို့သို့ရောက်ရှိလာခြင်းဖြစ်ပေသည်။

ထိုစဉ်က ဒွါရဝတီပြည်တွင် မြောက်ဘက် လောပြည်၊ တောင်ဘက်ပရပထုံထိ၊အနောက်ဘက်ရာဇပုရိမှအရှေ့ဘက်ဇရချမ်းထိ ကျယ်ပြန့်၍ သုဝဏ္ဏဘူမိတိုင်း၏ ဗဟိုချက်မဖြစ်ရာသုဓမ္မဝတီ(သထုံ)မြို့သည်သုဝဏ္ဏဘူမိ တိုင်း၏ အနောက်ဘက်တံခါးပေါက် ဖြစ်သည်ဟု ဒေါက်တာထင်အောင်က

ကောက်ချက်ချလေသည်။ ပရပထုံ၌ တွေ့ရှိရသော စေတီ၊ ဆင်းတု ရုပ်ပွား၊ ရွှေပုရပိုက်နှင့် ရှေးဟောင်း ပစ္စည်းများ၊ လော့ပုရိကျောက်စာနှင့် မကြာမီက တွေ့ရှိသော လော ပြည် ကျိုက်ကော်စေတီကျောက်စာ တို့သည်ယူဆချက်များမှန်ကန် နေကြောင်း ခိုင်လုံသောအထောက်အထားများပေတည်း။

**မွန်ဒေသသို့ ဗုဒ္ဓသာသနာ တော်မြတ်နှင့် ဗုဒ္ဓယဉ်ကျေးမှု ရောက်ရှိလာပုံ**

မွန်ခမာလူမျိုးတို့သည် မိမိတို့၏ မူလနေထိုင်ရာ ဒေသဖြစ် သော တရုတ်ပြည် အနောက်တောင်ပိုင်းနှင့် ယန်စီကျင် မြစ်ဝှမ်းဒေသ တို့၌ နေထိုင်ကြစဉ်ကပင် ယဉ်ကျေးမှု အဆင့်အတန်း အတော်အတန် မြင့်မားကြသော်လည်း ကိုးကွယ်သည့် အယူဝါဒအားဖြင့် စွဲလမ်းရာရာ ကိုသာ ကိုးကွယ်ကြကြောင်း အထက်တွင် ဖော်ပြထားပြီးဖြစ်ပေသည်။

၎င်းတို့သည် သံလွင်မြစ်ကြောင်းနှင့် မဲနန်ဖြစ်ကြောင်း တို့မှ တစ်ဆင့် တောင်ဘက်သို့ ပြောင်းရွှေ့လာကြပြီးနောက် မြို့ရွာအိုးအိမ်သစ်တည်ထောင် အခြေစိုက်နေထိုင်ကြသောအခါ၌လည်း စွဲလမ်း ရာရာကိုပင် ဆက်လက်ယုံကြည်ကိုးကွယ်

ကြရာမှမဇ္ဈိမဒေသအိန္ဒိယ နိုင်ငံ၏ ယဉ်ကျေးမှုနှင့် ထိတွေ့ကြသောအခါမှ ဘာသာရေးတွင် အမြင်ပြောင်းလဲလာကြပြီး ဗုဒ္ဓဘာသာ-ဟိန္ဒူဘာသာနှင့် ရောပြွမ်းနေသော ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည် ကိုးကွယ်လာကြလေသည်။

သို့ဖြစ်၍မွန်ဒေသသို့ဗုဒ္ဓသာသနာတော် ဗုဒ္ဓယဉ်ကျေးမှု ရောက်ရှိလာပုံကိုသာသနာဝင်ကျမ်းများ၏အဆိုအရလေးကြိမ်လေးလီ ရောက်ရှိခဲ့ကြောင်း တွေ့ရှိရပေသည်။

**ပထမအကြိမ် ရောက်ရှိခြင်း**

ဂေါတမမြတ်စွာဘုရားသခင်သည်ဘိုးတော်အဥ္စနမင်းဖြို သော သက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဘုရားအဖြစ်သို့ ရောက်ရှိပြီးနောက် သတ္တဌာနၶ သတ္တသတ္တာဟ(ခုနစ်ရက်၊ ခုနစ်လီ)ကိုကုန်လွန်စေ၍ အဋ္ဌမသတ္တာဟ အဝင်တွင် ရာဇာယတန လင်းလွန်း ပင်ရင်း၌စံ နေတော်မူစဉ်မွန်တိုင်းဌာနဥက္ကလာပ (အဘိတဥ္စန)မှတဖုဿနှင့် ဘလ္လိကလှည်းကုန်သည်ညီနောင်နှစ်ဦးတို့ ရောက်လာကြ၍ ဘုရားရှင်အား ဆွမ်းဦးအဖြစ် မုန့်ကြွက် ကျစ်နှင့် ပျားဆွမ်းမုန့် တို့ကို လောင်လှူကြရာ ဘုရားရှင် မုန့်ဆွမ်း ဘုန်းပေးတော်မူပြီး

ကာလ သောက်တော်ရေ၊ သုံးတော်ရေ၊ ဆက်ကပ်တော်မူပြီး နောက် ဘုရားရှင်ကို ရှိသေမြတ်နိုး ရှိခိုးကြပြီးသော် အပြစ်လွတ်ရာ အရပ်၌ နေထိုင်ကြကုန်၏။

ဘုရားရှင်သည် ကုန်သည်ညီနောင်တို့အား တရားဟော တော်မူရာ ဒေသနာတော်အဆုံး၌ ကုန်သည်ညီနောင်တို့ ဒွေဝါစိကသ ရဏဂုံ၌ တည်ကြလေသည်။ ကုန်သည်ညီနောင်တို့အပြန်တွင် နေ့စဉ် ပြုစုပူဇော်နိုင်ရန် ဆံတော်ဓာတ် (၈) ဆူအား ပေးသနားတော် မူလေသည်။

ကုန်သည်ညီနောင်တို့ ဆံတော်ဓာတ်တော်တို့ကို ရွှေကြုတ် တို့၌ ထည့်သွင်းကြလျက် မိမိတို့မြို့သို့ ပင့်ဆောင်ခဲ့ပြီးလျှင် နေရင်းဒေ သသို့ ပြန်လည် ရောက်ရှိကြသော် ဥက္ကလာပ မင်းကြီးသိ၍ ဆံတော် ဓာတ်တို့ကို ခမ်းနားကြီးကျယ်စွာ ပင့်ဆောင်လေသည်။ မင်းကြီးလည်း ရှေးဘုရားသုံးဆူတို့၏ ပရိဘောဂများကို ဌာပနာထားရာဖြစ်သော သိင်္ဂုတ္တရကုန်း၌ သက္ကရာဇ် ၁၀၃ ခုနှစ်၊ တပေါင်းလဆန်း(၁၄)ရက်နေ့တွင် အပေါ်ဖိနပ်တော်(၃၃)တောင်၊ ဉာဏ်တော်(၁၈)တောင်ရှိ စေတီတော် ကို တည်ထားကိုးကွယ်ကြလေသည်။

ဤကား မွန်တို့ဌာနီသို့ သာသနာတော် ရှေးဦးစွာအစ ရောက် ရှိလာခြင်းပေတည်း။

## ဒုတိယအကြိမ်ရောက်ရှိလာခြင်း

မြတ်စွာဘုရားသခင်သည် (၈)ဝါမြောက်၊ ဘိုးတော် အဥ္စနမင်း ဖြို့ သက္ကရာဇ် (၁၁၁) ခုနှစ်တွင် ရှင်ဂဝံပတိ ပင့်လျှောက်သဖြင့်နောက် ပါရဟန္တာ(၅၀၀)လိုက်ပါလျက် သာဝတ္ထိပြည်မှသိဟိုဠ်၊ ထိုမှ စူမတ္တြားကျွန်း၊ အချင်းမြို့၊ထိုမှမာလာယုကျွန်းဆွယ်မလက္ကာမြို့။ ထိုမှမွန်တိုင်းဒေသဖြစ်သော ကမ္ဘောဇဋ္ဌာနီဒွါရာဝတီ (အယုဒ္ဓယ၊ လဝပူရီ၊ သုခေါဒယ)၊ ဟရိဘုဥ္စ(လဖုန်း)၊ ထိုမှတနင်္သာရီ၊ ထားဝယ်၊ ရေး၊ မော်လမြိုင်၊ မုတ္တမ နှင့် သုဓမ္မဝတီ(သထုံမြို့)သို့ ကြွရောက်တော် မူလေသည်။

သထုံမြို့၌ (၇)ရက်တိုင်တိုင် သီတင်းသုံးနေတော်မူစဉ် စုဝေး လာရောက် ကြည်ညိုကြကုန်သော ရဟန်းရှင်လူ နတ် ပရိတ်သတ်တို့အား တရားဒေသနာတော်များ ဟောကြား တော်မူ သဖြင့် များစွာသော ဘိက္ခု ဘိက္ခုနီ၊ ရသေ့သူတော် စင်တို့သည် မဂ်ဖိုလ်ရကြလေကုန်သည်။

ထိုပြင် မွန်တို့ဌာနီ သထုံပြည်နှင့် ပတ်ဝန်းကျင် ဒေသ တို့၌သာသနာတော် အဓွန့်ရှည်စွာ တည်မည်ကို မြင်၍ သဒင် သီရိ၊ ဥလက၊ နာရဒ၊ လောမ၊ သီလ၊ ဘာဂီယ ရသေ့ခြောက်

ဦးတို့အားစေတီတည်းထားကိုးကွယ်ရန် ဆံတော်ဓာတ်များ ပေးသနားတော်မူ၍ မဟာသီရိမာ သောကမင်း အဖို့ကား နောက် သုံးဆယ့်ခုနစ်နှစ်လွန်လတ်သော် မဟာ သက္ကရာဇ် ၁၄၈ ခုကဆုန်လပြည့်နေ့၌ ကုသိနာရုံပြည်၏ တောင်အကွေ့ မလ္လာမင်းတို့၏ အင်ကြင်းတော် ဥယျာဉ်၌ ငါဘုရားပရိနိဗ္ဗာန်ပြု လတ္တံ့။ ထိုအခါ ငါ၏ ရုပ်အလောင်းတော် တေဇောဓာတ်လောင်နေ စဉ် ငါဘုရား၏ အမိဋ္ဌာန်အားဖြင့်(သုံးဆယ့်သုံးချောင်းတွင်ဖြစ်သော) တစ်ချောင်းသော သွားတော်ဓာတ်ကို စန္ဒကူး ထင်းပုံထက်မှ ထုတ်၍ ဂဝံပတိမထေရ်သည် ဆောင်ခဲ့လတ္တံ့၊ ထိုဓာတ်တော်ကို (သင်မင်းကြီး တို့သည်ကော်ရော်ကြရကုန်လတ္တံ့)။ ဤသို့ ဗျာဒိတ်ပေးသနားတော်မူသည်။

ထိုအခါ ရှင်ဂဝံပတိမထေရ်သည် ဘုရားသခင်၏ အမိဋ္ဌာန်တော်ဖြင့် (သုံးဆယ့် သုံးချောင်းတွင် ဖြစ်သော) သွားတော်ဓာတ် တစ်ဆူကို စန္ဒကူးထင်းပုံထက်မှ ထုတ်လတ်၍ ကောင်းကင်းခရီးဖြင့် သွား လေပြီးသော် သထုံပြည့်ရှင်မဟာသီရိမာသောကမင်းအား ပေးလေ၏။

မင်းကြီးသည်လည်း သွားတော် ဓာတ်တစ်ဆူမှ ဖြစ်သော ဓာတ်တော်သုံးဆယ့်သုံးဆူကိုယူ၍ မြတ်စွာဘုရား လျှ

တော်မူစဉ်က ခုနစ်ရက်ပတ်လုံးသီးတင်းသုံးတော်မူဖူးသော အရပ်သို့ လူထုပရိသတ် နှင့်တကွ သွားပြီးသော် သိကြား လေးကိုင်းနှင့်တူသောတောင်ထွတ်ရှိသည့်အရပ်ကျောက်စေတီ (၃၃)ဆူ ဌာပနာ၍ စေတီ တည်ထားကိုး ကွယ်လေသည်။

**မှတ်ချက်** ။ ။ဘိုတော် အဇ္ဇနမင်းဖြိုသော သက္ကရာဇ်ကို မဟာသက္ကရာဇ်ဟူလည်းခေါ်ဝေါ်သည်။

## တတိယအကြိမ် ရောက်ရှိလာခြင်း

သာသနာသက္ကရာဇ် ၂၃၅ ခုနစ်တွင် မဇ္ဈိမဒေသ ပါတလိပုတ် ပြည်၌ ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကြီး မှူး၍ တတိယ သင်္ဂါယ နာတင်ပြီးနောက် ကိုးတိုင်း ကိုးဌာ နသို့ သာသနာပြုရန် ရဟန္တာအရှင် မြတ်များကို စေလွှတ်ရာ အမှတ်(၈)ဌာနဖြစ်သော သုဝဏ္ဏဘူမိတိုင်းသို့ ရှင်သောဏ မထေရ်နှင့် ရှင်ဥတ္တရမထေရ်တို့အား ရွေးချယ်စေလွှတ် တော် မူသည်။

ထိုအရှင်မြတ်တို့ ကြွတော်မူချိန်မှာ ထိုတိုင်းနိုင်းငံ၌ ဘီလူး ရက္ခိုက် ဘေးရန်ရှိနေ၍ နိုင်ငံရှင် ဘုရင်မင်းမြတ်၏ နန်းတော်မှ ဖွား တိုင်း ဖွားတိုင်းသော သတို့သားတို့ကို ဘီလူး

လာ၍ စားခဲ့ရာ မထေရ် မြတ်တို့ ကြွတော်မူခိုက်မင်း၏ နန်းတော်၌ သားရတနာဖွားမြင်သော အခါနှင့် ကြုံကြိုက်၍ မထေရ်မြတ်တို့ ကြွလာသည်ကိုပင် ထိုရက္ခိုက် များ၏ အသင်းအပင်းဟု ထင်ကြလျက် လက်နက်စွဲကာ လူအများစု လာကြသည်တွင် အရှင်များက အဘယ်ကြောင့် လက်နက်စွဲကိုင်လာလာကြသနည်းဟု မေးတော်မူရာ မင်းအိမ်မှ ဖွားတိုင်းဖွားတိုင်းသော ကလေးများကို ဘီလူးစားလေ့ရှိ၍ အရှင်တို့သည် ထိုဘီလူးအသင်းအ ပင်းဟု ထင်မှတ်ကာ လက်နက်စွဲကိုင်လာကြပါကြောင်း လျှောက်ထား ကြလေသည်။

မထေရ်မြတ်တို့က ငါတို့သည်ကား တရားဓမ္မသီလသီတင်း၌ မွေ့လျော် ကျင့်ကြံအားထုတ်ကြသော ရဟန်းများဖြစ်ကြကြောင်း လူအပေါင်းတို့အား ပြောပြနေစဉ် ပင်လယ်ရေပြင်မှ အခြံအရံနှင့်တကွ လာသောဘီလူးမကိုလူအများမြင်ကြသဖြင့်“အရှင်ဘုရားတို့ဘီလူးမများမင်းအိမ်၌ဖွားမြင် သောကလေးကို စားရန် လာကြပါပြီ” ဟုမြည်တမ်းကြသည်ကို ၄င်းတို့အားမကြောက်ရန်အားပေးစကားပြောကြားလျက် ထိုဘီလူးများထက် နှစ်ဆကြီးမားသောကိုယ်ခန္ဓာများ ဖန်ဆင်းကြပြီးလာသောဘီလူးမများကိုနှင်ထုတ်၍လူအများအားသက်သာရာရစေသည်။

ထို့နောက်ထိုဘီလူးတို့ ဘေးမှ ကာကွယ်စောင့်ရှောက်သွား တော်မူကာ စုဝေးရောက်လာကြကုန်သော ပရိသတ်တို့အား ဖြဟ္မဇာလသုတ် ဒေသနာတော်ကို ဟောကြားတော်မူသဖြင့် ခြောက်သောင်းသော သထုံမြို့သူ မြို့သားတို့သည် ဗုဒ္ဓဘာသာဝင် များဖြစ်လာကြသည့်ပြင် သုံးထောင်ငါးရာသော အမျိုးကောင်းသားများနှင့် နှစ်ထောင့်ငါးရာသော အမျိုးကောင်းသမီးတို့သည် ရဟန်းပြုကြကုန်၏။ သထုံမင်းလည်း ရဟန်းတော်များနှင့် ဘိက္ခုနီမများ သီတင်းသုံးနေထိုင်ရန် ကျောင်းများဆောက်လုပ်လှူဒါန်းလေသည်။

လူအများတို့ကလည်း ရဟန်းတော်တို့အား ကြည်ညိုလေးစား ကြလျက် အမြဲမပြတ် ဆည်းကပ်ကိုးကွယ်ကြ၏။ ရဟန်းတော်များကလည်း ဒါယကာဒါယိကာမတို့အား တရားဓမ္မများဟောပြောပြသကာသာသနာတော်၌သက်ဝင်ယုံကြည်စေလျက်၊ သူတော်ကောင်း တရားများ ပွားများ အားထုတ်စေလေသည်။ ၎င်းမထေရ်မြတ်တို့သည် မုတ္တမ၊မော်လမြိုင်၊ဇရား၊ ဝါဂရု လမိုင်း၊ ရေးစသော မြို့များသို့ ကြွရောက် သာသနာပြုကြလေသည်။

**မှတ်ချက်**။ ။ ဤသထုံမြို့သည် သုဓမ္မဝတီခေါ် ဖုံထမသ

ထုံမဟုတ်၊ ကေလာသတောင်ခြေ နှင့် ပင်လယ်ကမ်းခြေအကြားတည်ထားသောဒုတိယသထုံ(တိုက်ကုလား)ဖြစ်သည်။တိုင်းသူပြည်သားတို့သည် မြို့၏ အစွန်အဖျားရှိကျောင်းတိုက်များ၌ သီတင်းသုံးတော်မူကြသော အရှင်ကောင်းတို့အား ကြည်ညိုလှသဖြင့် "အာယဿမာ"(အရှင်ကောင်း အရှင်မြတ်) ဟုခေါ်ဆိုကြသည်ကိုအစွဲပြု၍ ယင်းအရပ်ကိုပင် "အာယဿမာ" ဟုခေါ်တွင်ရာမှ ကာလရွေ့လျော၍ယခုအခါအယက်သည်မဟုခေါ်တွင်ကြလေသည်။

**စတုတ္ထအကြိမ်ရောက်ရှိလာခြင်း**

အထက်တွင် ဖော်ပြထားသည့်အတိုင်း မွန်တိုင်းဒေသတို့ သာသနာတော် သုံးကြိမ်တိုင်တိုင် ရောက်ရှိလာ သော်လည်း ပိဋကတ် စာပေကား မရောက်သေးသဖြင့် ပရိယတ္တိသာသနာကားအခြေမခိုင်သေးချေ။မွန်တို့သည်လည်း အက္ခရာစာပေမရှိသေး၍ စာရေးစာဖတ် မတတ်ကြသေးချေ။

သာသနာသက္ကရာဇ် ၉၀၀ ကျော်လောက်၌ ဗုဒ္ဓသာ

သနာတော်သည် မဇ္ဈိမဒေသ(အိန္ဒိယ)၌ မဟာယာနဂိုဏ်းနှင့် ဟိနာယာနဂိုဏ်း(ထေရဝါဒဗုဒ္ဓသာသနာ)ဟူ၍အထင်အရှား ကွဲပြားလျက်ရှိသဖြင့် မဟာယာနဂိုဏ်းသည် မဇ္ဈိမဒေသ၏ မြောက်ပိုင်း၌လည်းကောင်း၊ ထေရဝါဒ ဗုဒ္ဓဘာသာသည် မဇ္ဈိမဒေသ၏ တောင်ပိုင်း သီဟိုဠ်ကျွန်း နှင့် မြန်မာနိုင်ငံ အောက်ပိုင်း ရာမညတိုင်းနှင့် မဲနန်မြစ်ဝှမ်း ဒွါရဝတီ နိုင်ငံတို့၌ လည်းကောင်း ရှေးအစဉ်အလာအတိုင်း မထေရ်မြတ်များ အဆက်ဆက် ဆောင်ရွက်တော်မူလာကြ၍ ခိုင်မြဲတည်တံ့စွာ ထွန်းလင်း၏။ သာသနာသက္ကရာဇ် ကိုးရာကျော်လောက် တွင် အိန္ဒိယ တောင်ပိုင်း ကစ္စတနားမြစ်ဝှမ်းရှိ တလင်္ဂနဒေသ၊ အမရဝတီပြည်၌ ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းကား၍ အမရဝတီ စေတီတော်ကြီးကို တည်းထားကိုးကွယ်ကြောင်း သာသနာဝင်ကျမ်းများ၌ ဖော်ပြထားသည်။

ထိုစဉ်အခါ၌ ရှင်မဟာဗုဒ္ဓဃောသ၊ ရှင်ဓမ္မပါလ၊ ရှင်ဗုဒ္ဓဒတ္တ စသော မထေရ်မြတ်တို့သည် ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သော ကျမ်းပြုဆရာများဖြစ်ကြသည်။ ရှင်မဟာ ဗုဒ္ဓဃောသသည် ပိဋကတ် သုံးပုံကို သီဟဠဘာသာ မှ ပါဠိဘာသာသို့ ပြန်ဆိုရေးသားတော်မူသည့်ပြင် ဝိသုဒ္ဓိမဂ်၊ အဋ္ဌသာလိနီ၊ သမ္မောဟဝိနောဒနီ၊ ပဥ္စကပရဏစသော အဘိ

ဓမ္မာကျမ်းများ၊ သမန္တ ပါသာဒိက မည်သော ဝိနည်း ငါးကျမ်း-အဋ္ဌကထာ၊ သုမင်္ဂလ ဝိလာသိနီ၊ ပ ပဉ္စသုဒနီ၊ သာရတ္ထ ပကာသနီ၊ မနောရထ ပူရဏီ၊ ပရမတ္ထဇောတိက၊ သဒ္ဓမ္မပ ဇ္ဇောတိက၊ ဝိသုဒ္ဓဇန ဝိလာသိနီ၊ စရိယပိဋက၊ဓမ္မပဒ၊ ဇာတက၊ ဇာတကတ္တကီ၊ နိဒါနစသော နိကာယ်ကျမ်း၊ အဋ္ဌက ထာများနှင့် ကင်္ခါဝိတရဏီတည်သော နိကာယ်ကျမ်း၊ အဋ္ဌက ထာများလည်း ပြုစုရေးသားထားလေ သည်။

ရှင်မဟာဗုဒ္ဓဃောသ မထေရ်သည် သာသနာသက္က ရာဇ် (၉၄၇)၊ (သာသနာသက္ကရာဇ် (၉၃၀) ဟူ၍လည်း မှုကွဲရှိသည်။) ခရစ် သက္ကရာဇ် (၄၀၃)ခုနှစ်တွင် ရာမညဒေသ၊ သုဝဏ္ဏဘူမိသို့ ပိဋကတ်သုံး ပုံ ပင့်ဆောင်လာခဲ့သဖြင့် ရာမည ဒေသရှိ ရဟန်းရှင်လူများ ပိဋကတ် သုံးပုံ ပါဠိတော်နှင့် အဋ္ဌ ကထာများကို လေ့လာသင်ကြားဆည်းပူးကြ ရသည့်ပြင်၊ မွန် တို့လည်း အက္ခရာ စာပေကို စတင်ရေးသား တတ် မြောက် လာခဲ့ကြ၏။ ထို့ကြောင့် ထေရဝါဒ သာသနာတော် တည်တံ့ ခိုင်မြဲသည်သာမက ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာ တော်သုံး ရပ်စလုံး အရှိန်အဟုန် ကောင်းစွာဖြင့် ဖွံ့ဖြိုးတိုးတက် လာလေသည်။

○

## ကျိုက္ခမီ ရေလယ်ဘုရားကြီး

**သမိုင်းအစ**

သုံးလူ့ထွက်ထား သဗ္ဗညုရှင်တော်မြတ်ဘုရားသည် ဘုရား အဖြစ်သို့ မရောက်မီ ရှည်ကြာသော ကာလကပင် ရာမညက ကရဏ္ဏ ကတိုင်း သုဘိန္ဓနုဂရ ဟုထင်ရှားသော ပြည်ကြီးရှိလေသည်။ ထိုပြည် တွင်မြတ်စွာဘုရားပွင့်တော်မမူမီ နှစ်ပေါင်း(၅၀)လောက် ကပင် တိဿ ရာဇာအမည်ရှိသော ဘုရင်မင်းမြတ်သည် ထီးနန်းကနုက်ကိုကို မပျက် မပြတ် စိုးစံတော်မူရာသီရိကပ္ပာမဟာဒေဝီ မဟေသီနာမံ တောင်နန်းစံ မိဖုရားကြီးမှာ သားတော်နှစ်ပါးထွန်းကားတော်မူသည်။

သားတော်ကြီးမှ ဖွားမြင်တော်မူစဉ်ကပင် လက္ခဏာ ဖတ် ပုရောဟိတ်ပုဏ္ဏားတော်တို့က ထိုမင်းသားသည် နူးညံ့သိမ်

မွေ့ခြင်း၊ ပညာ အရပ်ရပ်တို့ကို တတ်မြောက်ကျွမ်းကျင်ခြင်း၊ သူတော် သူမြတ်တို့၏အလေ့အလာ သိက္ခာတို့နှင့်ပြည့်စုံခြင်း ဂုဏ်တို့နှင့် ပြည့်စုံသော သားကောင်းရတနာတစ်ဦး ဖြစ်မည့် အကြောင်းကောင်းစွာ ဟောပြော နိမိတ်ဖတ်ကြသောကြောင့် ခမည်းတော် ဘုရားကြီးသည် အလွန်ပင် ချစ်မြတ်နိုးတော်သဖြင့် တိဿကုမာရဟု ဘွဲ့နာမတပ်လျက် ပေးအပ်သနားတော်မူ၏။ သားတော် အငယ်မှာမူ ခြသေ့်မင်း၏ စက်လက္ခဏာ ပါလျက် ဖွားဖြင်တော်မူသောကြောင့် သီဟကုမာရဟု ဘွဲ့နာမ တံဆိပ် ခတ်နှိပ်တော် မူလေသတည်း။

## မင်းသားနှစ်ပါး ရသေ့လုပ်ရန် တောထွက်ခြင်း

တိဿကုမာရ မင်းသား သက်တော် (၂၃)နှစ်၊ သီဟကုမာရ မင်းသား သက်တော်(၂၁)နှစ် ရှိကြသောအခါ တစ်နေ့သ၌ တိဿကုမာရနောင်တော်ကြီးကားသမ္မာသတိဉာဏ် အကြံဖြစ်တော်မူ၍ ညီတော်သီဟကုမာရကိုခေါ်ပြီးလျှင် တိုင်ပင်တော်မူသည်မှာနောင်တော်နှင့် ညီတော်တို့သည် ဒုလ္လဘ ငါးပါးတွင် လူ့ဘဝကို ရရန်မှာအလွန်ခဲယဉ်းခြင်းဖြစ် ပါလျက် ကုသိုလ်ကံအကြောင်းကောင်းမြတ်သဖြင့် ယခုလူ့ဘဝ

ကို ရကြပေသည်။ နောင်အနာဂတ်များစွာတို့၌လည်း ယခု ထက်တိုး၍ ကောင်းကျိုးမြင့်မြဲ ဆင့်တက်ကဲလျက် မဂ်ဖိုလ် နိဗ္ဗာန်၏ အခြေပြု ရုက္ခမူလ ကေစာရတည်းဟူသော တော တောင် ပျော်မွေ့ ရသေ့ ရဟန်းပြုလုပ်ကြပြီးလျှင် သိက္ခာသီလ နှင့်သမထ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းတို့ကို ကြိုးပမ်းအား ထုတ် စီးဖြန်းကြရသော် လျော်ကန်သင့်မြတ်မည်ဟုထင် မြင် သဘောရတော်မူသည်။ အကယ်၍ တိုင်း ပြည်နိုင်ငံနှင့် တကွ ထီးမွေနန်းမွေ ခံယူလေက ယွင်းသွေတိမ်းပါး မတရားခဲ့သော် ရှည်လျားသံသရာဝန်လေးစွာသော အကြောင်းများကို မိန့်ဆို မြွက်ကြား ဖော်ပြတိုင်ပင်တော်မူရာ ညီတော်မှလည်း နောင် ဘု ရားမိန့်ကြားတော်မူသည့်အတိုင်း သဘောတူသဖြင့် ညီ နောင်နှစ်ပါးတို့သည်ခမည်းတော်မယ်တော်တို့ထံ လျောက် ထား ခွင့်ပန်ပြီး သုဘိန္ဒ နဂရပြည်မှ အရှေ့တောင်အရပ် ဖြစ် သော ဂစ္ဆဂီရိတောင်စခန်းသို့ ကြွမြန်း၍ ရသေ့ပြုလျက် နေကြ ကုန်၏။

ဤသို့ နေထိုင်ကြရာ သီလသိက္ခာပြည့်စုံစွာနှင့်သမထ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းများကို အားထုတ်ပွားများတော်မူ ကြသောကြောင့် လ,ရက် မရှည်မကြာမီပင် လောကီဈာန် သမာပတ်ကို ရကြကုန်၏။ ထိုအခါ နောင်တော် ရသေ့ကြီးက

အကြံဖြစ်တော်မူသည် မှာ "ငါတို့ညီနောင်နှစ်ဖော် အတူတကွ နေခဲ့သော် သင့်လျော်မည်မဟုတ် တော်သင့်တော်ရာ တခြား စီခွဲခွာနေထိုင်မှ သင့်လျော်မည်" ဟုညီတော် အားမိန့်ကြား လေသော် ညီတော်ကလည်း သဘောတူသဖြင့် နောင် တော် တိဿရသေ့မှာ ယခုအခါ ဇင်းကျိုက်ဟုခေါ် ဝေါ် သော ဂဠုဂီ ရိတောင်၌လည်းကောင်း၊ ညီတော်သီဟရသေ့မှာ ယခု ဇွဲကာ အပင် ဗန္ဓဝဂီရိတောင်၌ လည်းကောင်း သီးခြားခွဲ ခွာနေထိုင် ကြလေသည်။ အကြောင်းတစ်စုံ တစ်ရာရှိခဲ့သော် မီးကိုပြရန် အမှတ်သညာထားကြကုန်၏။

## ထူးဆန်းသော နဂါးဥနှစ်လုံး

ထိုဂဠုဂီရိတောင် အနောက်ဘက် တောင်ခြေကမ်းပါး နှင့် မနီးမဝေးပင်လယ်ထဲတွင် သောင်ပတ်လည် ဝိုင်းရံလျက် ကျွန်းတစ် ကျွန်းရှိလေ၏။ ထိုကျွန်း၌ သစ်ပင် ပန်းမာလ်တို့ သည် ရာသီအလိုက် ဖူးပွင့် ကြပြီး အေးချမ်းငြိမ်းသက်သော အရိပ်အာဝါသနှင့် နေချင့်စဖွယ် သာယာလှသောကြောင့် ရေသတ္တဝါ အဟိတ်သား နဂါးမသည် ထို ကျွန်းသို့လာရောက် ပျော်မွေ့လေ့ရှိရာ တစ်ခါတစ်ရံ ဂဠုဂီရိ တောင် ခြေကမ်းပါးသို့ လှည့်လည်ကာ သွားလာတတ်လေ၏။ လူ့သဏ္ဌာန်ဖြင့်

ကြွန်အင်ရှပ်ပါလှပတင့်တယ်စွာ ဖန်ဆင်းကာ နေထိုင်လေ့ရှိသည်။ ထိုအချိန်တွင် ဟိမဝန္တာ၌ နေသော ဝိဇ္ဇာဓိုရ်လုလင်သည် ထိုဂဏ္ဍဂီရိတောင် သို့ အဆက်မပြတ် လည့်ပတ်သွားလာနေထိုင်လေ့ရှိရာ၊ အခါတစ်ပါး၌ နဂါးမနှင့် တွေ့ဆုံရာတွင် မေတ္တာယိုဖိတ် ရာဂစိတ်စောသဖြင့်ကိုယ်လက်နှီးနှောမိလေရာ နဂါးမ၌ မဋ္ဌိသန္ဓေ တည်နေစွဲကပ်လေ၏။ နဂါးမသည် ပဋိသန္ဓေ ရင့်မာသည့်တိုင်အောင် စောင့်လင့် ဆိုင်းငံ့ပြီးမှ ဥကို ချချိန်ကျသဖြင့် ထိုကျွန်းမှာပင် ဥနှစ်လုံးကို ချထားစွန့်ပစ်ခဲ့ပြီး နဂါးပြည်သို့ ပြန်သွားလေ၏။

ထိုသို့ နဂါးမ ပြန်သွားပြီးနောက် မကြာမီ တိဿရှင်ရသေ့ သည် ပင်လယ်ကမ်းပါးသို့ ခြေညောင်းလက်ဆန့်သွားလာရာတွင် ဥနှစ် လုံးကို မြင်ရလေသော် ထူးဆန်းသော ဥများဖြစ်မည်ဟု ယူဆ၍ ဥနှစ် လုံးကို ယူဆောင်ပြန်လေရာ ညီတော် သီဟရသေ့ကို မီးရှုပြခေါ်ပြီး ညီတော်ရောက်လာလျှင် မိမိတွင် ဥတစ်လုံး၊ ညီတော်အား ဥတစ်လုံး အသီးသီး ခွဲဝေ ယူလိုက်ကြလေ၏။ သက္ကရာဇ် ၈၉-ခု မြောက်တွင် ညီတော် သိမ်းထားသည့် ဥမှ လူယောကျ်ားတစ်ဦး ဖွားမြင်၍ နောင် တော်၏ဥမှလည်း ညီတော်၏ ဥဖွားချိန်ထက် တစ်နာရီ ခန့်စော၍လူယောကျ်ားငယ်တစ်ဦးကိုအသီးသီးဖွားမြင်လေ၏။

နဂါးဥမှ ပေါက်ဖွားခဲ့သော ကလေးနှစ်ဦးသည် မိခင်မရှိသော်လည်း ရသေ့နှစ်ပါး၏ သီလ, သမာဓိဂုဏ်ဖြင့် အဓိဋ္ဌာန်ပြုခြင်းကြောင့် လက်ညှိုးမှ ထွက်သော နို့ရည်များကို သောက်စို့ရသဖြင့် တဖြည်းဖြည်း ကြီးပြင်းလာကြလေသည်။ သူငယ်နှစ်ယောက်(၁၀)နှစ်အရွယ်သို့ ရောက်သောအခါ ညီတော်ရသေ့ မွေးမြူထားသော ကလေးသည် ကျောက်ရောဂါစွဲကပ်၍ သေဆုံးသွားပြီး မိထိလာပြည်၌ အတုလ သူဌေးသုမနဝမ်းထဲ၌ ပဋိသန္ဓေ စွဲနေပြန်သော် ဘိုတော်အဥ္စနမင်းကြီး သည် သက္ကရာဇ် ၈၆၄၅ ကိုဖြိုပြီးနောက် ၁၀၀ ပြည့်မြောက်သောနှစ်၌ ဖွားမြင်ပြန်သည်။

## ဂဝံပတိ ရဟန္တာ ဖြစ်လာခြင်း

ထိုသူငယ် (၈)နှစ်အရွယ်ကို ရောက်လေလျှင် သဗ္ဗညုမြတ် စွာဘုရားသည် သက္ကရာဇ် ၁၀၃-ခုနှစ်၌ပွင့်တော်မူပြီး (၅) ဝါမြောက် တွင် မိထိလာပြည်သို့ ဒေသစာရီကြွချီတော်မူလာသည်။ ထိုအခါ ပြည် သူပြည်သားအများတို့အား တရားရေအေး တိုက်ကျွေးလျက် ကယ် ချွတ်တော်မူရာ၊ ထိုသူငယ်သည် မြတ်စွာဘုရားထံ ဆည်းကပ်ခံစား၍ တရားထူး

တရားမြတ်နာကြားရသဖြင့် ရှေးဘဝပါရမီ အဟုန်ကြောင့် မကြာမီပင် ဂဝံပတိ သာမဏေဖြစ်လာပြီး " ဂဝံပတိ ရဟန္တာ" ဟု ထင်ရှားစွာ ဖြစ်လာ၏။

**တိဿဓမ္မသီဟရာဇာမင်း ထီးနန်းစိုးစံခြင်း**

သက္ကရာဇ် ၁၁၀ပြည့်နှစ်တွင် သုဘိန္နနဂရပြည်ကြီးရှင် တိဿ မင်းကြီးသည် နတ်ရွာစံတော်မူရာ မှူးမတ် သေနာပတိ တို့က ထီးနန်း အရိုက်အရာခံမည်သူမရှိသဖြင့် ရသေ့ညီနောင် နှစ်ပါးထံ အမြန်သွား ရောက်ပြီး တိုင်းပင်နှိုးနှော ကြလေ၏။ မှူးမတ်များက "ယခုအခါတွင် အရှင်မြတ်တို့ ခမည်းတော် မင်းတရားကြီးသည် လူ့ပြည်ညောင်း၍ နတ်ရွာသို့ ပြောင်း ရွှေ့စံတော်မူခဲ့ပြီး ကျန်ရစ်သည့် ထီးနန်းအမွေအနှစ်ကို အရှင်မြတ်တို့မှ တစ်ပါး အခြားဆက်ခံ စိုးစံထိုက်သူမရှိပါ။ ထို့ကြောင့် တိုင်းနဂရသို့ မြန်းထွက်၍ ထီးနန်းအမွေကို ဆက်ခံ စိုးစံ တော်မူပါမည့်အကြောင်း" လျှောက်ထားတောင်း ပန်ကြကုန်၏။

နောင်တော်ရသေ့ကြီးက "ငါတို့ညီနောင်နှစ်ပါးသည် တရား မမ္မနှင့် မွေ့လျော်လို၍ အလေ့ဝသီ လောကီရိပ်ငြိမ် စည်းစိမ်ချမ်းသာညွှန်တဏှာကိုလွန်စွာစက်ဆုပ်ခြင်းကြောင့်

ထီးနန်းအမွေအနှစ်ကို မခံစားလိုဘဲ စွန့်ခွာပစ်ခဲ့ပြီးဖြစ်လေသည်။ သို့ရာတွင် ငါတို့၏ ကိုယ်စား ကိတ္တိမသား နဂါးဥမှ မွေးသော ယောကျ်ားမြတ်ကို ထီးနန်းပေးအပ်လိုသည်၊ မှူးမတ်အများတို့က သဘောတူညီကြမည်လော ဟု မိန့်တော်မူ၏။

ယင်းသို့ မိန့်တော်မူသောအခါ မှူးမတ် သေနာပတိတို့က ခမည်းတော် ရွှေနန်းရှင် ဘုရင်မင်းမြတ်၏ ထီးနန်းတိုင်းပြည်၏ အမွေကို ခံစားမည့်သားတော်များမှာအရှင်မြတ်ညီနောင်နှစ်ပါးသာဖြစ်သော်လည်းအရှင်မြတ်တို့ကိုယ်စားကိတ္တိမသားကိုခန့်ထားပေးအပ်မည်ဆိုလျှင် မပယ်မလှန်မငြင်းဆန်လိုဘဲ သဘောတူညီ ပါကြောင်း လျှောက်ထားကြပြီးနောက် နေ့ရက် မကြာမီ သုဘိန္ဒနဂရပြည် ထီးနန်းဟောင်းကို ပြန်လည်ပြုပြင်၍ နဂါးမရင်နှစ် တိဿရှင်ရသေ့၏ ကိတ္တိမ သားဖြစ်သော အသက် ၂၀နှစ် ရှိသူငယ်ကို ပွဲကြီးသဘင်ဆင်ယင်ကျင်းပ၍ ထီးနန်းအပ်နှင်းကြကုန်၏။ ထိုမင်း၏ဘွဲ့တော်မှာရသေ့ညီနောင်နှစ်ပါးတို့၏ဘွဲ့တော်နှစ်ခုပေါင်းစပ်၍ တိဿမွေသီဟရာဇာဟု ဘွဲ့နာမံတံဆိပ် ခတ်နှိပ်တော်မူ၏။တိုင်းပြည်၏အမည်ကိုလည်း အလယ်ချက်၌ ရွှေထွက်သောချောင်းရှိသဖြင့်သုဝဏ္ဏဘူမိဟုခေါ် ဆိုသမုတ်ကြလေ၏။

## ဂဝံပတိရဟန္တာ သုဝဏ္ဏဘူမိသို့ ကြွလာခြင်း

ဂဝံပတိရဟန္တာသည် အတိတ်ဘဝဟောင်းက နောင်တော် ဖြစ်ဖူးသူမှာ သုဝဏ္ဏဘူမိပြည်တွင် မင်းအဖြစ်သို့ ရောက်နေကြောင်း သိတော်မူနေလျှင် တွေ့မြင်လိုသောဆန္ဒ ပြင်းပြ၍ မြတ်စွာဘုရားထံ ခွင့်ပန်ပြီး သက္ကရာဇ် ၁၁၀ပြည့်နှစ်တွင်ပင် ကောင်းကင်ခရီးဖြင့် ဈာန် ယာဉ်စီးကာ သုဝဏ္ဏဘူမိပြည်သို့ ရောက်တော်မူလာသည်။ ထိုအခါ တိဿဓမ္မသီဟရာဇာမင်းက ဂဝံပတိရဟန္တာအရှင်မြတ်ကို မည်သည့်အမျိုးအနွယ်မှမည်သူဖြစ်ကြောင်းမေးမြန်းရာတွင်အတိတ်ဘဝဟောင်းကအကြောင်းဆုံဆည်း၍မင်းကြီးနှင့် ညီရင်းအစ်ကိုတော်ဖူးကြောင်း၊ ငါကားညီ၊ ဒကာတော်မင်းကြီးက အစ်ကိုတော်ဖြစ်ကြောင်း၊ ယခု ပစ္စက္ခဘဝမှာ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်တင် မြတ်စွာဘုရား နှင့်တွေ့ရပြီး၊တရားထူးတရားမြတ်ကို နာကြားရသဖြင့်ဂဝံပတိရဟန္တာဖြစ်လာကြောင်းကို အကြောင်းဥဿုံ အလုံးစုံဖြင့် ဖြစ်ပျက်သမျှကို ပြန်ပြောင်းမိန့်ကြားတော်မူ၏။

ထိုအခါ တိဿဓမ္မသီဟရာဇာ မင်းကြီးသည် အလွန်တရာအံ့ဩဝမ်းမြောက်ခြင်းဖြစ်၍ ဤသို့ မှန်လျှင် အရှင်မြတ်သည်လူတို့၏အထွတ်အထိပ် ဖြစ်တော့မည်ဟုလျှောက်ထား

လေရာ ဂဝံပတိ ရဟန္တာ က "ငါသည် လူတို့၏အထွတ်အထိပ် မဟုတ်သေး၊ လူ့ပြည်နတ်ရပ်မနှိုင်းအပ်မနှိုင်းရာဘဂဝါ ရှင်စောသုံးလောက ဓမ္မရာဇ်သခင် သင်းကျစ်သရဖူဖြစ်တော် မူသော ဘုရားရှင်ကိုယ်တော်မြတ်သည် အထွတ် အထိပ်၊ အရဟံအစ ဘဂဝါ အဆုံးရှိသော ကိုပါးသော ဂုဏ်တို့ နှင့် ပြည့်စုံတော်မူကြောင်း၊ ရာဇဂြိုလ်ပြည်၌ ဝေနေယျသတ္တဝါ အများတို့အား တရားရေအေး အမြိုက်ဆေး တိုက်ကျွေးလျက် ရှိနေကြောင်းတို့ကို မြွက်ဟ ဟောကြားတော်မူလေလျှင် မင်း ကြီးနှင့်တကွ မှူးမတ်သူဌေး သူကြွယ် ပြည်သူပြည်သား များတို့ မှာဖရဏာပီတိဂွမ်းဆီထိသည့်ပမာပီတိသောမနဿ သဒ္ဓါ ဟုန်ကြွ၍ သရဏဂုံ ပဥ္စသီလကို ခံယူ ကြပြီးလျှင်၊ အထပ်ထပ် သော စေတနာများ နှိုးဆော်သည်ဖြစ်၍ "အရှင်မြတ်ဘုရား သုံးလောကသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို တပည့် တော်တို့သည် ကြည်ညိုသဒ္ဓါ ကုသိုလ်တရားများ ပွားများ နိုင်စေရန်အလို့ငှာ တွေ့မြင်ဖူးမြော်လိုပါသည်။ အမြန်မကြာ ဖူးတွေ့ကြံ့ အောင်ပင့်ဖိတ်ပေးတော်မူပါဘုရား" ဟု ဝပ်တွားခ ယအသနားခံကြကုန်၏၊ဂဝံပတိရဟန္တာမြတ်လည်းကောင်းပြီ ဟု ဝန်ခံတော်မူ၍ ရာဇာဂြိုလ်ပြည်သို့ ပြန်ကြွသွားလေသည်။

## မြတ်စွာဘုရား သုဝဏ္ဏဘုမ္မိသို့ ဒေသစာရီကြွတော်မူခြင်း

ဂဝံပတိ ရန္တာသည်ရာဇဂြိုလ်ပြည်သို့ ရောက်စဉ်က သုဝဏ္ဏ ဘုမ္မိပြည့်ရှင် တိဿဓမ္မသီဟရာဇာ မင်းကြီးနှင့်တကွ မှူးမတ် ပြည်သူ အများတို့၏ လျှောက်ထားတောင်းပန်ချက်အရ သုဝဏ္ဏ ဘုမ္မိပြည်သို့ ဒေသစာရီ မြန်းချီကြွရောက်ပါမည့် အကြောင်းခညောင်းဝပ်လျှိုး ရှိခိုး လျှောက်ထားလေလျှင် သုံးလောကသခင် ဘုရားရှင်ကညာဏစက္ခု သဗ္ဗ ညု ရွှေဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူပြန်ရာ သုဝဏ္ဏဘုမ္မိပြည်နှင့် ယောနကတိုင်းသာဂလပြည်များမှာ ဘုရားသာသနာတော် ပေါ်ထွန်း ပွင့်လင်းမည့်အကြောင်းကို မြင်တော်မူ၍ ဒေသစာရီကြွချီတော်မူမည့်အကြောင်း ခွန်းဟာမိန့်ခြွေတော်မူ၏။ ထို့ကြောင့်သက္ကရာဇ် ၁၁၁ခုနှစ်၊ဟောမန္တဉတု ၊တန်ဆောင်မုန်းလ အတွင်းရဟန္တာပေါင်း (၅၀၀)နှင့်တကွ ဒေသစာရီ ကြွချီတော်မူလေရာယောနကတိုင်းကြင်မိုင်းမြို့သို့ရောက်ရှိ လေ၏။

---

* သမိုင်းသုတေသီများက မုတ္တမ (၃၂) မြို့အပါအဝင်ကျိုင်းမြို့ ဟု ယူပါသည်။ ယင်းမြို့သည်ယခု ပေါင်မြို့နှင့် မြဝတီမြို့အကြား တစ်နေရာတွင် ရှိလေသည်။

ကြင်မိုင်းမင်းတွင် တောင်နန်းစံနှင့် မြောက်နန်းစံ မိဘုရားနှစ်ပါးရှိရာတောင်နန်းစံမိဘုရားမှ သားတော်တစ်ကျိပ်၊ မြောက်နန်းစံ မိဘုရားမှ သားတော်တစ်ကျိပ် ပေါင်းနှစ်ကျိပ် ရှိလေ၏။ ထိုမင်းသား ညီနောင် နှစ်ကျိပ်တွင် အကြီးဆုံး မင်းသားသည် မြတ်စွာဘုရားအား ရှေးဦးစွာပင် ဖူးတွေ့ ကြုံ ရ၏။ ထိုစဉ် သုံးလောကသခင် သဗ္ဗညုရှင် တော်ဘုရား ဖြစ်

---

ဂဝံပတိကျမ်း (မွန်ဘာသာ) အဆိုအရ မြတ်စွာဘုရား သခင်သည် ယိုးဒယား၊ သောဝတ္တသဲ၊ ဒွါရဝတီနိုင်ငံများမှ တစ်ဆင့် ထားဝယ်၊ ရေး၊ လမိုင်း မြို့များမှ နောက်တော်ပါ ရဟန္တာ (၅၀၀) နှင့် တကွ ကြွချီ တော်မူလေရာ စက်စဲ ကမ်းခြေသို့ ရောက်၍ ပင်လယ်ဘက် မျက်နှာမူလျက် ခေတ္တအပန်းဖြေနေစဉ်၊ အလွန်တရာ၊ ကြီးမားသော ဒီလှိုင်းကြီးများသည် ဘုရားရှင်နှင့် ရဟန္တာများ အနီးသို့ ရောက်လျှင် ဦးညွှတ်ပြီး ပင်လယ်ထဲသို့ ပြန်၍ဆင်းသွားသည်ကို အံ့ဖွယ်သရဲ မြင်တွေ့ရသောရွာသူရွာသားများသည် "ကျိုက်အစော" (အံ့သြဖွယ်ကောင်းသောဘုရား) ဟု မြည်တမ်းပြောဆိုကြလေသည်။ ထိုမှ ဝါဂရုသို့ လည်းကောင်း၊ တဖန် ကျိုက်ကမီတောင် စွယ် တစ်နေရာသို့လည်းကောင်း၊ ထိုမှယခု ဘုရား ကြီးတည်ထားသော ကျောက်ဆောင် ပေါ်သို့လည်းကောင်း ၊ ကြွမြန်းမာ နေ့သန့်စင်တော်မူလေ သည်။ စက်စဲတွင် ဆံတော်တစ်ဆူ၊ ဝါဂရုတွင် ဆံတော်နှစ်ဆူ ပေးသနားသွားကြောင်း ဖော်ပြပါရှိသည်။

ကြောင်းကို သိရသော် ကြည်ညိုသဒ္ဓါများ ပွားများလာပြီး နောင်အစဉ် မပြတ် ရည်မှတ်ကိုးကွယ်နိုင်ရန် ကိုယ်တော်စား အဖြစ်တစ်စုံတစ်ရာ ပေးသနားတော်မူပါမည့်အကြောင်း တောင်းပန်လျှောက်ထားသည် တွင်ဘုရားရှင်က တွေးဆတစ် ဖန် ရွှေညာဏ်တော် စက္ခုဖြင့် မျှော်ရှု ထောက်ထားပြီး ဆံတော် တစ်ဆူကို ပေးသနားတော်မူ၏။ ကျန်သောမင်းသားတစ်ကျိပ် ကိုးပါးနှင့်ကပ္ပိန္နရသေ့တို့ကလည်းဘုရားရှင်ထံ ဆည်းကပ် ခိုဝင်ပြီးလျှင် နောင်တော်ကြီး နည်းတူဆံတော်တစ်ဆူကျစီ ရလိုကြောင်း ခညောင်းဝပ်တွားလျှောက်ထားကြရာတွင် မြတ်စွာဘုရားက ရွှေကြုတ်တစ်ခုစီပြုလုပ်၍ ရှေ့တော်မှောက် ရောက်ကြပြန်ရာ ရသေ့ကြီးနှင့် တကွ မင်းသားတစ်ကျိပ် ကို ယောက်တို့သည် ဘုရားရှင်ထံမှ ဆံတော်တစ်ဆူစီကို ပေးသ နားခြင်းခံရလေ၏။ ထို့နောက်ဘုရားရှင် သည်ကျိုက်ခမီမြို့ နှင့် သုံးတိုင်ကွာ တောင်ပိုင်းတောင်သို့လည်းကောင်း၊ တစ်ဖန် ကောင်း မြတ်ဆန်းကြယ် တင့်တယ်စွာရှိသော ယခုရေ လယ် ဘုရားကြီး တည်ထားသည့် ကျောက်တောင်ပေါ်သို့ လည်း ကောင်း ကြွရောက်နေသန့်တော်မူပြီးမှ သုဝဏ္ဏဘူမိသထုံပြည် သို့ ကြွ သွားတော်မူလေသည်။

## စေတီတည်၍ ဆံတော်များကို ဌာပနာခြင်း

ကြင်းမိုင်မင်း၏ သားတော်နှစ်ကျိပ်တို့သည် မိမိတို့ ကိုယ်စီကိုယ်ငှရရှိခဲ့ကြသောဆံတော်မြတ်တို့ကိုအစဉ် အဆက် ကိုးကွယ်ရန် စိတ်ဆန္ဒရှိသည့်အတိုင်း စေတီတစ် ဆူတည်၍ ဌာပနာနိုင်ရန် နေရာကောင်းနေရာမြတ်တို့ကို ရှာဖွေကြ သောအခါ ယခုရေလယ်ဘုရား ကြီးတည်ရာ ကျောက်ဆောင် ၌သန့်ရှင်းစင်ကြယ် ထူးဆန်းတင့်တယ် သောဂူကိုတွေ့မြင် နိုင်ကြရကုန်၏။ ထိုအခါ ကပ္ပိန္နရသေ့ကြီးနှင့်တကွ မင်းသား နှစ်ကျိပ်တို့သည် အထူးထူးသော ပွဲလမ်းသဘင် ဆင်ယင် ကျင်းပလျက်အမွှေးအကြိုင်နံ့သာ ဆီမီးတို့ဖြင့် တစ်လပတ်လုံး ပူဇော် လှူဒါန်းကြပြီးမှ မိမိတို့ရရှိကိုးကွယ်ကြသော ဆံတော် (၁၁)ဆူတို့ကို ဌာပနာရန်ရွှေကြုတ်(၁၁)လုံး နှင့် အောက်ခံ ကလာပ် (၁၁) ချပ်တို့ကို ထပ်မံ ပြုလုပ်ကြ၏။

ကလာပ်၏ ပမာဏမှာ အမြင့် (၁၆) လက်သစ်၊ အကျယ် (၁၆) လက်သစ်၊ ရွှေကြုတ်၏ ပမာဏမှာ အမြင့် (၂၁) လက်သစ်၊အကြယ် (၁၄) လက်သစ် ဖြစ်ပြီးအဖိုးမဖြတ် နိုင်သော ရွှေ စိန်၊ ပတ္တမြား၊ မြ၊ နီလာ၊ ကျောက်စိမ်း အမျိုး မျိုးရတနာတို့ဖြင့်အဆန်းတကြယ် ပြုလုပ်စီရင်ထားကြကုန်၏။

ထိုသို့ များပြားလှစွာသောရတနာအမျိုးမျိုးတို့နှင့်တကွ အဖိုးတစ်သိန်းထိုက်သော ကောတုမ္ဗရာဇ်တိုင်းဖြစ်အဝတ် ပုဆိုးများ ပေါ်တွင်အဖိုးတစ်သိန်းထိုက်သောစန္ဒကူးမှုန့်တို့ကို ဖြန့်ခင်းလျက်ပထမ ရွှေကြုတ်ငယ်များကို နောက်ထပ်ပြုလုပ်သော ရွှေကြုတ်ကြီးများအတွင်း ထည့်ပြီးလျှင် ဂူထဲ၌ ဌာပနာကြလေသည်။ ထိုမှတစ်ပါး (၄) လက်မခန့်ရှိသော စိန်နှင့် ပတ္တမြားကို မြတ်စွာဘုရားသဏ္ဌာန်တော် နှစ်ဆူထုလုပ်၍ လည်းကောင်း၊ ရသေကြီးနှင့်တကွ မင်းသား နှစ်ကျိပ်တို့သည် စိန်ပန်း၊ ငွေပန်းများနှင့် ပူဇော်ကန်တော့ဟန် ပုံသဏ္ဌာန်များကို ရွှေသားဖြင့် သွန်းလုပ်၍လည်းကောင်း ဌာပနာကြပြန်သည်။ ထို့နောက် ဂူ၏အပေါ်၌ ဖိနပ်တော် (၁၅) တောင်၊ အမြင့် (၁၈) တောင်ရှိသော စေတီတော်တစ်ဆူကို တည်ထားကိုးကွယ်ကြပြီး၊ ဆံတော် (၁၁)ဆူတို့ကို ဌာပနာထားသည်ကို အစွဲပြု၍ "ဧကာဒသစေတီတော်" ဟု ဘွဲ့တော်တံဆိပ်ခတ်နှိပ်ကြကုန်၏။ ကျန်ဆယ်ဆူသော ဆံတော်များ ဌာပနာ၍ စေတီတော်တည်ရာအရပ်ကို ရှာဖွေကြပြန်ရာယခု မော်လမြိုင်မြို့ အထက် မြစ်မကြီး နှစ်ထွေခွဲအကွာတောင်တန်းကြီးပေါ်တွင် ကောင်းစွာ ရှင်းလင်းခင်းကျင်း လျှဒါန်းသဘင်တို့ဖြင့်ယခင်ဆံတော်မြတ် (၁၀) ဆူကို ဌာပနာ၍ ယခင်စေတီ

နှင့် လုံးပတ်အကျယ်အဝန်း အမြင့် ပမာဏတူမျှစွာ တည်၍ ဒသမ စေတီတော်ဟု မှည့်ခေါ် ဝေါ်ကြသည်။

ထို့နောက် ကာလရွေ့လျော၍ "ဓမ္မသ စေတီတော်" ဟု ခေါ် ဝေါ်ကြသည်။

ထိုစေတီကို တည်ထားရာတွင် ပြုဖွယ်ကိစ္စဟူသမျှတို့သည် သက္ကရာဇ် ၁၁၇-ခုနှစ်အတွင်း ပြီးမြောက်အောင်မြင်ခြင်းသို့ ရောက်တော်မူလေသတည်း။

## သီဟိုဠ်ကျွန်းမှ ရုပ်ပွားတော်တစ်ဆူ ရေထဲမျောပါရောက်ရှိတော်မူခြင်း

မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူပြီးနောက်သက္ကရာဇ်၂၃၇-ခုနှစ်သို့ ရောက်သောအခါ သီဟိုဠ်ကျွန်းကို အုပ်စိုးမင်းလုပ်တော်မူသောဒေဝါနံ ပိယတိဿမင်းကြီး(သီရီဓမ္မာသောကမင်း)သည် သမာဓိဉာဏ်အကြံဖြင့် အကြံတော်ဖြစ်တော်မူ၍ သားတော်ရင်နှစ် ရဟန္တာဖြစ်တော်မူသော မဟိန္ဒထေရ်အား လျှောက်ထားသည်မှာ "ဘုရားရှင်၏ ဆံတော်မြတ်မှစ၍သရီရဓာတ်တော်တို့ တည်နေတိန်းအောင်းတော်မူသော အရပ်ဒေသများ၌ မြတ်စွာဘုရား၏ သဏ္ဌာန်တော်ကို တစ်ရုံတစ်ဆစ်မျှ မမြင်မဖူးကြရသောကြောင့်

မည်ကဲ့သို့ သဒ္ဓါတရားပွား၍ ကြည်ညိုကြရမည်ကို မသိနိုင်ဘဲ ရှိကြပါလိမ့်မည်။ ဤသို့ ဘုရားရှင်၏ သဏ္ဌာန်တော်ကို မဖူးမမြင်ရသဖြင့် လူသတ္တဝါများ နစ်နာရမည့်အရေးကို ထောက်ရှုပြီး မြတ်စွာဘုရား၏ သဏ္ဌာန်တော် ထုလုပ်ပြီးလျှင် အရှင်ဘုရားတို့၏ တန်ခိုးတော်ဖြင့် ထိုထိုသောအရပ်ဒေသသို့ ကြွရောက်သော် ဘုရားရှင် ကိုယ်တော်တိုင်ကို ဖူးမြင်ရသကဲ့သို့ သဒ္ဓါတရား ပြန့်ပွားပါလိမ့်မည်။ သို့ဖြစ်သောကြောင့် ရုပ်ပွားတော်များ ထုလုပ်ရန် ဒကာတော် တာဝန်ခံမည်ဖြစ်၍ အရှင်မြတ်များက သာသနာတော်တည်ရာ မြန်မာပြည်သို့ ရုပ်ပွားတော်များ ကြွရောက်တော်မူအောင် ဆောင်ရွက်တော်မူပါ မည့်အကြောင်း" လျှောက်ထား တောင်းပန် လေလျှင်၊ အရှင် မဟိန္ဒမထေရ်က "ကောင်းပြီ" ဟု ဝန်ခံပြီး ရဟန္တာ ဖြစ်တော်မူသော ဥပတိဿမထေရ်မြတ်အား တာဝန်ပေးလေရာ၊ မင်းကြီးသည် ဂွမ်းဆီထိသည့်ပမာ ဝမ်းမြောက်ကြည်နူးခြင်းဖြစ်၍ နန်းတော်သို့ ပြန်သွားလေ၏။

ထိုခဏ၌ တာဝတီံသာပြည့်ရှင် သိကြားမင်းသည် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၏ တင်းမာ ပူလောင်မှုကြောင့် လူ့ပြည်သို့ ရှုကြည့်လေလျှင် ဒေဝါနံ ပိယတိဿ မင်းကြီးသည်

ဘုရားသခင်၏ ကိုယ်စား ရုပ်ပွားတော်များအလိုရှိသည့် အကြောင်းကို သိမြင်တော်မူ၍ဉာဏ်တော်တစ်တောင်နှင့် လက် ဆယ့်နှစ်သစ်ခန့်ရှိ ရုပ်ပွားတော် လေးဆူကို ဌာပနာပြီးမှ ရုပ်ပွားတော်များကို ဒေဝါနံ့ပိယတိဿမင်းကြီး ၏ ရာဇပလ္လင် ပေါ်တွင် တင်ထားလေ၏။

ထိုညလွန်မြောက်၍ မိုးသောက်သောအခါ မင်းကြီး သည်ရုပ်ပွားတော်လေးဆူကို ဖူးမြင်ရလေလျှင် ပီတိသောမန သ အရှိန်ဖြင့် ဝမ်းမြောက်လှသောကြောင့် ရဟန္တာကိုယ် တော်မြတ်များကို လျှောက်ထားပင့်ဖိတ်၍ အလှူကြီး ပေးပြီး လျှင် တစ်ပက္ခ(တစ်ဆယ့်ငါးရပ်) ပတ်လုံး အထူးထူးသော ပူဇော်ခြင်းတို့ဖြင့် ရုပ်ပွားတော်များကို ပူဇော်ကြလေ၏။ ဥပတိဿရဟန္တာ အရှင်မြတ်သည် ရုပ်ပွားတော်လေး ဆူ အနက် နှစ်ဆူကို သက်န်းတုံး နှစ်တုံးပေါ် တွင်လည်းကောင်း၊ တစ်ဆူကိုကျွန်းတုံးပေါ် တွင်လည်းကောင်း၊ ကျန်တစ်ဆူကို ကျောက်လှည်းဘီးပေါ် တွင် လည်းကောင်း တင်ပြီးလျှင် ဇမ္ဗူ ကောလ သင်္ဘောဆိပ်မှ "သရီရဓာတ် ဆံတော်မြတ်တို့ ကိန်း ဝပ်စံပယ် တော်မူလိုသော် အရပ်တို့၌ တည်ပါစေသတည်း" ဟု အဓိဋ္ဌာန်ပြုပြီး ပင်လယ်ပြင်သို့ မျှောလိုက်လေ၏။

ကျွန်းတုံးနှင့် မျှောလိုက်သောရုပ်ပွားတော်တစ်ဆူမှာ

(ပုသိမ်) နှင့် (ရခိုင်ပြည်နယ်) သို့ ရောက်ရှိသည်ဟု ဒွိဟာများ ရှိနေပါသည်။ သို့သော် ရခိုင်ပြည်နယ်သို့ ရောက်ရှိကြောင်း ကိုးကားကျမ်းများ မတွေ့ရှိပါ။ ပုသိမ်ဘက်သို့ ရောက်ကြောင်းသာ တွေ့ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်းတုံးနှင့် မျှောလိုက်သော ရုပ်ပွားတော်တစ်ဆူသည်ပုသိမ်မြို့၏တောင်ဘက် မိုင်(၆၀)ခန့်အကွာ ငပုတောမြို့နယ်အစွန်း ပင်လယ်ကမ်းခြေ တံငါရွာကလေးဖြစ်သော ဘုန်းတော်ပြည့်ရွာ၏ တစ်ဘက်ကမ်း ယခုအခါ ရေမြုပ်နေပြီဖြစ်သော ကျောက်ကလပ်ကြီး အနီးသို့ ဆိုက်ရောက်ခဲ့ပြီး ထိုမှတစ်ဆင့် ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော် တောင်ဘက် အာရုံခံတွင် "သီဟိုဠ်ရှင် ဘုန်းတော်ပြည့်" (ရုပ်ပွားတော်ဟူ၍လည်းကောင်း)။

ကျောက်လှည်းဘီးနှင့် မျှောလိုက်သော ရုပ်ပွားတော်တစ်ဆူမှာ ကျိုက်ထိုမြို့သို့ ဆိုက်ရောက်ခဲ့ပြီး"မဲ့ရှင်တော်ကျိုက်ပေါ်လော ရုပ်ပွားတော်"ဟူ၍လည်းကောင်း။

သက်န်းတုံးဖြင့် မျှောလိုက်သော ရုပ်ပွားတော်တစ်ဆူမှာ ထားဝယ်မြို့သို့ ဆိုက်ရောက်ခဲ့ပြီး "ရှင်မဒွီး" ရုပ်ပွားတော်ဟူ၍ လည်းကောင်း။

အခြား သက်န်းတုံးတစ်တုံးဖြင့် မျှောလိုက်သော

ရုပ်ပွားတော်မှာ ယခုကျိုက္ကမီမြို့ ရေလယ်ကျောက်ဆောင်နှင့်မနီးမဝေးအလံ (၅၀) တွင်လည်းကောင်း ရုပ်တန့်တည်နေတော်မူ၏။ ကျိုက္ကမီမြို့ ရေလယ်ကျောက်ဆောင်နှင့် မနီးမဝေးတွင်ရုပ်တန့်နေသောရုပ်ပွားတော်ကိုထိုမြို့သူမြို့သားများ ဖူးမြင်တွေ့ကြသောအခါ လှေနှင့်ကူးပြီး သက်န်းတုံးကို ကြိုးတပ်လျက် ရုပ်ပွားတော်မြတ်ကိုကုန်းတော်ပေါ်သို့ ဝိုင်းဝန်းဆွဲတင်ကြပါသော်လည်း မလှုပ်မရှား မကြွမပါတော်မူဘဲ တည်မြဲတိုင်း နေရာ၌သာ တည်နေတော်မူရာ ကျိုက္ကမီမြို့တွင် အကျင့်သီလသမာဓိနှင့် ပြည့်စုံသောမုဆိုးမတစ်ဦးသည် ချည်ခင်မှ ချည်ပင်နှင့် သက်န်းတုံးကို ရစ်ပတ်ပြီး "ဘုရားတပည့်တော်မသည် မှတ်မိသောအရွယ် ငယ်စဉ်ကပင် ယနေ့ထက်တိုင်ငါးပါးသီလ၌ကျိုးလွန်ပျက်ကွက်ခြင်းမရှိပါ၊ထိုသစ္စာမှန်က ဘုရား ကိုယ်တော်မြတ်သည် ကြွလာတော်မူ ပါစေသတည်း"ဟုအဓိဋ္ဌာန်ပြု၍ ချည်ပင်ကိုကိုင်လိုက်သည်နှင့် တစ်ပြိုင် နက် သက်န်းတုံးနှင့်တကွ ရုပ်ပွားတော်သည် ယခု ဝတ်ကျောင်းတော်ကြီးတည်ဆောက်ထားသောနေရာအနီးကျောက်ဆောင်ပေါ်သို့ သာသနာတော် သက္ကရာဇ် ၂၃၇-ခုနှစ်၊ နတ်တော်လပြည့်နေ့၌ ကြွရောက်စံမြန်းတော်မူလေသည်။

ကျောက်ဆောင်ပေါ်သို့ရောက်လာသော ရုပ်ပွား

တော်မြတ်ကို ကြင်မိုင်းမင်း၏ သားများဖြစ်ကြသော မွန်မင်းသားများတည်ထားသောဇေကဒသစေတီတော်၏ အရှေ့မုခ်ထဲတွင် ပင့်၍ထားလေလျှင် တောင်အရပ်ပင်လယ်ဘက်သို့ မျက်နှာတော်လှည့်၍စံနေတော်မူ၏။ တစ်ဖန်အရှေ့ဘက်သို့ မျက်နှာတော်လှည့်၍ထားပြန်သော်တောင်ဘက်သို့ပင်မျက်နှာတော်မူလျက် ရှိပြန်၏။ ထိုနောက် တောင်ဘက်မုခ်ထဲ၌ ပင့် ဆောင်၍ထားမှသာမျက်နှာတော်ကိုဖူးမြင်ကြရလေကုန်၏။*

**ဂန္ဓကုဋိတိုက်ဟောင်း မီးခ,ခံရခြင်း**

သက္ကရာဇ် ၂၃၇ ခုနှစ်၌ ပင်လယ်မှ မျောပါလာသည့်ရုပ်ပွားတော်မြတ်သည် ကျောက်ဆောင်ပေါ်ရှိ ဇေကဒသ

---

* စစ်ကဲတော်မင်းမောင်နော်ရေးသားစီရင်သော "မွန်ရာဇဝင်နှင့် စေတီတော် သမိုင်းပေါင်းချုပ်" စာအုပ်တွင် မြတ်စွာဘုရားသည်သက္ကရာဇ်၁၁၁ခုနှစ်၌သုဝဏ္ဏဘူမိသို့ကြွရောက်တော်မူစဉ် ကျိုက်က္ခမီ တောင်၌နေသော ရသေ့သည် သုဝဏ္ဏဘူမိသို့ရောက်ပြီးမြတ်စွာဘုရားအားလာရောက်ဖူးမြော်ရာ မြတ်စွာဘုရားသည်ကျိုက္ခမီတောင်ရသေ့အားဆံတော်တစ်ဆူ

ကို စေတီတော်တောင်ဘက်မုခ်ဝ၌စံပယ်တော်မူရာနှစ်ပေါင်းများစွာ ကြာလာသော် ဧကေဒသစေတီတော် ပျက်စီးယိုယွင်းသွားသဖြင့်ဌာပနာတိုက်ကျောက်တုံးကြီးများသာကျန်ခဲ့သည်။ ထိုနောက်တွင် သစ်သားဘုရားကျောင်းဆောင်ကြီး ဆောက်လုပ်ကာ ရုပ်ပွားတော်မြတ်ကို ထိုကျောင်းဆောင်ကြီး အတွင်းကိုးကွယ်ထားကြသည်။သက္ကရာဇ် ၁၂၈၈ခုနှစ်၊သီတင်းကျွတ်လဆုတ် (၁၁)ရက်နေ့ည ၁၁ နာရီတွင် ဘုရားမီး ပူဇော်ရာမှ မီးခ၊ ခြင်း ခံရသဖြင့် ကျောင်းဆောင်ပြာသဒ်ကြီးများ ပျက်စီးသွားလေသည်။ ထိုနောက် ဝံသာနု ခေါင်းဆောင်ကြီး ဦးချစ်လှိုင် ကြီးမှူး၍ ကျိုက္ခမီမြို့ရှိ စေတနာရှင် လုပ်သား

---

ပေးသနားတော်မူသည်။ ရသေ့သည် ကျိုက္ခမီတောင်သို့ ဆံတော် ယူဆောင်လာပြီး ယင်းကျိုက်က္ခမီတောင်၌ ပင် (ယခုကျိုက္ခမီ အရှေ့ဘက်ရှိ တောင်ဝိုင်းတောင် (ဝါ) ဆင်တောင်တစ်နေရာတွင် ဖြစ်ဟန်ရှိသည်) တပည့် ဒါယကာများနှင့် တိုင်ပင်၍ စေတီတော် တစ်ဆူ၌ ဌာပနာပြီး တည်ထားကိုးကွယ်ခဲ့ကြောင်း ပြဆိုသည်။ ဘုရားစေတီ၏ ဘွဲ့တော်မှာ မွန်ဘာသာဖြင့်(ကျာဟမီ)ခေါ်ပြီးမြန်မာလို မျှော်ကြည့်ဘုရားဖြစ်သည်ဟုဆိုသည်။

ပြည်သူများ ပူပေါင်းကာ အုတ်ဂန္ဓကုဋီတိုက်၊ကျောင်းပြသာဒ်ကြီးများကို အသစ်တဖန် ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။

**မျက်မှောက်ခေတ်ဂန္ဓကုဋိတိုက်ကြီးနှင့် ရုပ်ပွားတော်**

၁၂၈၈ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် ညဥ့်၁၁နာရီတွင် ဘုရားကျောင်းတော်ကြီးကို ဆီမီးထွန်းညှိရာမှ မီးခ, ခြင်း ခံခဲ့ရပြီးနောက် ဝံသာနုခေါင်းဆောင်ကြီး ဦးချစ်လှိုင်နှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကြာလှိုင်တို့ ဦးစီးပြီး အသစ်ပြန်လည် တည်ဆောက်ထားသော ဘုရားကျောင်းတော်ကြီးဖြစ်သည်။ မူလ ကျောက်ဆောင်ပေး၌ ရုပ်ပွားတော်မြတ်တို့ကို ဌာပနာ၍ ကျောက်အုတ်များဖြင့် အသစ်ပြန်လည် တည်ဆောက်ထားခြင်း ဖြစ်လေသည်။ မြေပြင်မှ ပေ(၂၀) ကျော် မြင့်သော ကြမ်းပြင်ပေါ်တွင် မူလရုပ်ပွားတော် ကိုယ်စားတော်တစ်ဆူကို နဂါးပါးပျဉ်မိုး၍ တည်ထားပြီး နံဘေးပတ်လည်တွင် ရုပ်ပွားတော် ကြီးငယ် အဆူ(၂၀)ဝန်းရံထု လုပ်ထားသည်။ တိုင်းကြီးလေးတိုင် အလယ်ရှိ ပလ္လင်ကြီးထိပ် ၌ ကိုယ်စားတော် ရုပ်ပွားတော် အဆူ(၂၀)ဝန်းရံထားသည်။ တိုင်ကြီးလေးတိုင် အရင်း၌ လေးဆူ (သစ္စာ[illegible]ပါး)၊ အလယ် ပလ္လင်ကြီးအောက်ခြေ ပတ်လည်တွင် ရုပ်ပွားတော်ရှစ်ဆူကို

မဂ္ဂင်ရှစ်ပါး၊ (နဂါးပျဉ်းအောက်ရှိ ရုပ်ပွားတော် တစ်ဆူ အပါ အဝင်)၉-ဆူကို ဂုဏ်ဖော်ကိုးပါးပေါင်း(၂၁)ဆူ ရှိလေသည်။

---

၁။ မျှော်ကြည့်ဘုရားဟု ခေါ်ဆိုရခြင်းမှာ မြတ်စွာဘုရားသည် သုဝဏ္ဏဘူမိသို့ မကြွရောက်မီ ကျိုက္ခမီတောင်သို့ ဦးစွာရောက်ရှိခဲ့ပြီး ကျိုက္ခမီတောင်နေ အစိရဂဟ ရသေ့အား ဆံတော်တစ်ဆူပေးသနား မည့်အကြောင်း ဗျာဒိတ်ပေးသွားရာ ရသေ့လည်း မြတ်စွာဘုရား၏ ဆံတော်ကို ရန်းရန်းဖြင့် စောင့်မျှော်လျက်ရှိလေသည်။ မြတ်စွာဘုရား သည် သုဝဏ္ဏဘူမိသို့ ရောက်တော်မူကာလ ကျိုက္ခမီရသေ့သည် မြတ်စွာဘုရားအား သွားရောက်ဖူးမြော် ကန်တော့သောအခါမှ ဆံတော်ကို ပေးသနားခြင်း ခံရသည်ဟု မွန်သမိုင်းဟောင်း များက ဆိုသည်။ ထို့ကြောင့် ယင်းစေတီကို မျှော်လင့်ဘုရား ဟု ခေါ်ဆိုကြဟန် ရှိလေသည်။

* ထားဝယ်မြို့တွင် ကိန်းဝပ်စံပယ်တော်မူနေသော ရှင်း၏ နောင်တော် ရုပ်ပွားတော်ကို မျှော်လျက်စံ နေတော်မူ ခြင်းဖြစ်သည်ဟုလည်း ဆိုကြသည်။

* မြန်မာ့စွယ်စုံကျမ်းအတွဲ(၂) စာမျက်နှာ (၇၂)တွင် မီးခ, ခြင်းခံရသည့်နှစ်မှာ၁၂၈၄ ခုနှစ်ဖြစ်သည်ဟု ဖော်ပြထားသည်။

ကျောင်းတော်ကြီး အရှေ့တောင်ထောင့် အတွင်းရှိ နံရံဘေးတွင် ညာဏ်တော် (၇)ပေရှိ ရုပ်ပွားတော်ကြီးတစ်ဆူ ရှိလေသည်။ ယင်းကို လွန်ခဲ့သော နှစ်ပေါင်း(၅၀) ကျော် မှ ဘုရားဒကာကြီး ဦးရွှေသောင်က ဆောက်လုပ်လှူဒါန်း ထားကြောင်း သိရသည်။

ဂန္ဓကုဋိတိုက်တော်ကြီးမှာ အုတ်၊ အင်္ဂတေများဖြင့် အခိုင်အခံ့ တည်ဆောက်ထားပြီး အတွင်း နံရံအပြည့် မှန်စီ ရွှေချထားလျက်ရှိပြီး အတွင်းတိုင်ကြီး (၇)လုံးကိုလည်း ရွှေပိန်းအပြည့် ချထားပါသည်။ တိုင်(၇)လုံး၏ ဒကာမှုးများမှာ ပလ္လင်တော်၏ ပတ်လည်ရှိ အရှေ့တောင် ဘက်တိုင်၏ ဒါယကာမှာ တံခွန်တိုင် သူကြီးအသင်းစု ဖြစ်သည်။ အနောက် တောင်ဘက်တိုင်၏ ဒါယကာမှာ တံခွန်တိုင် သူကြီးအသင်းစု ဖြစ်သည်။ အနောက်တောင်တိုင်၏ ဒါယကာမှာ ဦးမောင် မောင်-ဒေါ်ဒွေးဖြူတို့ဖြစ်သည်။ အရှေ့မြောက်တိုင်၏ ဒါယ ကာမှာ ကျိုက္ခမီမြို့နေ ဦးကြာရိုး-ဒေါ်သက်မေတို့ဖြစ်သည်။

ပလ္လင်တော်၏ အပြင်ဘက်ရှိ အရှေ့ဘက်တိုင်ကြီး၏ ဒါယကာမှာ ကျိုက္ခမီမြို့နေ ဦးငွေခိုင်-ဒေါ်သန်းနှစ် မိသား စုဖြစ်သည်။ အရှေ့မြောက်တိုင်ကြီး၏ ဒါယကာမှာ ကျိုက္ခမီ ဒိစကြိုတ်၊ညောင်ဝိုင်းရွာနေ ဒေါ်ကြင်ဥနှင့်သားသမီးများဖြစ်

သည်။မြောက်တိုင်ဒါယကာမှာကျိုက္ခမီ ဒိစကြိုတ်ညောင် ဝိုင်းရွာနေ ဦးမောင်ကလေး- ဒေါ်ပိုးဥ သားသမီးများဖြစ်သည်။

ဂန္ဓကုဋိတိုက်ကြီးနှင့်ဆက်၍ အနောက်ဘက်တွင် ဘုရားဖူး ဥပုသ်သည်များ ညဉ့်အိပ်ညဉ့်နေ ဘုရားဝတ် ပြုနိုင်ရန် အဆောင်သစ်ကို ၁၉၆၀ခုနှစ်၌ ဆောက်လုပ်ပြီး မြောက်ဘက်တွင် ဆက်၍ မီးဖိုဆောင်နှင့် မီးစက်ဆောင်တို့ ရှိသည်။ ဂန္ဓကုဋိတိုက်ကြီး၏ အမိုးမှာ သွပ်ဖြစ်ပြီး ဘုံတော်အဆင့်ဆင့်ဖြင့် အဆန်းတကြယ် ဆောက်လုပ်ထားပြီး အချင်း(၇)ပေ၊ အမြင့်(၂၆)ပေခွဲရှိသော ထီးတော်ကြီးကို တင်လှူဆပ်ကပ်ခဲ့ကြသည်။ ၎င်းထီးတော်ရှိ မူလငှက်မြတ်နားတော်ကို မသမာသူတို့ ကခိုးယူသွားသဖြင့် စိန်ဖူးတော်နှင့်ငှက်မြက်နားတော်တို့ ကို ၁၉၇၂ခုနှစ်၌ အသစ်တစ်ဖန်ပြန်လည် ပြုလုပ်ပြီး စိန်(၆)လုံး၊ မြ(၁)လုံး၊ ပတ္တမြား(၂၁၇)လုံး၊ နီလာ(၂၀၆)လုံး၊ ကျောက်မျိုးစုံ (၆၅၇၅)လုံးကို စိန်ဖူးတော်တွင်ထည့်သွင်း ဌာပနာ ထားတော်မူခဲ့လေသည်။

အထက်ဖော်ပြပါ ထီးတော်ကြီးသည် နှစ်ပေါင်းများစွာ ကြာမြင့်ပြီးဖြစ်သောကြောင့် ကောဇာ ၁၃၅၄ခုနှစ်၊ ဟာပိုတွဲ လဆန်း (၈)ရက်၊ ခရစ်၁၉၉၃ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်စနေနေ့မွန်းလွဲ၂နာရီ၂၆မိနစ်၂၆စက္ကန့်တွင်အထက်တော်

မှအောက်သို့ပင်ဆောင်၍ရေလယ်ဆံတော်ရှင်ဂန္ဓကုဋိတိုက် အနီးသီးခြားအဆောင်ဆောက်လုပ်၍အပူဇော်ခံထားပါသည်။

**ထီးတော်သစ်တင် ဆပ်ကပ်လှူပွဲ**

သာသနာ ၂၅၃၆၊ ကောဇာ ၁၃၅၄ခုနှစ်၊ တပေါင်း လဆန်း (၁၃)ရက်၊ သောကြာနေ့၊ မြန်မာနာရီ နံနက် (၄) ချက်တီး ၇နာရီ၊ ဝ-ပါဒ်၊ ၅-ဗီဇနာ၊ စက်နာရီ နံနက်(၈)နာရီ (၅၀)မိနစ်၊ လက်စီးနက္ခတ်၊ အာသာဝတီ၊ လက်စီးနဝင်း၊ ပြိဿနဝင်း၊ စန်းစီးနက္ခတ်၊ ဖုသျှနက္ခတ်၊ စန်းစီးနဝင်း၊ သီ န ဝင်းနှင့်ယှဉ်၍ ထီးတော်ကြီး ပထမဘုံဆင့်၊ ဒုတိယဘုံဆင့်၊ တတိယဘုံဆင့် ဆက်ကပ်၍ တပေါင်းလဆန်း (၁၄)ရက်နေ့ တွင် ထီးတော်ကြီး စတုတ္ထဘုံဆင့်၊ ပဉ္စမဘုံဆင့်၊ ဆဋ္ဌမ ဘုံဆင့် ဆက်ကပ်ပြီး တပေါင်းလပြည့်နေ့၊ တနင်္ဂနွေနေ့ နံနက်(၁၀) နာရီ (၁၂)မိနစ်၊ (၁၂)စက္ကန့်အချိန်တွင် ကျန်ထီးတော် ဘုံဆင့် များနှင့် တကွ ငှက်မြတ်နားတော်၊ စိန်ဖူးတော်ကြီးပါ အပြီး သတ် ဆက်ကပ် လှူဒါန်းပူဇော်ခဲ့ပါသည်။

ငှက်မြတ်နားတော်ကြီးမှာ အလျား ၅-ပေ၊ ၄-လက်မ။ အနံဗျက်အကျယ် ၁၁-လက်မ၊ အလယ်ပြောင်းရိုး အမြင့် ၁၄-

ပေခွဲရှိပြီး (၆၉)ရတီနှင့် (၆၇)ရတီရှိသော ပတ္တမြားလုံးချောကြီး (၂)လုံးအပါအဝင် ကျောက်မျက်ရတနာမျိုးစုံ (၇၈၇)လုံး မွမ်းမံခြယ်လှယ်ထားသည်။

စိန်ဖူးတော်ကြီး၏ လုံးပတ်တော်မှာ ၁၈-လက်မ၊ စိန်ဖူးတော် ၏ ကြာပတ်ခံမှာ ၉-လက်မခွဲ၊ စိန်ဖူးတော် အရိုးခံ အမြင့် ၁၇-လက်မခွဲ ရှိပြီး ငှက်ပျောဖူးသဏ္ဍာန် (၄၃၂)ရတီစိန်တစ်လုံးအပါအဝင် ကျောက်မျိုးစုံ မွမ်းမံခြယ်လှယ်ထား၍ စိန်ဖူးတော်ထဲတွင် နဝရတ်ကျောက်အခြားအဖိုးတန်ကျောက်မျက်ရတနာများ မြောက်များစွာ ထည့်သွင်း ဌာပနာထားသည်။ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့၏ ရွှေအလေးချိန်ပေါင်းမှာ ၂၅၅ကျပ်၊ ရှစ်ပဲ၊ ၁ရွေး ရှိပါသည်။

## ကျိုက္ခမီရေလယ်ဘုရားကြီး၏ ဂန္ဓကုဋိတိုက်ကြီးပေါ်သို့ အမျိုးသမီးမိန်းမများ တက်ရောက်ဖူးမြော် ကြည်ညိုခွင့်ကို တားမြစ်ရခြင်းအကြောင်းများ

၁။ သုံးလူ့ထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားသည် သက္ကရာဇ် (၁၁၁)ခုနှစ်တွင် ရာမညဒေသ သုဝဏ္ဏဘူမိသို့ကြွ ရောက်တော်မူရာတွင်ယခုကျိုက္ခမီရေလယ်ဘုရားကျောင်း တော်ကြီးတည်ထားရာ ကျောက်ဆောင်ဘက်၌ ကိုယ်တော် ကိုယ်တိုင်ကြွရောက်ပြီး ခေတ္တမျှနေ့သန့်စင်လျက် သီတင်းသုံးတော်မူခဲ့သဖြင့် ထူးခြားမြင့်မြတ်သော နေရာတော်ဖြစ်ခြင်း၊

၂။ ထိုသို့ နေတော်မူစဉ် မြတ်စွာဘုရားသည် ကြင်မှုင်းမြို့ မင်းသားနှစ်ကျိပ်နှင့် ကပ္ပိန္နရသေ့တို့အားဆံတော်(၁၁) ဆူစီကို ပေးသနားတော်မူခဲ့ရာ ယခု ဘုရားကျောင်းတော် ကြီးတည်ရာကျောက် ဆောင်ကြီးထဲတွင် ကောင်းမွန်စွာ ထည့်သွင်းဌာပနာ၍ဉာဏ်တော် (၁၈)တောင်၊ ဖိနပ်တော်

(၁၅)တောင်ရှိသော(ဧကာဒသ)နာမတော်ရှိစေတီ တော်တစ်ဆူကိုတည်ထားကိုးကွယ်ခဲ့ကြသော နေရာဖြစ်ခြင်း။

၃။ သက္ကရာဇ် (၂၃၇)ခုတွင် သီဟိုဠ်ကျွန်းမှ ဒေဝါနံ ပိယတိဿမင်းနှင့်ဥပတိဿရဟန္တာအရှင်မြတ်တို့သည် သီကြားမင်းဖန်ဆင်းဆက်သအပ်သော မြတ်စွာဘုရား၏ ဓာတ်တော်နှစ်ဆူစီပါသော စန္ဒကူးသား ရုပ်ပွားတော် (၄)ဆူကို မြတ်စွာဘုရား၏ ဓာတ်တော် မွေတော်များ ကိန်းဝပ်စံပယ်ရာအရပ်ဌာနတို့၌ တည်ပါစေသတည်း ဟု အဓိဋ္ဌာန် ပြု၍ရေဇလာကြောတွင် မျှောလိုက်ရာ တစ်ဆူမှာယခုရေလယ်ဘုရားကြီး အနီးရောက်လာပြီးငှင်းရုပ်ပွားတော်ကို ပင့်ဆောင်ကာ ဧကာဒသ စေတီတော်ရှိ တောင်ဘက်မုဒ်ဝတွင် ကြွမြန်းစံပယ်တော်မူခဲ့ခြင်း။

၄။ ဧကာဒသစေတီတော်နှင့် စန္ဒကူး ရုပ်ပွားတော်တို့သည် နှစ်ပရိစ္ဆေဒကြာညောင်းလာသောအခါ နေလရာသီဥတုဒဏ် တို့ကြောင့်မမြဲသောသဘောအရ တစ်စတစ်စပျက်စီးခဲ့ရာမြတ်စွာဘုရား၏ ဆံတော်ဓာတ်တော် ကိန်းဝပ်ရာ

ကျောက်ဆောင်ကြီးငုံ၍နောင်လာနောက် သားတို့က ဂန္ဓကုဋီတိုက်တော်ကြီး၊ ထိုမှ အုတ်ဂန္ဓကုဋီတိုက်တော်ကြီး တို့ကို တည်ထားဆောက်လုပ်ခဲ့ရာ ယင်းဂန္ဓကုဋီ တိုက် တော်ကြီးသည်ဓာတ်တော် မွေတော်များ ကိန်းအောင်းရာ စေတီတော်ကြီးသဖွယ် ဖြစ်တော်မူခြင်း၊

၅။ ဤလောကတွင် စေတီတည်၍ ကိုးကွယ်ထိုက်သော ပုဂ္ဂိုလ်သည် လေးမျိုးရှိ၏။ (၁) ဗုဒ္ဓမြတ်စွာ၊ (၂) ပစ္စေက ဗုဒ္ဓါ၊ (၃) အရိယာဖြစ်ပြီးသော မြတ်စွာဘုရား၏ ရဟန်း တော်သာဝက၊ (၄) စကြာမင်း တို့ဖြစ်၏၊ ဗုဒ္ဓမြတ်စွာ သည် ပင်ကိုယ်ကပင်လူနတ်ဗြဟ္မာသတ္တဝါများ၏ လေး စားရှိသေ ကိုးကွယ်ရာဖြစ်၍ စေတီတော်ကို ဖူးမြင်ရ သောအခါ ကြည်ညိုစိတ်ဖြင့် ရိုသေမြတ်နိုး ရှိခိုးပူဇော် ကြသူ များတို့သည် သေလွန်သောအခါ နတ်ပြည်သို့ ရောက်နိုင်၏ဟု မြတ်စွာဘုရားသည် သုတ်မဟာဝဂ္ဂ မဟာပရိနိဗ္ဗာန သုတ်တွင် ဟောတော်မူသည်။ ယခု ဂန္ဓကုဋီတိုက်ကြီးအားကျောက်ဆောင်၌ ဌာပနာတိုက် အတွင်း သီတင်းသုံး စံပယ်တော် မူနေသောဆံတော်

ဓာတ်တော်များကို ရှိသေမြတ်နိုးစွာပူဇော်ကန်တော့နိုင်ကြမှသာ နတ်ရွာလားကြောင်း ကောင်းမြတ်သောကုသိုလ်တရားပွားများနိုင်ကြမည်ဖြစ်သည်။ အကယ်၍ဘုရားဆုပန်မင်းယောကျ်ားများ မဟုတ်သောအမျိုးသမီး (မိန်းမများက)ဂန္ဓကုဋီ တိုက်ကြီးပေါ်တက် ရောက်ပူဇော်ကန်တော့ခြင်း ပြုပါလျှင် အောက်ကျောက်ဆောင်ထဲရှိ သဗ္ဗညု မြတ်စွာဘုရား၏ ဆံတော်ဓာတ်တော် များကို မရှိသေ မလေးစားရာ ရောက်သွားမည် ဖြစ်သည်။ ထို့ကြောင့် အမျိုးသမီး (မိန်းမ)များ အဖို့ အပါယ်လားကြောင်း ဒုစရိုက်များ မကျူးလွန်မိစေရန်ကောင်းမြတ်သေစေတနာဖြင့်ဂန္ဓကုဋီတိုက်ကြီးပေါ် သို့မတက်မိရန်တားမြစ်ရခြင်း။

၆။ ဤ ဂန္ဓကုဋီတိုက်ကြီးပေါ် သို့ အမျိုးသမီး(မိန်းမ)များသည် သိ၍ သော်လည်းကောင်း၊ မသိ၍သော် လည်းကောင်း တက်မိပါကဓာတ်တော် မွေတော်များကို စောင့်ရှောက်နေကြသည့် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များက လူအများအသိတရား ရစေရန် အလို့ငှာအခါမဟုတ်

မိုးကြီးလေကြီးများကျရောက်စေခြင်း၊ တက်ရောက်သူများအား ဘေးဥပါဒ် အန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့စေခြင်းများကို ဘုရားဖူးများက မျက်ဝါးထင်ထင် တွေ့မြင်နေရခြင်း။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဂန္ဓကုဋိတိုက်ကြီး ပေါ်သို့ အမျိုးသမီးများ တက်ရောက်ခြင်းမပြုရန် ဂေါပကအဖွဲ့မှ တားမြစ်ထားရခြင်းဖြစ်ကြောင်း သတိပေးနှိုးဆော်ထားခြင်း ဖြစ်ပါသည်။

**ရေလယ် ဘုရားဂေါပကအဖွဲ့**
**ကျိုက္ခမီမြို့။**

## ဘုရားကြီး ဝတ္တကမြေအတွင်းရှိ
### သာသနာ့အဆောက်အအုံများ

## (က) ကျိုက္ခမီရေလယ်ဘုရား ဝတ္တကမြေ

ကျိုက္ခမီရေလယ်ဘုရားကြီး ဝတ္တကမြေ၏ အကျယ်အဝန်းကို အစောဆုံး တွေ့ရှိရသည်မှာ မြန်မာသက္ကရာဇ် ၁၁၄၆ခုနှစ်တွင် ဖြစ်သည်။ ထိုနှစ် ဝါဆိုလဆန်း (၁၃)ရက်နေ့တွင် ဝါဂရူမြို့သူကြီး အသက်(၄၆)နှစ်ရှိ တနင်္လာသား 'ငစွန်ပါ'၏ တင်ပြချက် မှတ်တမ်းအရ-

ကျိုက္ခမီဘုရား ဝတ္တကမြေကား အရှေ့ကိုလားသော် (၅၀၀) တွင်းခန့်ကွာ ဝတ်လိုရွာ (ယခု ဝက်လေးရွာ ဖြစ်ဟန်ရှိသည်)ထိ၊ အနောက် အလားကား (၁၁)တိုင်ကွာ ပင်လယ်ထိ၊ မြောက် အလားကား(၁)တိုင်(၅၀၀)တွင်းခန့်ကွာ ပင်လယ်ထိ ရှိသည်ဟု ဆိုသည်။

ယနေ့ရှိ ဘုရားဝတ္တကမြေကား-

အရှေ့လားသော် ကျောက်တံတား ချောင်ပင်ကြီး ကျေးရွာ အုပ်စု စကားဝါလမ်း၊ မြောက်လားသော် ပင်လယ်ပြင်၊ တောင်ဘက် လားသော် အမှတ်(၁) သာသနာ့ရိပ်သာ၊

အနောက်ဘက်လားသော် ပင်လယ်ပြင်ထိ အကျယ်အဝန်း စုစုပေါင်း ဧက(၁၀၀) တစ်ရာခန့်။

## (ခ) ဘုရားကြီး၏ အခြံအရံစေတီတော်များ

### (၁) ဇိနမာရ်အောင်စေတီ

ရေလယ်ဘုရားကြီး၏ကုန်းတော် တောင်ဘက်အစွန်းတွင် စေတီတော်ကြီး သုံးဆူနှင့် အရန်စေတီငယ်များ ရှိလေသည်။ ဘုရားကြီး၏ ဂေါပကရုံးမှ အနောက်ဘက် မမ္ဗရိပ်သာများသို့ သွားရာ မြေနီလမ်းထိပ်၌ လက်ဝဲဘက်တွင် ဖိနပ်တော်(၃၂)တောင်၊ ဉာဏ်တော် (၄၃) တောင်ရှိ စေတီတော်ကြီးကို ဖူးတွေ့ရမည်။ မည် သည့်အချိန်က မည်သူတည်ထားကိုးကွယ်ခဲ့ကြောင်း မသိရသော်လည်း ကျိုက္ခမီမြို့နေ ဘုရားဒါယိကာမကြီး ဒေါ်ပိန်မှထိန်းသိမ်းပြုပြင်ခဲ့သဖြင့် 'ဒေါ်ပိန်ဘုရား'ဟု လူသိများသည်။

### (၂) ရာဇမဏိစေတီ

မြေနီလမ်း လယ်ယာဘက်တွင်ရှိသည့် စေတီတော်နှစ်ဆူ အနက် အနောက်တောင်ဘက်၌ရှိသော စေတီမှာ ဖိနပ်တော်(၂၃) တောင်၊ ဉာဏ်တော်(၂၃)တောင်ရှိပြီး အရန်စေတီငယ်(၈)ဆူရှိသည်။ မည်သည့်ခေတ်တွင်မည်သူ တည်

ထားခဲ့ကြောင်း မတွေ့ရသော်လည်း ကျိုက္ခမီမြို့နေ ဘုရား ဒါယိကာမကြီး ဒေါ်ထားညွှန့်မှ အစဉ်အဆက် ပြုပြင်ခဲ့သဖြင့် "ဒေါ်ထားညွှန့်ဘုရား" ဟု လူသိများသည်။

## (၃) ရတနာတြိစေတီ

ရာဇမဏိစေတီတော်၏ မြောက်ဘက်တွင်ကပ်၍ ရှိသည့်ဖိနပ်တော်(၁၂)တောင်၊ဥဏှိတော်(၁၄)တောင်ရှိသည်။ စေတီတော်ကို မည်သူက မည်သည့်အချိန်တွင် တည် ထားခဲ့ကြောင်းမသိရသော်လည်းဝဲဂလီတပ်မှူး ဘုရားဒါယကာဗိုလ်မှူး ရဲလွင်ကထီးတော်သစ်တင်လှူခဲ့ကြောင်း သိရသည်။

## (၄) စူဠာမဏိဘုရား

မော်တော်ယာဉ်ရပ်နားစခန်း အနောက်ဘက်ယွန်းယွန်းတွင်အဆောင်တစ်ခုအတွင်း အပူဇော်ခံထားသည့် ကြေးသွင်းဘုရားကြီး တစ်ဆူဖြစ်သည်။ ယခင်မြောက်ပိုင်းအတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဝင်း (ယခု ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း)နှင့် ရှမ်းပြည်နယ်မှ နဂါးနှစ်ကောင် ဆရာတော် ဘုရားကြီးတို့သည် ထိုင်းမှ တဆင့်ပင့်ပြီး ကောင်းမှုပြုထားပါသည်။ ၁၉၉၃-ခုနှစ်က ပင့်ဆောင် ထားပါသည်။

## (ဂ) ကိုယ်ပွားတော် ဂန္ဓကုဋီတိုက်သစ်ကြီး

ကျိုက္ခမီရေလယ်ဘုရားကြီးသည်တန်ခိုးကြီးမား သော ဘုရားကြီးဖြစ်သည့်အတိုင်း အခြား ဘုရားကြီးများနှင့် မတူသောထူးခြားချက်တစ်ခုရှိလေသည်။ ယင်းကားအခြားမဟုတ်၊ ဂန္ဓကုဋီ တိုက်ကြီးပေါ်သို့ မိန်းမများ တက်ရောက်လျှင် လေကြီးမိုးကြီး ကျခြင်းနှင့် အခြားအံ့ဖွယ်သရဲဖြစ်ခြင်းတို့ ဖြစ်တတ်သော ထူးခြားချက်ပင် ဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများသည် ဘုရားကြီးကို ဖူးခွင့်မရ ရှာကြသော ကြောင့် ဝမ်းနည်းဖွယ်ရာပင် ဖြစ်သည်။ ထို့ကြောင့် ဘုရားကြီးသည် ပင်လယ်ပြင်ထဲ၌ ရှိနေ၍ ရေတတ်သည့်အခါများတွင် ဘုရားကို ဖူးမြော်ခွင့်မရဘဲ ရေကျသည့်အခါများ၌သာ ဘုရားကို ဖူးနိုင်ကြသဖြင့် ရပ်ဝေး ရပ်နီး ဘုရားဖူးများအဖို့ အခက်အခဲများနှင့် ရင်ဆိုင်နေရသည်မှာလည်း စိတ်မကောင်းဖွယ်ရာ ဖြစ်ပါသည်။ ထို့ကြောင့် ဤအခက်အခဲများကို ကျော်လွှားလွန်မြောက်စေရန် အချိန်မရွေး၊ အခါမရွေး ဘုရားကြီးအား ဖူးမြော်ကန်တော့နိုင်ရန် ရည်ရွယ်ပြီး ဘုရားကြီး အရှေ့ဘက်ကိုက (၄၀၀)ရှိ ညီညာပြန့်ပြူးသည့် ကုန်းတော်ပေါ်တွင် အလျား ၂၀၀-ပေ၊ အနံ ၂၀၀-ပေ ကျယ်ဝန်းသည့် ပရိဝုဏ်

အတွင်း၌ မူလဘုရား စံပယ်ကိန်းဝပ်ရာ ပုံစံအတိုင်း ဂေါပက အဖွဲ့မှ အသစ်တည်ဆောက်ခဲ့လေသည်။

ယင်း ဂန္ဓကုဋိတိုက်သစ်ကြီးကို ၁၉၇၂ခုနှစ်၊ အောက်တိုဘာလမှ စေတနာရှင်များ၏ အကူအညီဖြင့် ဆောက်လုပ်ခဲ့ရာ ၁၉၈၄ခုနှစ်၊ မတ်လ ၂၄ ရက် (၁၃၄၅ ခု၊ တပေါင်းလပြည့်ကျော်၈ရက်)နေ့တွင် ပြီးစီးအောင်မြင်ကာ ထီးတော်သစ်ကို တင်လှူ နိုင်ခဲ့ပါသည်။ ယင်းကိုယ်ပွားတော် ဂန္ဓကုဋိတိုက်သစ်ကြီးနှင့် ရုပ်ပွားတော်များ၏ ပုံသဏ္ဍာန်အတိုင်း တူအောင် ဆောက်လုပ်ထားခြင်းဖြစ်သည်။ အရွယ်အစားမှာ မူလထက် သုံးချိုး နှစ်ချိုးထားပြီး ဆောက်လုပ်ထားခြင်းဖြစ်သည်။ ၁၉၈၅ခုနှစ်၊ ဇွန်လအထိ ကုန်ကျငွေမှာ ၃၃၃၂၆ဝိ-၉၅း (ကျပ်သုံးသိန်းသုံးသောင်း သုံးထောင် နှစ်ရာ ခြောက်ဆယ့် တစ်ကျပ်နှင့် ကိုးဆယ်ငါးပြားဖြစ်ပါသည်။

## (ဃ)ဘုန်းတော်ကြီးကျောင်း

ဘုရားကြီးသို့သွားရာ စောင်းတန်းကြီး၏ လက်ယာဘက်တွင် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရှိသည်။ ခြေတံရှည် သစ်သားဆောင် ကျောင်းကြီးနှစ်ဆောင်နှင့် ဇရပ်ကြီးတစ်ဆောင် ပါဝင်သည်။အရှေ့ဘက်တွင် ဂေါပက အဖွဲ့

ပိုင် ဇရပ်သစ်ကြီးနှင့် အနောက်ဘက်တွင် ဒေါ်ထွေး ဇရပ်ကြီး တို့ရှိသည်။ ဆရာတော် ဦးဇဝန ကျောင်းထိုင်ကာ ပရိယတ် စာပေများ သင်ကြားပို့ချလျက် ဘုရားဖူး ကြွလာသော သံဃာ တော်များ တည်းခိုသီတင်းသုံးရာ ကျောင်းလည်း ဖြစ်သည်။ ယင်းကျောင်းကြီးကို လွန်ခဲ့သောနှစ်ပေါင်း (၇၀)လောက် က တည်းက တည်ဆောက်ပြီးဆရာတော် ဦးစန္ဒန ကျောင်းထိုင် ခဲ့သည် ဟုသိရသည်။ ယခုလက်ရှိ ကျောင်းထိုင် ဆရာတော် မှာ ဦးဇဝ္ဒန (ဝါတော် ၇၅ သက်တော် ၉၅ နှစ်) ဖြစ် သည်။

## (င)သိမ်တော်ကြီး

သိမ်တော်ကြီးသည် စောင်းတန်းကြီး၏ လက်ယာ ဘက်ဘုန်းတော်ကြီးကျောင်း၏ အနောက်ဘက်တွင် ဆောက် လုပ်ထားသောအုတ်တိုက်အဆောက်အအုံဖြစ်သည်။သင်္ဘော ပုံသဏ္ဍာန်တည်ဆောက်ထားပြီး ပင်လယ်ရေ တက်လာသော အခါ သင်္ဘောကြီး တစ်စီးရေပေါ်တွင် ခုတ် မောင်းနေသည့် ဟန်တည်ဆောက်ထားလေသည်။ သိမ်တော်ပေါ်တွင် ရုပ်ပွား တော် ဘုရားနှင့် စေတီတော် တစ်ဆူ ကိုပါ ကိုးကွယ်ထား သည်။ ယင်းသိမ်မှာ မိန်းမ-ယောကျ်ား မခွဲခြားဘဲ တက် ရောက်နိုင်သောသိမ်တော်ဖြစ်သည်။ ၁၉၅၄ခုနှစ်ကရေလယ်

ကျောင်းဆရာတော် ဦးစန္ဒနကိုယ်တိုင်ကြီးမှူး၍စတင်ဆောက်လုပ်ခဲ့ပြီး ယခု ကျောင်းထိုင်ဆရာတော် ဦးဇဝနမှ ဆက်လက်ဆောက်လုပ်ခဲ့သည်။

## (စ) ဇရပ်ကြီးများ

ကုန်းတော်ပေါ်မှ ဘုရားကျောင်းတော်ကြီးသို့သွားရာ စောင်းတန်းကြီး၏ လက်ဝဲဘက်တွင် ဇရပ်ကြီး(၄)ဆောင်နှင့် လက်ယာဘက်တွင် ဇရပ်ကြီး (၂)ဆောင်ရှိသည်။ ခြေတံရှည်သစ်သား ဖြင့် ဆောက်လုပ်ထားသော ဇရပ်ကြီးများဖြစ်သည်။ ပင်လယ်ပြင်၏ လှိုင်းဒဏ်၊ လေဒဏ်၊ မိုးဒဏ်များ အပြင်းအထန် ထိတွေ့နေ၍ မကြာခဏ ပြုပြင်ထိန်းသိမ်းနေရသည်။ ၁-၆-၉၈ ရက်မှစပြီး ဇရပ်တိုင်ပေါင်း (၅၆၀)ကို အောက်ခြေမှစပြီး ကွန်ကရစ်ငုံခြင်း လုပ်ငန်းကို လုပ်ကိုင်နေပြီဖြစ်သည်။ ဘုရားဂေါပကအဖွဲ့မှ တိုင်တစ်တိုင်လျှင် ၅၀၀၀ ကျပ်နှုန်းဖြင့် အလှူခံကာလုပ်ဆောင်ပေးနေပါသည်။ဇရပ်ကြီးများ၏အရှေ့ဘက် စကြံန်လမ်းတစ်လျှောက် ကြမ်းခင်းများ အသစ်လဲလှယ်ခြင်း၊အမိုးများ အသစ်လဲလှယ်ခြင်း လုပ်ငန်းတို့ကို ၁-၉-၉၈ ရက်နေ့တွင် အပြီးတည်ဆောက်ခဲ့ပြီး ဖြစ်သည်။

**(၁) သီရိမင်္ဂလာဆောင်**

ကမ်းပါးနှင့်အနီးဆုံး အဆောင်ဖြစ်သည်။ မော်လမြိုင်မြို့နေ အိမ်အန်တောင် ဆေးတိုက်ပိုင်ရှင် သူဌေးကြီးမှ ဆောက်လုပ်လှူဒါန်း ခဲ့သည်။

**(၂) သီရိမာလာဆောင်**

ကမ်းပါးနှင့် ဒုတိယ အနီးဆုံး အဆောင်ဖြစ်သည်။ မော်လမြိုင်မြို့နေ မာတ်မီး ဦးအုန်းဖေမှ ဆောက်လုပ် လှူဒါန်းခဲ့သည်။

**(၃) သီရိသိဂီဆောင်**

ကမ်းပါးနှင့် တတိယအနီးဆုံး အဆောင်ဖြစ်သည်။ မုဒုံမြို့နေ ဦးတင်မှီမှ ဆောက်လုပ်လှူဒါန်းခဲ့သည်။

**(၄) သီရိခေမာဆောင်**

ဘုရားဝတ်ကြီးနှင့် အနီးဆုံးအဆောင် ဖြစ်သည်။ မော်လမြိုင် မြို့နေ အရေးပိုင် ဦးဘဇံ ကောင်းမှုဖြစ်သည်။

အထက်ပါ ဇရပ်ကြီး (၄) ဆောင်စလုံးကို လွန်ခဲ့သည့်နှစ်ပေါင်း (၉၀)ကျော်ခန့် ဒုတိယကမ္ဘာစစ်မဖြစ်မီ ကာလကပင် ဆောက်လုပ်လှူဒါန်းခဲ့ကြခြင်း ဖြစ်သည်။

ဘုရားသွား စောင်းတန်းကြီး၏ လက်ယာဘက်တွင် ဇရပ်နှစ်ဆောင်ရှိသည်။

## (၅) သခင်မကြီး ဒေါ်ထွေးဆောင်

ကျိုက္ခမီမြို့နေ ကျောင်းဒါယိကာမကြီး ဒေါ်ထွေးမှ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ဒေါ်ထွေးသည် ကျိုက္ခမီမြို့သို့ ဖက်ဆစ်ဂျပန်များ ဝင်ရောက် စခန်းချစဉ်ကာလက ဂျပန်များ၏ လူမဆန်စွာ မြန်မာအမျိုးသမီးများအပေါ် စော်ကားမှုအတွက် ဒေါက်တာ ဘမော်အစိုးရသို့ တိုင်ကြားခဲ့သည်။ ထိုသို့ တိုင်ကြားမှု၏ အကျိုးဆက်ကြောင့်ပင် ဂျပန်များ၏ အညိုးထားကာ ဖမ်းဆီး ညှဉ်းပမ်းပြီး သတ်ဖြတ် ခြင်းခံရပါသည်။သူမအားသတ်ဖြတ်သည့် နေရာသည်ယခု ကျိုက္ခမီမြို့ ပြည်သူ့ဆေးရုံ ရင်ခွဲရုံ အရှေ့ဘက်တွင်ဖြစ်ပါသည်။

## (၆) သီရိဇေယျာဆောင်

ဘုန်းတော်ကြီးကျောင်း အရှေ့ရှိဇရပ်ဟောင်းကြီးကိုဖျက်၍ ဂေါပကအဖွဲ့မှ ၁၉၈၁ခုနှစ်တွင် အသစ်ပြန်လည်တည်ဆောက်ခဲ့ သည်။ ခန်းမကြီးပါ ပါရှိ၍ တစ်ခါတစ်ရံ အခမ်းအနားများ ကျင်းပပါသည်။

## (၇) သီရိရတနာခန်းမဆောင်

ဂေါပကရုံးခန်းနှင့် တစ်ဆက်တစ်စပ်တည်းရှိသော အဆောင်ကြီးဖြစ်သည်။ ၁၈-၁၂-၉၄ ရက်နေ့တွင် စတင်

တည် ဆောက်ပြီး ၁-၃-၉၆ ရက်နေ့တွင် ပြီးစီးသွားသည်။ စုစုပေါင်း ကုန်ကျငွေမှာ ၃၇၀၅၀၀၀-ကျပ် ဖြစ်သည်။

**(၈) သီရိနန္ဒာဆောင်**

သီရိရတနာဆောင်နှင့် ယှဉ်လျက် တည်ရှိပါသည်။ ၂၈-၂-၉၇ ရက်နေ့တွင် စတင် တည်ဆောက်ပြီး ၁-၇-၉၈ ရက်နေ့တွင် ပြီးစီးသွားသည်။ စုစုပေါင်း ကုန်ကျငွေမှာ ၄၄၄၇၃၇၀-ကျပ် ဖြစ်သည်။

**(၉) သီရိဝဏ္ဏဆောင်**

---

ယခင်စာတိုက်အဆောက်အဦးဖြစ်သည်။ ထိုစဉ်က အရှေ့တောင် တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကက်စိန် (ယခု ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး)၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဂေါပက အဖွဲ့မှ စာတိုက်နေရာနှင့် အဆောက်အဦးကို အစားဝယ်ပေးပြီး စာတိုက်မြေနေရာနှင့် အဆောက်အဦးကို ဂေါပကအဖွဲ့မှ ငွေအမ်း ယူခဲ့သည်။

---

ထိုအဆောက်အဦးကို ခေတ်မီပုံစံနှင့် ဘုရားဖူး ဧည့်သည်များတည်းခိုးနားနေနိုင်ရန် စီစဉ်ခဲ့ပါသည်။ ၁-၂-၉၈ ရက်နေ့မှစတင် တည်ဆောက်ပြီး ၁-၇-၉၈ ရက်နေ့တွင် ပြီးစီးခဲ့သည်။ စုစုပေါင်း ကုန်ကျငွေမှာ (၆၈၄၂၂၂) ကျပ်ဖြစ်သည်။

## (ဆ) စောင်းတန်းကြီး

ဘုရားကျောင်းကြီးသို့ ကုန်းဘောင်ပေါ်နှင့် ဆက်သွယ်ထားသောဇရပ်ကြီးမှာ မူလဘုရားကျောင်းကြီးကို မီးစွဲလောင်ခဲ့သည့် ၁၂၈၈-ခုနှစ် နောက်ပိုင်း တည်ဆောက်ခဲ့သော စောင်းတန်းကြီးဖြစ် သည်။ ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံခဲ့ရာ ယနေ့တွင် သမံတလင်း ခင်း၊ ကွန်ကရိတိုင်၊ မီးခံအမိုးပြား မိုးထားသည့် ခေတ်မီစောင်းတန်းကြီး ဖြစ်နေ ချေပြီ။ စောင်းတန်းကြီး၏ စတင်ရာ ကုန်းတော်ပေါ်မှ စောင်းတန်းအစအဆုံး ဆက်သွယ်ထားသော အုတ်လှေကားဆောင် ကြီးမှာ ပေ (၁၀၀)ရှည်လျားပြီး ကမ်းခြေမှ ဘုရားကြီး အရောက်ဦး ခွန်ဆန္ဒမုခ်ဦးကြီး ပြသာဒ်အထိ ပေပေါင်း ၇၁၈-ပေ ရှည်လျားသည်။

## (၈) နှစ်ထပ်စောင်းတန်းကြီး

ယခင်မွန်ပြည်နယ် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကက်စိန်၏ ဦးဆောင်လမ်းညွှန်မှုအတိုင်း ဘုရားကြီး၏ ဘက်စုံ တည်ဆောက်ရေးလုပ်ငန်းစဉ်အရ ဒီရေအတက်အကျကို မစောင့်ဆိုင်းရဘဲ အချိန်အရွေး သွားရောက်နိုင်သည့် နှစ်ထပ်စောင်းတန်းကြီးကို (၂၄. ၈. ၉၀) ရက်နေ့တွင် မြို့နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဂေါပကအဖွဲ့ဝင်များမှ စတင်အုတ်မြစ်ချခဲ့ပါသည်။ ထိုနှစ်ထပ် စောင်းတန်းကြီးသည် သံကူကွန်ကရစ်နှစ်ထပ်အဆောက်အဦးဖြစ်ပြီး အခန်းပေါင်း (၅၇) ခန်းရှိသည်။ စုစုပေါင်း ကုန်ကျငွေမှာ သိန်း(၁၀၀)ခန့်ဖြစ်သည်။

၁၃၅၇-ခုနှစ်၊ သီတင်းကျွတ်လပြည့်(၈. ၁၀. ၉၂)ရက်နေ့တွင် ယခင် အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကက်စိန်မှ ဖွင့်လှစ် ပေးခဲ့သည်။

## (၉) ဘုရားဂေါပကပိုင် အခြားအဆောက်အဦးများ

၁၉၆၅-ခုနှစ်က ဘုရားကုန်းတော် အရှေ့မြောက်ဘက်တွင် ဆောက်လုပ်ထားသော သမံသလင်းခင်း၊ သွပ်မိုး

အဆောက်အအုံကြီး ဖြစ်သည်။ အလျား (၁၄၀)ပေ၊ အနံ(၈၀)ပေရှိသည်။ တရားပွဲများ၊ လူထုအစည်းအဝေးများ ကျင်းပရာ နေရာအဖြစ် အသုံးပြုသည်။

## (၂) သီရိစန္ဒာခန်းမဆောင်

သီရိဇေယျာဆောင်၏ အရှေ့ဘက်လမ်းတစ် ဘက် တွင် ရှိသည်။ ၁၉၇၀ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး အလျား (၁၂၀)ပေ၊ အနံ(၆၀)ပေရှိ သမံတလင်းခင်း သွတ်မိုးအ ဆောက်အအုံဖြစ်သည်။ ဗုဒ္ဓပူဇနီယပွဲတော် ပျော်ပွဲရွှင်ပွဲ လုပ်ငန်းများအတွက် အသုံးပြုသည်။

## (၃) ဂေါပက ဧည့်ရိပ်သာ

သီရိရတနာခန်းမဆောင် အရှေ့ဘက်တွင်ရှိပြီး ၁၉၇၅ ခုနှစ်ကကျိုက္ခမီမြို့နေ ဦးစန်းသိန်းမှဆောက်လုပ်လှူဒါန်းခဲ့ သည်။ ဘုရားဖူးလာ အရေးကြီးပုဂ္ဂိုလ်များ တည်းခို ရန် အသုံးပြု သည်။

## (၄) အုတ်စောင်းတန်း လှေကားကြီး

အနောက်ဖက် ကုန်းတော်ပေါ်မှ သောင်ပြင်သို့ ဆင်းသွား သောအုတ်လှေကား စောင်းတန်းကြီး ကျိုက္ခမီမြို့နေ စောင်းတန်း ဒါယကာ ဦးဖိုးစိန်-ဒေါ်မလျော့တို့မှ ဆောက်လုပ်လှူဒါန်းခဲ့သည်။ ပေ (၈၀) ရှည်လျားပြီး သမံတလင်းခင်း၊ သွပ်မိုး

လှေကားစောင်းတန်း ဖြစ်သည်။

**(၅) အဝီစိတွင်းနှင့် မီးစက်**

ဘုရားဖူးလာ ရဟန်း ရှင်လူများအတွက် မီး၊ ရေ ရရှိနိုင်ရန် ကုန်းတော်ပေါ်၌ အဝီစိတွင်း(၃)တွင်း၊ မီးစက်(၁) လုံး၊ ရေချိုးခန်း (၁)ခန်း တူးဖော်ဆောက်လုပ်ထားသည်။

**(၆) ဓမ္မရိပ်သာများ**

ကုန်းတော်ပေါ်ရှိ ဂေါပကရုံး အဆောက်အအုံမှ အနောက်အစွန်းတွင် ဆောက်လုပ် လှူဒါန်းထားသော ဓမ္မရိပ်သာ နှစ်လုံး ရှိလေသည်။

ရိပ်သာနှစ်လုံးအနက် တောင်ဘက်ရှိ ရိပ်သာမှာ သွပ်မိုး အုတ်တိုက် အဆောက်အအုံဖြစ်ပြီး နိုင်ငံတော် ဝန်ကြီးချုပ် ဟောင်း ဦးနုက ၁၉၅၈ခုနှစ် ဆောက်လုပ် လှူဒါန်းခဲ့သည်။

ယင်းရိပ်သာနှင့်ယှဉ်တွဲလျက်ရှိသည့် မြောက်ဘက် ဓမ္မရိပ်သာ မှာ ၁၉၇၇ခုနှစ်တွင် မော်လမြိုင်မြို့နေ ဒေါ်ခင်မေ က ဆောက်လုပ် လှူဒါန်းသွားသော အဆောက်အအုံ ဖြစ်လေသည်။

**(၇) ရှင်ဥပဂုတ္တကျောင်းဆောင်**

ရေလယ်ဘုရား ဂန္ဓကုဋိတိုက်ကြီး၏ အရှေ့ မြောက်

ဘက်တွင် ရှင်ဥပဂုတ္တမထေရ်တော်တစ်ဆူနှင့်ကျောင်းဆောင် တစ်ဆောင်ကို ၁၉၈၅ခုနှစ်တွင် သံဖြူဇရပ်မြို့နယ် ပါတီယူနစ် ဥက္ကဋ္ဌ ဦးထွန်းခိုင် ကြီးမှူး၍ ဂေါပကအဖွဲ့၏ အကူအညီဖြင့် စေတနာရှင်များ စုပေါင်း ပါဝင်ပြီး ဆောက်လုပ်ခဲ့သည်။ ယနေ့ အထိ ကျပ် ၄၂၂၃၆ ကျပ် ၃၀ပြား ကုန်ကျခဲ့သည်။

၁၃၄၇ ခုနှစ် တပေါင်းလပြည့်နေ့တွင် ရှင်ဥပဂုတ္တ မထေရ်ကြီး စတင် စံပယ်တော်မူသည်။

## (၈) နှစ်ကျိပ်ရှစ်ဆူစံကျောင်းတော်

ရေလယ်ဘုရား ဂန္ဓကုဋိတိုက်ကြီး တောင်ဘက်ရင် ပြင်တော် နှင့် တစ်ဆက်တည်းတွင် ၂၄ပေခွဲပတ်လည်၊ အမြင့် ၁၂ပေရှိသော နှစ်ကျိပ်ရှစ်ဆူ စံကျောင်းတော်ကို ၁၃၄၈ခုနှစ်၊ ကဆုန်လဆန်း (၇)ရက် ကြာသပတေးနေ့တွင် အုတ်မြစ်ချ၍ ကျိုက္ကမီမြို့ပေါ်ရှိ စေတနာရှင် လုပ်သားပြည်သူများနှင့် ဘုရားဖူးကြွလာကြသော ရပ်ဝေးရပ်နီးမှ စေတနာရှင်များ စုပေါင်းပြီး ရေလယ်ဘုရား ဂေါပကအဖွဲ့မှ ကြီးကြပ် ဆောက်လုပ် ၍ ငွေကျပ် ၂၀၀၇၉၇ကျပ် ၁၅ပြား(ကျပ်နှစ်သိန်း ခုနှစ်ရာ ကိုးဆယ့်ခုနှစ်ကျပ် တစ်ဆယ့်ငါးပြား) ကုန်ကျခဲ့သော ၁၃၄၉ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် နှစ်ကျိပ်ရှစ်ဆူ ကိုယ် တော်မြတ်များ

ကိန်းဝပ် စံပယ်တော်မူကြပါသည်။

၄င်းစံကျောင်းတော်ကြီး အတွင်းဘက်တွင် ကျိုက္ခ မီမြို့ အေးဝ လမ်းမှ ဦးဘသိန်း-ဒေါ်သိန်းငွေမိသားစုတို့က ဘုရားကြီး ဘဏ္ဍာတော် အလှူငွေ ရာသက်ပန် တိုးပွားစေရန် ရည်ရွယ်၍ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများအား အဓိဋ္ဌာန် ဆုံလည်တစ်ခုကို ငွေကျပ် ၁၂၁၃၆ ကျပ် ၅၀ပြား လှူဒါန်း ပါသည်။

## (၉) သမိုင်းဝင် ဘုရား(၄)ဆူ စံကျောင်းတော်

ကျိုက္ခမီ ရေလယ်ဘုရား ဂန္ဓကုဋိတိုက်ကြီးအနီး အရှေ့ဘက် တွင် ၁၃၄၈ခုနှစ်၊ တန်ခူးလဆန်း (၁၀)ရက် ဗုဒ္ဓဟူးနေ့တွင် ဩဝါဒါစရိယ ဆရာတော်ကြီးများ ကိုယ်တိုင် အုတ်မြစ်ချ၍ ကျိုက္ခမီမြို့ လှေတည်ဆောက်လုပ်သော ဗိသုကာကြီး ဦးညိန်း မောင်-ဒေါ်နှင်းရွှေ တို့၏သား မော်လမြိုင်မြို့နေ ဦးတင်လှ-ဒေါ်ချန်ရင်တို့ မိသားစုက အလျား(၃၆)ပေ၊ အနံ(၂၁)ပေ၊ အမြင့် (၁၂)ပေ ရှိသော ဘုရား (၄)ဆူ စံကျောင်းတော်ကို ငွေကျပ် ၄၄၂၅၈၂ကျပ် ၄၀ပြား (ကျပ်လေးသိန်း လေးသောင်း နှစ်ထောင့် ငါးရာ ရှစ်ဆယ့်နှစ် ကျပ် ပြားလေးဆယ်တိတိ) ကုန်ကျခံကာ လှူဒါန်းခဲ့ပါသည်။

အတွင်းဘက်တွင် ကျိုက္ခမီ ရေလယ်ဘုရားနှင့် သမိုင်း တစ်ဆက်တစ်စပ်တည်း ရှိသော ဘုရားရုပ်ပွားတော်(၄)ဆူကို-

(၁) ပုသိမ်မြို့ ၊ ရွှေမုဋ္ဌော စေတီတော်တောင်ဘက် အာရုံခံ တန်ဆောင်းရှိ သီဟိုဠ်ရှင် ဘုန်းတော်ပြည့်ဘုရား ရုပ်ပွား တော် ကိုယ်စားတော် ဘုရားတစ်ဆူကို ကျိုက္ခမီမြို့ ဦးသိန်းတန် + ဒေါ်တင်ရီ မိသားစု တို့က လည်းကောင်း။

(၂) ကျိုက်ထိုမြို့၊ ကျိုက်ပေါလောမွဲ့ရှင်တော်ဘုရား ရုပ်ပွား ကိုယ်စားတော် တစ်ဆူကို မော်လမြိုင်မြို့ ဦးပါလေး+ဒေါ် သိန်းကြည် မိသားစုက လည်းကောင်း။

(၃) ကျိုက္ခမီရေလယ်ဘုရားရုပ်ပွားကိုယ်စားတော်တစ်ဆူကို မော်လမြိုင်မြို့ဦးတင်လှဒေါ်ချန်ရင်မိသားစုကလည်းကောင်း။

(၄) ထားဝယ်မြို့ ရှင်မတ္ထီး ရုပ်ပွားတော် ကိုယ်စားတော် တစ် ဆူကို မော်လမြိုင်မြို့၊ ဦးမောင်မောင် + ဒေါ်သန်းစိန် မိသားစု ကလည်း ကောင်း အသီးသီး လှူဒါန်းပူဇော်ကြပါသည်။

**(၁၀) ကျိုက္ခမီရေလယ် ဘိုးဘိုးကြီး နတ်နန်းဆောင်**

ကျိုက္ခမီ ရေလယ်ဘုရားကြီးအနီး နှစ်ကျိပ်ရှစ်ဆူ စံ ကျောင်း တော်နှင့် ကပ်လျက်တည်ရှိသော နေရာတွင် အ လျား (၁၄)ပေ၊ အနံ (၁၄)ပေ၊ အမြင့် (၁၀)ပေ ရှိသော အုတ်နန်း ဆောင်ကို ၁၃၅၈-ပြည့်နှစ်၊ တန်ဆောင်မုန်း လဆန်း (၃)ရက်၊ သောကြာနေ့တွင် အုတ်မြစ်ချ၍ ကျိုက္ခမီမြို့ခေမာရပ်မှ ဒေါ်အုန်း ရွှေက ငွေကျပ်၁၄၉၀၀-ကျပ် မတည်၍ ရုပ်ပေးရပ်နီး စေတနာ ရှင်များ စုပေါင်းကာဂေါပကအဖွဲ့ မှ ကြီးကြပ်၍ ငွေကျပ် ၆၈၁၅၇

ကျပ် ကုန်ကျခံကာ တည်ဆောက် ပြီးစီးခဲ့ပါသည်။

## (၁၁) သာသနာ့သမိုင်းဝင် ဗုဒ္ဓဝင်ပြတိုက်ကြီး

အနန္တဂိုဏ်းဝင် ကျေးဇူးရှင် နှစ်ဘက်သော မိဘများဖြစ်ကြသော (အနင်းရွာနေ) ဦးနိုင်ဘရှင်-မိရီ၊ ဦးနိုင်ရွှေဖော်-မိပြေတို့အား အမှူးထား၍ သံဖြူဇရပ်မြို့ (ရန်ကုန်မြို့နေ)အလှူရှင် နိုင်မောင်ရင်- မိဝင်း မိသားစုတို့က သာသနာ ၂၅၃၀၊ကောဇာ ၁၃၄၈-ခုနှစ်၊ ခရစ်နှစ် ၁၉၈၇-ခုနှစ်၌ ထက်သန်သော သဒ္ဓါစေတနာ ပေါ်ပေါက်ခဲ့၍ ၁၉၈၈-ခုနှစ်တွင် စတင်ကြိုးစားသော်လည်း အလှူ ဒါန မထမြောက်ခဲ့၍ မလျော့သော ဖွဲလုံ့လဝီရိယတို့ဖြင့် အဓိဋ္ဌာန် ပြုခါ သာသနာ ၂၅၃၂ ကောဇာ ၁၃၅၀၊ ခရစ် ၁၉၈၉-ခုနှစ်၊ ဇန်နဝါရီလ ၁၉-ရက်၊ မင်္ဂလာရှိသော နံနက်အချိန်အခါ၌ စုံညီစွာ ဗုဒ္ဓဝင်ပြတိုက် အဆောက်အအုံကို အုတ်မြစ်ချအခမ်းအနား ကျင်းပပြီး ၆-နှစ်တာ ကာလတိုင်တိုင် ကျွမ်းကျင်သော ပန်းရံ၊ လက်သမား၊ ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့၊ လျှပ်စစ်၊ ဂီတပညာ ရှင်များ စုပေါင်းပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားပြီး လုပ်ကိုင်ခဲ့ကြရာ သိန်းပေါင်း ၁၀၀ ကျော် အကုန်အကျခံကာ ဗုဒ္ဓဝင်ပြတိုက် အဆောက်အအုံကြီးကို အံ့မခန်းဖွယ်ရာ ထည်ဝါခန့်ညားစွာ တည်ဆောက် ပြီးစီး၍ သာသနာ ၂၅၃၈၊ ကောဇာ ၁၃၅၆၊ တန်ဆောင်မုန်းလဆန်း ၁၄-ရက်၊ ၁၆-၁၁-၉၄ (ဗုဒ္ဓဟူးနေ့)တွင်

ရေစက်သွန်းချအမျှပေးဝေကာ ကျိုက္ခမီ ရေလယ် ဆံတော်ရှင်မြတ်ဘုရားကြီး အခြွေအရံ အဆောက်အအုံ အဖြစ် သာသနာ့သမိုင်းဝင် ဗုဒ္ဓဝင်ပြတိုက်ကြီးကို လှူဒါန်း ပူဇော်ခဲ့ ကြပါသည်။

**ထီးတော်ဟောင်းအဆောင်**

(၁၅) ထီးတော်ဟောင်း အပူဇော်ခံရာ အဆောင်၏ အလျားမှာ ၂၁-ပေ၊ အနံ ၂၀-ပေ၊ အမြင့် ၂၈-ပေ ရှိသော အဆောင် တစ်ဆောင်ကို ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး ဂန္ဓကုဋ္ဌိတိုက် တက်-ဆင်း လှေကားနှင့်ကပ်လျက် အများပြည်သူလူထု လှူဒါန်းထား သော ဝေယျာဝစ္စ အဆောက်အအုံ အလှူတော်ငွေမှ ကျပ်ငွေ (သုံးသိန်းကျော်) အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းပါသည်။

**ရှင်သီဝလိ စံကျောင်းတော်**

သံဖြူဇရပ်မြို့နယ်၊ ပင်ကျေးရွာနေ နိုင်မွန်တင့်-မိမြင့်မြင့်အေး မိသားစုမှ အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းထားသည်။ ဘုရားဝတ်ကြီး အနီးဆုံးနေရာ၊ အရှေ့ဘက်တွင်ရှိသည်။ စုစုပေါင်း ကုန်ကျငွေ ၆-သိန်းကျော်ကုန်ကာ ၁၉၉၀-ခုနှစ်တွင် ပြီးစီးခဲ့သည်။

**ရှင်ဥပဂုတ္တမထေရ် စံကျောင်းတော်သစ်ကြီး**

ကျိုက္ခမီပင်လယ်ပြင်အတွင်း (ဂါရံ) ကျောက်ဆောင်ပေါ်တွင် တည်ထားသည်။ ရန်ကုန်မြို့၊ ဝင်ဒါမီယာ၊ သံလွင်လမ်း၊ အမှတ်(၉၀)အေနေ၊ ဦးစိုးမင်း + ဒေါ်မခိုင် မိသားစုတို့မှ ဂေါပကအဖွဲ့နှင့်ပူးပေါင်းကာတာဝန်ယူ အကုန်အကျခံပြီး (၈-၁- ၉၇)နေ့တွင် စတင်ပြီး တည်ဆောက်ကာ (၇-၇-၉၈)ရက် နေ့တွင် ပြီးစီးခဲ့သည်။ စုစုပေါင်း ကုန်ကျငွေမှာ (၁၄၄၄၆၃၆-ကျပ်) ဖြစ်သည်။

**မုခ်ဦး**

ခ-လ-ရ (၃၁) တပ်ရင်းမှူး၊ ဒုဗိုလ်မှူးကြီးဘုန်းဆွေနှင့် ဇနီးဒေါ်စန်းစန်းဝေအမှူးထား၍အရာရှိအရာခံ၊အကြပ် တပ်သားများ စုပေါင်းကောင်းမှုဖြစ်သည်။ စုစုပေါင်းကုန်ကျငွေမှာ ၃၁၀၇၀၀-ကျပ်ခန့် ကုန်ကျမည်ဖြစ်သည်။ (၇-၁၀-၉၅)ရက နေ့တွင် ဖွင့်လှစ်နိုင် ခဲ့သည်။

**မုခ်ဦးဆောင်**

ဘုရားကြီးသို့ကမ်းပါးမှအဆင်း၊ မုခ်ဦးဆောင်ကို အသစ်တဖန် ကနုတ်ပန်းများ စီခြယ်ပြီး အလွန်တင့်တယ်သည့် အသွင်အပြင် ဖြင့် တည်ဆောက်ပြီးစီးပြီးဖြစ်သည်။ ထိုအဆောက် အဦးကို သံဖြူဇရပ်မြို့နေ ဦးပိန်းရွှေ- ဒေါ်သင်းထို မိသားစုတို့မှ နိဗ္ဗာန်ကို မျှော်ကိုးပြီး ငွေ(၇)သိန်းကျော်ခန့် အကုန်အကျခံကာ ဆောက်လုပ်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ပြီးစီးခဲ့သည်။

## ကြေးဆင်းတုရုပ်ပွါးတော်ကြီးများနှင့် ဗောဓိညောင်ပင်ကြီး

ဗောဓိညောင်ပင်ကြီးတွင် တည်ထားကိုးကွယ်သော ကြေးဆင်းတုရုပ်ပွားတော် (၅)ဆူ ပူဇော်ထားရှိပါသည်။

(၁) ဉာဏ်တော်(၄ပေ×၉လက်မ)ရှိကြေးပိသာချိန်(၁၄၀)ပိသာရှိ၍တန်းဖိုးငွေကျပ်(၄၅၀၀၀၀)၊ကျပ်လေးသိန်းငါးသောင်းကျော်ဖြစ်ပြီးယခင်မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်ဝင်း (ယခုဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း)နှင့်ဇနီး ဒေါ်စန်းစန်းရီမိသားစုတို့မှပူဇော်လှူဒါန်း၍၁၃၆၁ခုနှစ်၊ဒုတိယဝါဆိုလပြည့်၊တနင်္ဂနွေနေ့ (၂၇. ၆. ၉၉)ရက်နေ့တွင်စတင်သီတင်းသုံးစံပယ်တော်မူပါသည်။

(၂) ဉာဏ်တော်(၃ပေ×၉လက်မ)ရှိကြေးပိသာချိန်(၇၀) ပိသာရှိ၍ တန်ဖိုးငွေကျပ် (၂၄၀၀၀၀) ကျပ်နှစ်သိန်းလေးသောင်းကျော်ဖြစ်ပြီး ကျိုက္ကမီမြို့၊ မြို့မဈေး ရပ်ကွက်၊ ရှမဝလမ်းနေ ဦးချစ်အေး+ဒေါ်ငွေသိန်း မိသားစုတို့မှလှူဒါန်းပူဇော်ထားပါသည်၁၃၆၁ခုနှစ်၊ တပို့တွဲလဆန်း(၉)ရက်၊တနင်္ဂနွေနေ့၊(၁၃. ၂. ၂၀၀၀)ရက်နေ့တွင် စတင်သီတင်းသုံး စံပယ်တော်မူပါသည်။

(၃) ဉာဏ်တော်(၄ပေ×၁လက်မ)ရှိကြေးပိဿာချိန်(၁၂၅)ပိသာရှိ၍တန်ဖိုးငွေ(၁၇၀၀၀၀)ကျပ်တစ်သိန်းခုနှစ်သောင်းကျော်ဖြစ်ပြီး ကျိုက္ကမီမြို့၊ မြို့မဈေးရပ်ကွက်၊ ရွှေပိတောက်လမ်းနေလမ်းနေ-ဦးစိုးနိုင်+ဒေါ်စုစုနွယ်တို့၏သားမောင်သက်နိုင်ထွန်း၊မောင်ကျော်ဇင်ထွန်းမိသားစုတို့မှ ပူဇော်လှူဒါန်း ထားပါသည်။ ၁၃၆၁-ခုနှစ်၊

တပေါင်းလပြည့်၊ တနင်္ဂနွေနေ့၊ ၁၉-၃-၂၀၀၀ ရက်နေ့တွင်စတင် သီတင်းသုံး စံပါယ်တော်မူပါသည်။

၄။ ဉာဏ်တော် (၃ပေ×၅လက်မ)ရှိကြေးပိသာချိန် ၁၀၀ပိသာ တန်ဘိုးငွေ ၁၀၀၀၀၀ိ/(ကျပ်တစ်သိန်း)ဖြစ်ပြီး၊ ကျိုက္ခမီမြို့၊ရွှမ၀ လမ်း၊ မြို့မ ဈေးရပ်ကွက်နေ၊ (ရယက) ဥက္ကဋ္ဌ ဦးလှငွေ ဇနီး ဒေါ် အေးအေးသက် မိသားစုတို့မှ ၁၃၆၂-ခုနှစ်၊ကဆုန်လပြည့်နေ့ ဗုဒ္ဓဟူးနေ့၊ ၁၇-၅-၂၀၀၀ ရက်နေ့တွင် ရာဇာမုနိဘုရားအား သီတင်းသုံး စံပါယ်တော်မူပါသည်။

၅။ ဉာဏ်တော် (၄ပေ×၁လက်မ)ရှိ ကြေးပိဿာချိန် ၁၀၀ပိသာ တန်ဘိုးငွေ ၁၈၀၀၀၀ိ/- (ကျပ်တစ်သိန်းရှစ်သောင်း) ကျော် ဖြစ်ပြီး၊ ကျိုက္ခမီမြို့၊ မြို့မဈေးရပ်ကွက်၊ ယုဇနလမ်းနေ- ဦးစိုး၀င်း+ ဒေါ်ခိုင်ဝါဝါလွင် (ရွှေဟသ်ာပွဲညက်) မိသားစုတို့မှ ၁၃၆၂-ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့၊ ၁၅-၇-၂၀၀၀ ရက်နေ့တွင် စတင် သီတင်းသုံး စံပါယ်တော်မူပါသည်။

**မော်တော်ယာဉ် ရပ်နားစခန်း**

၂၀-၄-၉၅ ခုနှစ်တွင် စတင် အကောင်အထည်ဖော်ပြီး ၁၉၉၆-ခုနှစ်တွင် ပြီးစီးသည်။ ဘုရားဖူးရောက်လာကြသည့် သည်တော် ကားများကို ၁-၁၂-၉၅ မှစတင်၍ နားနေခွင့်ပြုသည်။

# ရှုခင်းသာယာ
# ကျိုက္ခမီငွေသောင်ယံမှာ

## ကျိုက္ခမီငွေသောင်ယံ

ကျိုက္ခမီမြို့၏ အနောက်ဘက်သို့ မျှော်ကြည့်လိုက်သော် မျက်စိတဆုံး အန္တန်းကျယ်လှသည့် ပင်လယ်ကြီးကို တွေ့ရမည်ဖြစ်သည်။ ဖြူလွလွ ဘော်ငွေရောင် သဲသောင်ပြင်ကြီး၏အလယ်တွင် ကြိုကြားပေါ်နေသော ကျောက်တောင်ကျောက်စွယ်များသည် မဟူရာ ကျောက်ကလေးများ စီးထားသကဲ့သို့ ကျိုက္ခမီငွေသောင်ယံ၏အလှကို အားဖြည့်ထားသကဲ့သို့ ရှိချေသည်။ ပင်လယ်ဒီရေလှိုင်းကလေးများ အကြားတွင် မြုပ်ချည် ပေါ်ချည် ရှိနေသော ကျောက်ဆောင် ကျောက်တန်းကလေးများ၏ သဘာဝအလှမှာ ကျိုက္ခမီရေလယ်ဘုရားဖူးဧည့်သည်တော်များ၏ စိတ်နှလုံးကို ထာဝရအေးချမ်းစေ သည်။ ဤမျှ သာယာလှပသော ကမ်းခြေပေါ်တွင် တန်ခိုးကြီး ထင်ရှားလှသည့် ကျိုက္ခမီရေလယ်ဘုရား ကျောင်းတော်ကြီးသည် သိမ်တော်ကြီး၊ ဇရပ်ကြီးများ၊ ဘုန်းတော်ကြီးကျောင်းနှင့် စောင်းတန်းများ ခြံရံလျက် ကြည်ညိုဖွယ် တင့်

တယ်စွာ စံပယ်လျက်ရှိနေပြန် သည်။

ဘုရားကြီး၏ မြောက်စူးစူးသို့ တစ်ဖန်မျှော်ကြည့်လိုက်လေလျှင် ကမ်းမမြင်လမ်းမမြင် ကျယ်ပြောလှသည့် ဘင်္ဂလားပင်လယ် အော်ကြီးကို ဆွတ်ပျံ့ဖွယ် မြင်တွေ့ရပေမည်။ လက်ယာဘက်သို့ အနည်းငယ်ကြည့်လိုက်ပြန်လျှင် မှိုင်ညို့ညို့ထင်နေသည့် ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်မှ တောင်တန်းကြီးများကိုလည်းကောင်း၊ မော်လမြိုင်၊ မုဒုံရှိတောင်တန်းတောင်စွယ်များကိုလည်းကောင်း လှပစွာမြင်တွေ့ ရပေမည်။ ထို့အတူ အနောက်တောင်ဘက်သို့ ကြည့်လိုက်ပြန်လျှင် စိမ်းစိုမှိုင်းညို့နေသည့် ကျွန်းကလေးတစ်ကျွန်းကို လှမ်း၍ မြင်နိုင်ပေ သည်။ ထိုကျွန်း၏ အလယ်တွင် ကောင်းကင်သို့ ထိုးထွက်နေသော မီးပြတိုက်ကြီးမှာ ကျွန်းကလေးနှင့် ပန်းရလှသည်။ တစ်ဖန် ကမ်းခြေ အစပ် ကုန်းမြေမြင့်ဆီသို့ ကြည့်လိုက်ပြန်လျှင် ထုံးဖွေးဖွေးနှင့် ဘုရားစေတီများ၊ ကိုယ်ပွားတော် ဂန္ဓကုဋိတိုက်သစ်ကြီးနှင့် သာသနိက အဆောက်အအုံများကို မြင်တွေ့ရမည်ဖြစ်ရာ ကျိုက္ခမီငွေသောင်ယံ၏အလှကို ပို၍တိုးလာအောင် အနားသတ်ထားသကဲ့သို့ ရှိနေပြန်သည်။ ဤကမ်းခြေအလှသဘာဝသည်ပင် တစ်ချိန်

က ကျိုက္ခမီမြို့ကို လေညင်းခံရာမြို့တစ်မြို့အဖြစ် ကျော်ကြားကာ လူသိများစေရန် ဆွဲဆောင်ကြော်ငြာပေး နေသကဲ့သို့ရှိချေသည်။

ထိုသို့သော် ကျိုက္ခမီငွေသောင်ယံ၏ အလှအပရတနာများ သည် ကျိုက္ခမီရေလယ်ဘုရားကြီး၏ တန်ခိုးတော်၊ ဘုန်းတော်ရိပ်တွင် ခိုလှုံလျက် ရာမညဒေသ မွန်ပြည်နယ်၏ ဂုဏ်ယူဖွယ်သမိုင်းဝင် ဌာန တစ်ခုအဖြစ် ထာဝရ ရပ်တည်လျက် ရှိနေချေပြီတကား။

## ဆင်ပုန်းဂူဘုရား

ကျိုက္ခမီမြို့၏ တောင်ဘက်၊ ကျိုက္ခမီရေလယ်ဘုရားကြီး၏ အရှေ့တောင်ဘက်တွင် ဆင်ပုန်းဂူနှင့် ဆင်ပုန်းဂူဘုရားရှိလေသည်။ ထိုနေရာတွင် သစ်ပင်ကြီးများ အုပ်ဆိုင်းလျက် ဘုရားဖူးဧည့်သည်များ နှင့် ခရီးသွားများ စိတ်အေးချမ်းသာစေရန်နတ်များဖန်တီးထားသကဲ့သို့ရှုမောဖွယ်ရာကောင်းလှပေသည်။ ကုန်းမြေနှင့် တစ်ဆက်တစ်စပ် ရှိ၍ ပင်လယ်ထဲသို့ထိုးထွက်နေသော ကျောက်ဆောင်ပေါ်တွင် ဘုရားကိုတည်ထားရာ တစ်မျိုးတစ်ဘာသာ ထူးခြားလှပနေသည်။ ဘုရား၏နံဘေးတွင် အာရုံခံတန်ဆောင်းနှင့် ရုပ်ပွားတော်များ၊

ဘုန်း တော်ကြီးကျောင်းနှင့် ဇရပ်များရှိသည်။ ဘုရားရင်ပြင်ပေါ်မှ ပင်လယ် သို့ ရှုကြည့်လိုက်လျှင် အလွန်တရာ လှပဆန်းကြယ်သော ဆေးရောင်စုံပန်းချီကားကြီး တစ်ချပ်သဖွယ် ပင်လယ်ပြင်၏ ရှုခင်းအလှကို မြင်ရမည်ဖြစ်သည်။ ဘုရား၏ ခပ်လှမ်းလှမ်းတွင် ဆေးဖိုကျွန်းမီးပြတိုက်နှင့် မနီးမဝေး သောင်ပြင်ပေါ်ရှိ ကျောက်တုံး ကြီးပေါ်တွင်မူ စေတီငယ်တစ်ဆူကိုလည်း လှမ်းမြင်ရပေမည်။

ဤဆင်ပုန်းဂူနှင့်ဘုရားသည် လွန်လေပြီးသော အတိတ်က ကြီးကျယ်ထင်ရှားသော သမိုင်းဟောင်းများ ရှိခဲ့သည်။ အလောင်းစော် ဆဒ္ဒန်ဆင်မင်း ကျက်စားစံပျော်ခဲ့ရာ နေရာဟောင်းအဖြစ်လည်း ကောင်း၊ ဈာန် အဘိညာဉ်ရရသော့၊ ရဟန်း၊ ဝိဇ္ဇာ၊ ဇော်ဂျီများ နေထိုင်ခဲ့သည့် သမိုင်းဝင်ဂူအဖြစ်လည်းကောင်း၊ စိတ်ကောင်း စေတနာကောင်းရှိသည့် ကျိုက္ကမီမြို့သူ -မမင်းသိန်-ဥစ္စာစောင့်၏ သိုက်နန်းအဖြစ်လည်းကောင်း လူသိများကျော်ကြားလျက်ရှိသည်။

# ကျိုက္ခမီမြို့

ကျိုက္ခမီမြို့သည် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၏ အနောက်ဘက် ပင်လယ်ကမ်းခြေပေါ်တွင် တည်ရှိသည်။ မော်လမြိုင် မြို့မှ ကုန်းလမ်းခရီးဖြင့်လာလျှင် (၅၅) မိုင်ဝေးပြီး ရေလမ်းခရီးဖြင့် မိုင် (၃၀) ဝေးလေသည်။ ဧရိယာ စတုရန်း မိုင်(၈. ၃၆)ကျယ်ဝန်းသောကုန်းမြေပေါ်တွင် တည်ရှိ၍ မြို့မှာ သန့်ရှင်းလှပသည်။

ကျိုက္ခမီမြို့၏ အနောက်ဖက်ကမ်းခြေအနီးရှိ ကျိုက္ခမီ ရေလယ်ဘုရားကြီးကြောင့် နာမည်ကျော်ကြားရသည်။ တိုက်နယ် ဆေးရုံ၊ စာတိုက်၊ အထက်တန်းကျောင်းနှင့် လျှပ်စစ်မီး စက်များရှိသည်။

ကျိုက္ခမီမြို့၏ အတိတ်သမိုင်းမှာ ကျိုက္ခမီရေလယ် ဘုရားကြီး နှင့်အတူ ရှည်လျားလှသည်။ ကျိုက္ခမီမြို့သည် သီဟိုဠ်ကျွန်းမှ မျောပါ ရောက်ရှိလာသည့် သက်န်းတုံးခံသော ရုပ်ပွားတော် မဆိုက်ကပ်မီ ကပင် ရွာကလေးတစ်ရွာအဖြစ် ရှိနေပြီဖြစ်ကြောင်း သိရှိရသည်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် (၈)ဝါမြောက်

သက္ကရာဇ် (၁၁၁)ခုနှစ်၌ မြတ်စွာဘုရားကိုယ်တိုင် ကျိုက္ခမီမြို့နယ် တစ်ဝိုက်သို့ ရောက်ရှိတော်မူခဲ့ကြောင်းနှင့် ကျိုက္ခမီဘုရားတည်ရာ ကျောက်ဆောင်ပေါ်၌ ခေတ္တနေသန့်စင်တော်မူသွားကြောင်း သမိုင်း ဟောင်းများတွင် တွေ့ရ သည်။

နောင်နှစ်ပေါင်းများစွာကြာလာသောအခါ ကျိုက္ခမီသည် မုတ္တမ (၃၂)မြို့အပါအဝင် ဝါဂရုမြို့စားကြီး၏ ကြီးကြပ်မှုအောက်တွင် လည်းကောင်း၊ ဝါဂရုမြို့နယ်တွင်လည်းကောင်း ပါဝင်ခဲ့သည်။ ခရစ်သက္ကရာဇ် ၁၈၂၆-ခုနှစ်၊ အင်္ဂလိပ်မြန်မာ ပထမစစ်အပြီးတွင် ကျိုက္ခမီမြို့ကို တနင်္သာရီတိုင်းရုံးစိုက်ရာမြို့အဖြစ် ရွေးချယ်ခြင်း ခံခဲ့ရသည်။ သို့သော်ခေတ္တခဏသာဖြစ်ခဲ့ပြီး တစ်နှစ်အတွင်း မော်လမြိုင်မြို့ကိုပြောင်းလဲသတ်မှတ်ခဲ့သည်။ ၁၉၀၁-ခုနှစ်တွင် ကျိုက္ခမီမြို့အဖြစ် သတ်မှတ်ခြင်းခံရပြီး မြို့နယ်ရုံးစိုက်ရာ မြို့အဖြစ်လည်းကောင်း တည်ရှိခဲ့သည်။ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်အမ်းမာ့စ် ကိုအစွဲပြု၍ အမ်းမာ့စ်မြို့ဟုလည်း အင်္ဂလိပ်ဘာသာဖြင့် ခေါ်ဆိုသည်။ ဌာနေ လူအများစုသည် စပါးစိုက်ပျိုးခြင်း၊ ရော်ဘာလုပ်ငန်း ဆားလုပ်ငန်းနှင့် ရေလုပ်ငန်းများကို လုပ်ကိုင်ကြသည်။

ကျိုက္ကမီမြို့ကို ရှေးအခါက တုံဇောင်ပိ (ပင်လယ်ကမ်းခြေမြို့) ဟုလည်းကောင်း၊ ရုပ်ပွားတော်မြတ်ကို မုဆိုးမကြီး၏ အမိန့်ဒါန်ဖြင့် ပင်လယ်ပြင်မှ ကြွရောက်ပါလာသည်ကို အစွဲပြု၍မုဆိုးမရွာမြို့ဟုလည်းကောင်း၊ ကျိုက္ကမီတောင် ရသေ့ကြီးက မြတ်စွာဘုရားထံမှ ဆံတော်မျှော်လင့်စောင့်စားနေခြင်းကို အစွဲပြု၍ မွန်ဘာသာဖြင့် ကျော်ဟမီ (ဘုရားမျှော်မြို့)၏ ဟူ၍လည်း ကောင်း ခေါ်ဝေါ်ကြသည်။

ကျိုက္ကမီမြို့သည်သာယာလှပသောပင်လယ်ကမ်း ခြေမြို့တစ်မြို့ဖြစ်၍ပင်လယ်လေညှင်းခံရာမြို့ အဖြစ်ထင်ပေါ်ကျော်ကြားခဲ့သည်။

နိုင်ငံတော်အစိုးရသည်၁၉၆၄ - ခုနှစ်တွင် ပို၍ အချက်အချာ ကျသော သံဖြူဇရပ်မြို့သို့ ရုံးများ ပြောင်းရွှေ့၍ ကျိုက္ကမီမြို့နယ်အစား သံဖြူဇရပ်မြို့နယ်ဟူ၍ ပြောင်းလဲသတ်မှတ်ခဲ့သည်။

## အရုပ်ရုပ် မှတ်သားရန် အချက်များ

၁။ ရေလယ်ဘုရားကျောင်းကြီးအတွင်းရှိ ရုပ်ပွားတော် အရှင်မြတ်မှာ ဉာဏ်တော် နှစ်ထောင်ခန့်ရှိသည်။ ကျောက်ဆောင် ပေါ်တွင် နဂါးရုပ်နှင့် နဂါးဦးခေါင်း အုပ်မိုးလျက်တည်ရှိသည်။ ၎င်းကျောက်ဆောင်ကို တောင် သဏ္ဌာန်ပြုလုပ်ထားသောကြောင့် ဘုရား ကိုယ်တော်အရှင်မြတ်မှာ တောင်ထွတ်များတွင် တည်နေသီတင်းသုံး တော်မူသကဲ့သို့ ရှိသည်။ ၎င်းရုပ်ပွားတော်အောက် (ထိုတောင် သဏ္ဌာန် ပတ်လည်အပေါ်ထပ်တွင်) ဉာဏ်တော်သုံးတောင်စီရှိ ရုပ်တုတော်ရှစ်ဆူနှင့် ရုပ်တုတော်ကြီး လေးဆူ၊ မျက်နှာတော်ချင်းဆိုင် ထောင့်လေးထောင့်၌ တစ်ထောင့်လျှင် ဉာဏ်တော်သုံးတောင်ခန့်ရှိ ရုပ်ပွားတော်တစ်ဆူစီ တည်ထား လျက်ရှိသည်။

**အုံ့ဖွယ် ငါးပါး**

(၁) ဘုရားပတ်လည်အနီးအပါးတွင် ကျောက်ခဲငယ်များ မရှိဘဲ ၎င်း ဘုရား၏ အရှေ့ဘက်အမျိုးသမီးများ

အာရုံပြု၍ ပူဇော်ကန်တော့ သောနေရာနှင့် တကွ အလျှာအတောင် တစ်ရာ၊ အနံ အတောင်သုံးဆယ် ခန့်ရှိသောထက်ဝန်းကျင်နေရာများ၌ အလိုအလျောက် ကျောက်ခဲငယ်များ၊ ပျံ့နှံ့လျက် တစ်နှစ်ထက်တစ်နှစ် ပွားများလာခြင်း။

(၂) အခြားတစ်ပါးသော အရပ်များ၌ ရွှံ့ညွန်များစွာ ရှိငြားသော်လည်း ၎င်းကျောက်ခဲငယ်များ ရှိရာအရပ်၌ ရွှံ့ညွန်ကင်းလွတ်ခြင်း။

(၃) ရေတက်ရေကျသောအခါ ဘုရားသွားရာ လမ်းတစ်လျှောက်တွင်လှိုင်းများသည် ဘုရားကြီးကိုကန် တော့သည့် သဏ္ဌာန်ဖြစ်ပြီးမှ ရေတက်ရေကျဖြစ်ခြင်း။

(၄) မည်မျှလောက် လှိုင်းလေနှင့် ရေကြီးမြင့်လွှမ်းမိုး၍ ပင်လယ်ရေ တက်ရေတက်လာသော်လည်း ဘုရားကျောင်း အဆင့်ပေါ်သို့ ရေမရောက်ပါ၊ ပင်လယ်ရေများမှာ ဘုရားကျောင်းအောက်သို့ ဒယ်အိုးသဏ္ဌာန် ခွက်ပြီးလျှင်အခြားဘက်သို့လှိုင်းပုတ်လျက်ထွက် သွားခြင်း။

(၅) ဘုရားကျောင်းပေါ်သို့ အမျိုးသမီးများ တက်ခွင့်မရ၊ ရှေးအခါက မသိ၍ တက်မိသောအမျိုးသမီးမှာ တစ်စုံ

တစ်ရာဝေဒနာ ကပ်ရောက်ခြင်း၊ မိုးကြီးစွာ ရွာသွန်းခြင်းအားဖြင့် ပေါင်းအံ့ဖွယ်ငါးပါးတည်း။

၂။ ယခုအခါ တစ်စုံတစ်ယောက်သော အမျိုးသမီးမျှ ဘုရားကြီးကျောင်းပေါ်သို့ တက်ဝံ့သူမရှိ၊ ထိုကဲ့သို့ ဝေဒနာအန္တရာယ် ကပ်ရောက်ခြင်းကို ထောက်ထားဆင်ခြင်လျှင် ဘုရားရှင်တို့၏ ထုံးတမ်းစဉ်လာ စရိယသုံးပါးမှာ -

(၁) လောကတ္ထ စရိယ-သတ္တလောကတည်းဟူသော လူ , နတ် , ဗြဟ္မာ သတ္တဝါတို့အကျိုးငှာ ကျင့်တော်မူခြင်း။

(၂) ဉာတတ္ထ စရိယ-ဆွေတော်မျိုးတော်တို့အကျိုးငှာ ကျင့်တော်မူခြင်း။

(၃) ဗုဒ္ဓတ္ထစရိယ-ကိုယ်တော်တိုင် ဘုရားအဖြစ်သို့ရောက်အောင်ကျင့်တော်မူခြင်း။

ဤကဲ့သို့ စရိယသုံးပါးကို ထောက်ထားပြုကျင့် တော်မူလျက် ဘယ်အတွက်ကြောင့် မိန်းမများ မတက်ရသည်ကို ဆင်ခြင်စဉ်းစားပါလျှင် ဆံတော် တစ်ဆယ့်တစ်ဆူတို့သည် ကျောက်ဆောင်အတွင်း ဂူထဲတွင် ကိန်းဝပ်စံပယ် နေတော်မူသော်ကြောင့် (ဆံတော်ဓာတ်တို့၏ အမြင့်က) ဘုရားကျောင်းပေါ်မှ မိန်းမများနေခြင်းကို ဆံတော်စောင့် နတ်များ မကြိုက်

နှစ် သက်သောကြောင့် နောက်နောင် မတက်ဝံ့စေခြင်း ငှာ နတ်များ ခြောက်လှန့်သည်ဟု တွေးတောယူဆရန်ရှိသည်။

၃။ လွန်ခဲ့သော ၁၂၇၅-ခုနှစ်၊ တန်ဆောင်မုန်း လဆန်း (၅) ရက်နေ့၊ ညနေ (၄)နာရီအချိန် ရေသတ္တဝါ နဂါးသည် ရေလယ်မြတ် ဘုရားအား ဖူးမြော်ရန်လာရောက် သည်ကို အချို့လူများ တွေ့မြင်ရ ကြောင်း သမိုင်းဟောင်း၌ ဆိုသည်။ သို့ဖြစ်ပါ၍ အဟိတ်သား ရေသတ္တဝါ နဂါးသော်မှ ဘုရားတည်းဟူသော သရဏဂုံကို ယုံကြည် ခြင်းထူးသဖြင့် ဖူးမြော်ရန် လာရောက်လေသည်။ အကျွန်ုပ်တို့ လူသတ္တဝါ ဒွိဟိတ် တိဟိတ်သားတို့မှာ အဘယ်သို့ ဆိုဖွယ်ရာမရှိ၊ ဝွမ်း ဆီထိသည့်ပမာပီတိသောမနဿစေတနာဖြင့် ဖန်ခါခါ ဆည်း ကပ်၍ မပြတ်မလပ်ကြည်ညိုဖူးမြော်ရန် ရှိသင့်ပါတော့သည်။

၄။ ဤကဲ့သို့ ရုပ်ပွားတော် ဆင်းတုတော်များကို ကိုးကွယ် ဆည်းကပ် ရှိခိုးပူဇော်ခြင်းနှင့် စပ်လျဉ်း၍ မြစ်သားမြို့၊ **အမိန့်တော်ရ ရွှေနေ ဦးစံဖေ၏** လျှောက်ချက်ဖြစ်သော ပုစ္ဆာ ငါးရပ်ကို လယ်တီဆရာတော် ဘုရားကြီး ဖြေရှင်းတော် မူချက် များ၊ နောင်လာနောက်သား လူအများ တို့ မှတ်သားနာ ယူကြ ရန် ရည်သန်ခြင်းဖြင့် ထည့်သွင်းဖော်ပြလိုက်ပါသည်။

(၁) သစ်သားရုပ်တု ဆင်းတုတော်ကိုးကွယ်ရာတွင် အနေကဇာတင်ခြင်းနှင့်မတင်ခြင်းသည်အဘယ်သို့ ခြားနား ပါသနည်းဟူသော ပုစ္ဆာ အဖြေကား မြတ်စွာဘုရားသခင်သည် ရှေးဦးစွာ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူပြီး၍ဘုရားအဖြစ်သို့ ရောက်သောအခါ လွန်စွာ ဝမ်းမြောက်တော် မူ၍အနေကဇာဂါထာများ ကျူးရင့်တော်မူသည်။ ရုပ်ပွားဆင်းတု ပြုလုပ်မှုမှာ ရုပ်သွင် ရုပ်ပုံသဏ္ဌာန်ပြည့်လျှင် ရုပ်ပွားတော် အစစ်ဖြစ်၏။ သို့သော် ဆင်းတု ရုပ်တုဆိုသည်နှင့်အညီ ဘုရားအစစ်ဖြစ်ခဲ့သော အခွင့်အရေးကို အတုလိုက်၍ ပြုလုပ်နိုင်သမျှ ကောင်းမြတ်သည်သာဖြစ်သောကြောင့် ရုပ်ပွားဆင်းတုများကိုအနေကဇာတင်မှု ပြုကြလေသည်။ ပြုသည့် အတွက်လည်းကုသိုလ်ပိုမိုအထူးဖြစ်ရပြန်သည်။

(၂) အနေကဇာမတင်သော ဆင်းတုကို ကိုးကွယ်ရှိခိုး ရာ၌ ကုသိုလ် ရ-မရ ပုစ္ဆာ၌ ဖြေဆိုဖွယ် အထူးမရှိ။ ပထမ ပုစ္ဆာအဖြေနှင့်ပင်ဖြေပြီး ဖြစ်၏။

(၃) လူသားသတ္တဝါနှင့် အသက်မဲ့သစ်သားသည် မည်သည်

ကို ရှိခိုးကိုးကွယ်ထိုက်ပါသနည်း။

(၄) သို့ဖြစ်လျှင် လူသားကိုယ်တိုင်ကို အနေကဇာတင်၍ ရှိခိုးပူဇော်က သာ၍မမြတ်ဘဲရှိမည်လော။

(၅) ထိုလူသားကို ဘုရားအဖြစ် အနေကဇာမတင်ဘဲ ဘုရားဟူ၍ဝန်ခံကာမျှ ဘုရားမှတ်၍ ရှိခိုးခြင်းသည် မှန်သော ဘုရားကို ရှိခိုးရာရောက်မည်လောဟူသော အမေး ပုစ္ဆာ သုံးချက်သည်(အရေးမပါ အရာမရောက်) က တောက်ကတက် ပုစ္ဆာများဖြစ်၍ ဖြေဖွယ်ကိစ္စမရှိပြီ။ (အရေးမပါ အရာမရောက်) ဆိုသည် ကား အသက်မ ရှိသော သစ်သားကို အစွဲပြုရသော အရာမျိုး မဟုတ်၊ အသွင် သဏ္ဌာန်များ သာလိုရင်းဖြစ်၏။ ထိုသို့ဖြစ်ပါ၍ အသက်မရှိသော သစ်သားကို အစွဲပြု၍ မေးခွန်း ထုတ်ခြင်းသည် အရေးမပါ အရာမရောက် ဖြစ်လေသည်။ ထို့အတူကျောက်ဆင်းတု၊ ကြေးဆင်းတု၊ ငွေဆင်းတု များ၌လည်းကျောက်၊ ကြေး၊ ရွှေ ငွေ များသည် လိုရင်း မဟုတ်၊အသွင်သဏ္ဌာန်သာ လိုရင်းဖြစ်ကြောင်း ကို လည်း ဤဝတ္ထုများ ထောက်ထား၍ ထင်ရှားစေရာ၏။

မမ္မာသောကမင်းကြီးသည် ကာလနဂါးကြီးကို ခေါ်၍မြတ်စွာဘုရား၏အသွင်ကို ဖန်ဆင်း၍ပြပါဟု ဆို၏။ ကာလနဂါးသည် မြတ်စွာဘုရား၏ အသွင်တော်ကို လက္ခဏာကြီး ငယ်ရောင်ခြည်တော် ခြောက်သွယ်နှင့်တကွ ဖန်ဆင်း၍ ပြလေသည်။ မအိပ်ဘဲ ခုနစ်ရက် ပတ်လုံး ဖူးမြော်ပူဇော်သည် ဟု ကျမ်းဂန်များတွင် လာရှိပါသည်။

သီဟိုဠ်ကျွန်း၌ ဖုဿ ရေဝမထေရ်ကြီးသည် မာရ်နတ် ကြီးနှင့်တွေ့ကြရာတွင် "မြတ်စွာဘုရား ၏ အသွင်တော်ကို ဖန်ဆင်းပြပါ"ဟု မာရ်နတ်ကြီးအား ဆို၏။ မာရ်နတ်သည် လက္ခဏာကြီးငယ် ရောင်ခြည်တော်ခြောက်သွယ်နှင့်တကွ ဖန်ဆင်း၍ပြလေ၏။ မထေရ် ကြီးသည်လည်း ဘုရား၏ အသွင်တော်ကို မြင်ရ၍ မာရ်နတ်မှန်းသိလျက် နှင့် ပင်ရှိမခိုး ဦးမ ချဘဲ မနေနိုင်၊ ရှိခိုးဦးချခြင်းကို မခံနိုင်၍ ချက်ချင်းပင် ကွယ်ရသည်ဟု ကျမ်းဂန်တို့၌ လာ၏။

ဤဝတ္ထုတို့၌ ကာလနဂါးကြီးသည် တိရစ္ဆာန်မျိုး ဖြစ်သည့်ပြင် ရန်သူလည်းဖြစ်၏။ ထိုသို့ဖြစ်ပါ လျက်

အသွင် တော်ကို မြင်ရသည့် အတွက် ဓမ္မာသော က မင်းကြီး နှင့် ဖုသာ ရေဝမထေရ်ကြီးတို့ ရှိခိုးခြင်းကို ပြုကြလေ၏။ အသွင် သဏ္ဌာန်သည် ဤမျှ သဒ္ဓါတရားကို ပွားစေ နိုင်၏။ ဤဝတ္ထု များထောက်၍သစ်သား၊ ကျောက်၊ ကြေး၊ ရွှေ၊ ငွေ စသည့် အရာဝတ္ထုများသည် ပဓာနမဟုတ်၊ အသွင်သဏ္ဌာန်တော်သာ ပဓာနဖြစ်သည်ဟုထင်ရှားလေ၏။ ဘုရား၏အသွင် သဏ္ဌာန်ဟု သိလျက် သားနှင့် ပြစ်မှားကျူးလွန်မိလျှင်လည်း အပြစ်ကြီး၏။ သက်တော်ထင်ရှားရှိသောမြတ်စွာ ဘုရားကို ပြစ်မှားသည် နှင့် အလား တူ၏။

၅။ ဘုရားကျောင်းကြီးများအတွင်း အရှည်သုံးထောင့်ထွာ၊ အလျား အနံနှစ်ထောင်၊ အရင်းအနံတစ်ထောင့် ထွာခန့် ရှိကျောက်ကို ထုလုပ်ထားသော ခြေတော်ရာပုံ ရှိပါသည်။ ၎င်းအပြင် အမြင့်နှစ်တောင် အဝ အကျယ် တစ်ထောင့် ထွာခန့်ရှိ ရှေးအခါကစာတန်းနှင့် တကွသွန်းထုလုပ်ဒါန်းထားသော ကြေး ခေါင်းလောင်းကြီး လည်းရှိပါသည်။ နှစ်ပေါင်းများ စွာ ကြာပြီ ဖြစ်သောကြောင့် စာတန်း များကို ဖတ်မရအောင် ဖြစ်နေလေ သည်။ ထို့ပြင် ကျိုက္ခမီမြို့ သဲကုန်းရပ်နေ ဘုရားလူကြီး ဟောင်း ဦးတောက်နှင့် အထက်ကုန်းရပ် နေ ဘုရား

လူကြီး ဟောင်း ဦးအောင်ဘန်းတို့က ရဟန်းရှင် လူတို့ ကြည့်ရှုလေ့ကျက်ရန် ပိဋကတ်သုံးပုံနှစ်စုံနှင့် ပိဋကတ်စာတိုက် ဗီရိုနှစ်လုံးပါး လှူဒါန်းထားခဲ့ပါသည်။

၆။ ကျိုက္ခမီမြို့မှ ရေလယ်ဘုရားကြီးသို့ သွားသောလမ်း၊ ပင်လယ်ကမ်း အငူပေါ် အရှေ့ဘက်စောင်းတန်းကို ကျိုက္ခမီမြို့ ဝက်ထိုးရပ်နေ လယ်ပိုင်ရှင် ဦးဖိုးစိန်က လှူဒါန်းပါသည်။ ထို့အတူ နောက်ဘက်စောင်းတန်းကို ဘုရား လူကြီးဟောင်း ဦးကောက်က လှူဒါန်းပါသည်။

၇။ ရေလယ်ဘုရားကြီးသို့ ရောက်ခါနီးတွင် ဇရပ်တန်းလျားများနှင့် ဘုန်းတော်ကြီးကျောင်း အရှေ့ဘက် တစ်လျှောက်လုံးတွင် တံတားကြီးဆောက်လုပ်ထားသည်။ ၎င်းကျောင်းတွင်(ဦးဝိန်) ခေါ် ဦးဥတ္တမ ဘွဲ့တော်ရှိ ဘုန်းတော်ကြီးသည် ဝိပဿနာဘာဝနာနှင့် ကမ္မဋ္ဌာန်းအဖြာဖြာကို အခါခါစီးဖြန်းနှလုံးသွင်း၍ သီတင်းသုံးတော်မူခဲ့ပါသည်။ ၁၂၈၂ ခုနှစ်အတွင်း မိမိသီတင်းသုံး နေထိုင်သော ကျောင်း ရှေ့ဝဲ-ယာတစ်လျှောက် (အောက်တွင်ဖော်ပြမည့်) တိုက် ကျောင်းကြီး အစ်မ မပိန်ပိန်၏ ကုသိုလ်ဖြစ်သော ကျောက်လမ်းနှင့် ဆက်လျက် မိမိက ရှေ့ဆောင်ရှေ့ရွက်ကမကထ ပြုလုပ်နိုးဆော်ရာ လူအများတို့ကလည်း သဒ္ဓါတတ်အား ထည့်ဝင်ကြသဖြင့် ကမ်းခြေသို့တိုင်အောင် ကျောက်လမ်းဆက်လက် လှူ

ဒါန်းခင်းခြင်းပြုလုပ်ပါသည်။

၈။ ၎င်းကျောက်လမ်းများမှ ဘုရားသို့သွားရန်မှာ လမ်းတစ်ဝက်လောက်တွင် နိမ့်ရှိုင်းနေ၍ ရေကျသည်နှင့် တစ်ပြိုင်နက် ရေတင်လျက်ရှိနေသဖြင့် ချက်ချင်း မသွားနိုင်ပေ။ ထိုရေတင်လျက် ရှိနေသည့်နေရာတစ် လျှောက်တွင် ၁၂၇၁-ခုနှစ်က ကျိုက္ခမီမြို့၊ မြို့အုပ်မင်း ဦးအိုဇာနှင့် မင်းကတော် မမစိန်းတို့က 'ဣဒံ မေ ပုညံ အာသဝက္ခယံ နိဗ္ဗာန သုခံ ဝဟံဟောတု' နိဗ္ဗာန်ဆုကို ရည်မှန်း၍ ကျောက်လမ်းခင်းကျင်း လှူဒါန်းခြင်း၊ ထို့နောက် ၁၂၇၆ ခုနှစ်လောက်က ကျိုက္ခမီမြို့ ဘဲကုန်းရပ်နေ ဗုဒ္ဓကျောင်းတိုက် ကျောင်းအစ်မ မပိန်ပိန်က 'နိဗ္ဗာနပစ္စယော ဟောတု' လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာထက် လွန်ကဲသော သန္တိသုခနိဗ္ဗာန်ချမ်းသာကိုမျှော်မှန်းလျက်အထက်က ကျောက်လမ်းနှင့် ဆက်လက်၍ တစ်ဖန် ခင်းကျင်းလှူဒါန်းခြင်းပြုလုပ်သောကြောင့် လွယ်လင့်တကူ သွားလာနိုင် ခဲ့ကြလေ သည်။

၉။ လွန်ခဲ့သော ၁၂၈၂-ခုနှစ်က ၎င်းဘုရားကျောင်းကြီး အရှေ့ဘက် အာရုံခံဇရပ်အတွင်း အမျိုးသမီးများ ဘုရားဖူးမျှော်ရှိခိုး ပူဇော်ရန်ရှေးဦးစွာ ကျိုက္ခမီမြို့နယ်ပိုင် ဝန်ထောက်မင်း ဦးအောင်ကြီးနှင့် ဇနီး မင်းကတော် မမညွန့်တို့က အခွန့်ရှည်စွာ ခိုင်ခံ့စွာ တည်စေကြောင်း ကောင်းမြတ်ပြည့်ဖြိုး

သောသဒ္ဒါ၊ ထူးကဲသော စေတနာကို ဖန်ခါခါပွားလျက် ဘဝ မခြား ရည်သန်ပြည်နိဗ္ဗာန်ကို လျင်မြန်စွာရောက် ရပါလို ကြောင်း ဆုမွန်ကောင်းတောင်းလျက် ဘုရားကြီး ရင်ပြင်တော် နှင့် ဆက်သွယ်၍ ကျယ်ဝန်းသန့်ရှင်းသော ကျောက်သမံ သလင်းကို ခင်းကျင်းပြုလုပ်၍ လှူဒါန်းပါကြောင်း၊ ၎င်းပြင် ၎င်းသမံတလင်းကို ခင်းကျင်းပြုလုပ်၍ လှူဒါန်းပါကြောင်း၊ ၎င်းပြင်၎င်းသမံတလင်းနှင့်ဆက်လျက်လက်ဝဲဘက်မှ မော်လ မြိုင်မြို့နေ ဝတ်လုံတော်ရ သူဌေးဦးချစ်လှိုင်နှင့် ဇနီး သူဌေးက တော်တို့ကနိဗ္ဗာန်ကို ရည်မျှော်၍ သမံတလင်းကို ဆက်လက် ခင်းကျင်းလှူဒါန်း ပါသည်။

၎င်းနောက် နယ်ပိုင်ဝန်ထောက်မင်းနှင့် မင်းကတော် တို့ စေတနာတိုးပွား သဒ္ဒါများသောကြောင့် မိမိတို့လှူဒါန်း ထားပြီး ဖြစ်သည့် ကျောက်သမံတလင်းက အပိုဒ် (၈) တွင် ဖော်ပြခဲ့သော မြို့အုပ်မင်း ဦးအိုဇာနှင့် မင်းကတော် မမစိန်း တို့၏ ကောင်းမှုဖြစ်သည့် ကျောက်လမ်းအထိ မိမိတို့နှင့်တကွ လူအများတို့ကသဒ္ဒါသမျှကုသိုလ်ပါဝင်ကြလျက် ကျောက် လမ်း ဆက်လက်ခင်းကျင်း လှူဒါန်းကြပါသည်။

၁၀။ ထိုနောက်တစ်ဖန် ဝန်ထောက်မင်းနှင့်မင်းက တော် တို့ကပင် နှိုးဆော်၍ ကမကထပြုလုပ်ပြီးလျှင် ကျောင်း ကြီးအနီးတောင်ဘက်တွင်သီးခြားလျက် ဘုရားကြီး၏ မျက်နှာ

တော်ကို အမျိုးသမီးများ ဖူးမြော်၍ အာရုံပြုနိုင်ရန် အာရုံခံဇရပ်တစ်ဆောင်ကို ရန်ကုန်မြို့၊ သစ်စက်ပိုင်ရှင် သူဌေးသူကောင်းဖြစ်၊ ရာဇဝတ်တရား သူကြီးမင်း၊ ရွှေတိဂုံဘုရား လူကြီးမင်း ဆာဦးသွင်နှင့် မင်းကတော်တို့က ဤပုညကုသလကြောင့်မဂ်ဖိုလ်နိဗ္ဗာန်ကို ရက်တိုတိုနှင့်လှမ်းလိုသဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

၁၁။ ကျိုက္ကမီမြို့နေဘုရားလူကြီးတို့သည် ကုသိုလ်ကောင်း မှုရေး၌ များစွာလုံ့လဝီရိယစိုက်ထုတ် သယ်ပိုးရွက်ဆောင် လေ့ရှိကြ သည်နှင့် လျော်ညီစွာ ရေလယ်ဘုရားကြီး၏ ဝေယျာဝစ္စများကို ကြိုးစားအားထုတ် ဦးစီးနာယကပြုလုပ်၍ ဆောင်ရွက်ကြပါသည်။ ၎င်းအပြင်လွန်ခဲ့သော ၁၂၈၃-ခု၊ သီတင်း ကျွတ်လမှစ၍ ဘုရားကြီးတွင် စက်ရုံတည်၍ အင်ဂျင်စက်နှင့်တကွ ခတ်မီးပွင့်ရေ (၁၀၀)ကျော်၊ တန်ဖိုးငွေ (၆၀၀၀) (ကျပ်ခြောက်ထောင်) ကျော်ကုန်ကျပါသည်။ မည်သူမဆို အချိန်နာရီကန့်သတ်ပြီး အလှူငွေထည့်ဝင်၍ လျှပ်စစ်မီးပူဇော်နိုင်ကြပါသည်။

၁၂။ ၎င်းပြင်ဂန္ဓကုဋိတိုက်အမြင့် (၁၁)ပေ၊အကျယ်(၁၀) ပေ၊ ပြသာဒ်အမြင့် (၁၁)ပေခွဲရှိ ဂန္ဓကုဋိတိုက်လုံးပတ် (၃၁)ပေ၊ အောက်ဖိနပ် (၃)ပေ၊ အကျယ် (၁၂)

ပေပတ်လည်ရှိ ရှင်ဥပဂုတ္တ ကျောင်းတော်ကို ဘုရားကျောင်းကြီး၏ အနောက်ဘက် ကျောက် ဆောင်ပေါ်တွင် ၁၃၄၆-ခု၊ တပေါင်းလဆုတ် (၁၀) ရက်နေ့၌ သံဖြူဇရပ်မြို့နယ် ပါတီယူနစ်ဥက္ကဋ္ဌ ဦးထွန်းခိုင်မှ ကြီးမှူး၍ ဂေါပကအဖွဲ့၏ အကူအညီကို ရယူကာ အလှူရှင်များက တည်ဆောက်ခဲ့ပါသည်။ စုစုပေါင်း ကုန်ကျငွေမှာ ကျပ် ၄၂၂၃၆/၃၀ ပြား ဖြစ်သည်။

၁၃။ ပြည်ထောင်စု မြန်မာနိုင်ငံတော် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ၁၉၈၁-ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့တွင် ၁၉၆၃-ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့် ရှောက်ရေး ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ)ဖြင့် အပ်နှင်းထားသော အာဏာများကို သုံးစွဲလျက် 'အခြားအဖွဲ့အစည်းများ' ဆိုသည့် စကားရပ်တွင် အောက်ပါအဖွဲ့အစည်းများ ပါဝင်သည်ဟု ကြေငြာ ခဲ့ပါသည်။

(၁) ဆွမ်းဦးပုညရှင် စေတီတော်ဂေါပကအဖွဲ့၊ စစ်ကိုင်းမြို့။

(၂) မိုးညှင်း သမ္ဗုဒ္ဓေစေတီတော် ဂေါပကအဖွဲ့၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

(၃) ဆုတောင်းပြည့်စေတီတော် ဂေါပကအဖွဲ့၊

မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

(၄) ရွှေစည်းခုံ စေတီတော် ဂေါပကအဖွဲ့၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

(၅) မြို့ထောင့် စေတီတော် ဂေါပကအဖွဲ့၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။

(၆) ရှင်မုထ္ထီးစေတီတော် ဂေါပကအဖွဲ့၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။

(၇) လေးဆူဓာတ်ပျော် ရွှေဆံတော် ဂေါပကအဖွဲ့၊ ပြည်မြို့၊ ပဲခူးတိုင်း။

(၈) ရွှေဆံတော်စေတီတော် ဂေါပကအဖွဲ့၊ တောင်ငူမြို့၊ ပဲခူးတိုင်း။

(၉) သီဟိုဠ်ရှင်ဘုရား ဂေါပကအဖွဲ့၊ ပခုက္ကူမြို့၊ မကွေးတိုင်း။

(၁၀) မြသလွန်စေတီတော် ဂေါပကအဖွဲ့၊ မကွေးမြို့၊ မကွေးတိုင်း။

(၁၁) ရှင်ပင်စက္ကိန်တဲ စေတီတော် ဂေါပကအဖွဲ့၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်း။

(၁၂) ရွှေစက်တော်ဘုရား ဂေါပကအဖွဲ့၊ မင်းဘူးမြို့နယ်၊မကွေးတိုင်း။

(၁၃) မဟာသကျသီဟ ဂေါပကအဖွဲ့၊ အနောက်

မြောက်မြို့နယ်၊ မန္တလေးမြို့။

(၁၄) အိမ်တော်ရာဘုရား ဂေါပကအဖွဲ့၊ အနောက်မြောက် မြို့နယ်၊ မန္တလေးမြို့။

(၁၅) ရွှေစည်းခုံ စေတီတော်ဂေါပကာအဖွဲ့၊ ညောင်ဦးမြို့၊မန္တလေးတိုင်း။

(၁၆) အာနန္ဒာစေတီတော် ဂေါပကာအဖွဲ့၊ ညောင်ဦးမြို့၊မန္တလေးတိုင်း။

(၁၇) မဟာမြတ်မုနိဘုရား ဂေါပကအဖွဲ့၊ မော်လမြိုင်မြို့၊မွန်ပြည်နယ်။

(၁၈) ကျိုက်သံလံဘုရား ဂေါပကအဖွဲ့ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

(၁၉) ဧကာဒသစေတီ (ကျိုက္ခမီရေလယ်ဘုရား) ဂေါပကအဖွဲ့၊ ကျိုက္ခမီမြို့၊ မွန်ပြည်နယ်။

(၂၀) ရွှေစာရံစေတီတော်ဂေါပကအဖွဲ့၊ သထုံမြို့၊ မွန်ပြည်နယ်။

(၂၁) မြသပိတ် စေတီတော်ဂေါပကအဖွဲ့၊ သထုံမြို့၊ မွန်ပြည်နယ်။

(၂၂) ကျိုက်ထီးရိုးဂေါပကအဖွဲ့၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။

(၂၃) ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ မရမ်းကုန်း

မြို့နယ်၊ရန်ကုန်တိုင်း။

(၂၄) ကျိုက္ကဆံ စေတီတော်ဂေါပကအဖွဲ့၊ သင်္ဃန်း ကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

(၂၅) ကျိုက်ခေါက်စေတီတော်ဂေါပကအဖွဲ့၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း။

(၂၆) ရွှေဆံတော်စေတီတော်ဂေါပကအဖွဲ့၊ တွံတေး မြို့၊ရန်ကုန်တိုင်း။

(၂၇) အင်းလေး ဖောင်တော်ဦးဘုရား ဂေါပကအဖွဲ့၊ ညောင်ရွှေမြို့နယ်၊ ရှမ်းပြည်နယ်။

(၂၈) ရွှေဥမင်ဘုရား၊ ဂေါပကအဖွဲ့၊ ပင်းတယမြို့၊ ရှမ်းပြည်နယ်။

(၂၉) ရွှေမုဋ္ဌောစေတီ ဂေါပကအဖွဲ့၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။

(၃၀) မြတ်မော်တင်စေတီတော်ဂေါပကအဖွဲ့၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်း။

၁၄။ ရင်းပြင် နှစ်စဉ် သီတင်းကျွတ်လပြည့် နေ့မှစ၍လပြည့်ကျော်(၅) ရက်နေ့ထိ ဘုရားပွဲတော်ကျင်းပခြင်း၊ လပြည့် ကျော် (၅) ရက်နေ့၌ ရဟန်းသံဃာ ရှင်သာမဏေ၊ ရသေ့၊ ဖိုးသူတော်၊ သီလရှင်များအား ဆွမ်းကြီးလောင်း လှူဒါန်းခြင်းနှင့် အရပ်လေး မျက်နှာမှ ကြွရောက် လာကြသူများ

အား စတုဒိသာ အာဟာရထမင်း၊ ဆွမ်းဟင်း မကျန်ကပ်လှူ ကျွေးမွေးပါသည်။ ယခုအချိန်အခါတွင် တစ်တိုင်းပြည်လုံး အေးချမ်းသာယာသည်နှင့် အညီ ဘုရားဖူး ဧည့်သည်များ အထူးများပြားလှပါသည်။ ရန်ကုန်မြို့မှ ဘုရားဖူးလာ မည် ဆိုလျှင် ၁၂နာရီမျှဖြင့်ရောက်ရှိနိုင်ပါသည်။ ယခင်အခါများက နေ့ဘက်သာ ခရီးသွားလာ နိုင်သော်လည်း ယခုအခါတွင် နေ့ရောညပါ အချိန်မရွေး အေးချမ်းသာယာစွာ အနှောင် အယှက်မရှိ သွားလာ နေကြသည်ကို တွေ့မြင်နေရပြီ ဖြစ်ပါ သည်။ ဘုရားဖူးဧည့်သည်တော် များအတွက် ညအိပ် နား နေရန် အဆောက်အဦးပေါင်း ၂၀ရှိပြီး တစ်ပြိုင်နက် ဧည့်သည် ၅၀၀၀ ခန့်တည်းခိုနိုင်ကြောင်း ဖော်ပြ ရပါသည်။

* * *

## ကျိုက္ခမီရေလယ်ဘုရားကြီး
## ဘုရားရှိခိုး

ကျိုက္ခမီတိ သုပါကဋံ၊
ဝိသေသ ပဥ္စဝိယံ။
မဟောဃေ, အဏ္ဏဝေ, သန္တံ၊
ဝန္ဒာမိ, ဗုဒ္ဓ ရူပကံ။

မဟောဃေ၊ ရေအလျဉ်ဝိုင်း၍ လှိုင်းအသွယ်သွယ် သမိုင်းကြွယ် ယှက်ရံလျက် ဂယက်သံ ညံညံမစဲ ထန်သည်းသော ရေဟုန်ကြီးရှိ ပေထသော၊ အဏ္ဏဝေ၊ သောင်ကမ်းသွယ်သွယ် ရှုတိုင်းငယ်လည်း ဘယ်ဝယ်ရော်ရမ်း ဘယ်စခန်းဟု မှန်းဆမနိုင် အပြောခိုင်သည့် မှိုင်ကာသာမော ရေလျဉ်ကြောကြီးအလယ်၌၊ သန္တံ၊ ခတ်မြတ်သရီရ လျှမ်းပကျက်သရေဆန်းသမ္ဘတွေ လွှမ်းခြုံလျက် ထက်ဝယ်ဖွဲ့ခွေ တည်နေမြင့်မားထင်းရှားကိန်းဝပ်တော် မူပေထသော။ ဝိသေသ ပဥ္စရိယံ-ဝိသေသပဥ္စအစ္စရိယံ၊ ဘုရားစံမှီးကျောင်းတိုက်ကြီး၏ နီးပါးရပ်များ သေးမွှားသွယ်သွယ် ကျောက်ခဲငယ်တို့ မှီတွယ်မကပ်

မျက်နှာတော်ရှေ့အရပ်က မိန်းမများလေးစားကော်ရော် ပူဇော်ကန်တော့ရသော နေရာနှင့်တကွအလျားအတောင် တစ်ရာ ဆောင်၍ အတောင်သုံးဆယ်အနံကျယ်သည့် နယ်ပယ်ဝန်လျားနေရာများတွင် ပတ္တမြား, စိန်, မြ, ပြ, ယိုးဒယားနယ်, ကျောက်ခဲငယ်တို့ သွယ်သွယ်ဝဝ ဆက်တက်ပွားခြင်းဟု ဆိုအပ်သော အံ့ဖွယ်တော်၊ တခြားတစ်ပါး အရပ်များ၌ ရွှံ့သားညွန်ခဲ တည်စွဲသော်လည်း ကျောက်ခဲငယ်များ အနီးအနားတွင် ရွှံ့သားညွန်ကင်း လွန်သန့်ရှင်းခြင်းဟုဆိုအပ်သော အံ့ဖွယ်တော်၊ ရေတက်ကျသော် ဗုဒ္ဓဘုရား လမ်းအနားတွင် လှိုင်းများ ရှိသမျှ မြတ်ဖိနကို ဦးချမာန်လျော့ ကန်တော့သည့်ပမာ ပြုပြီးခါမှ ရေတက်ရေကျ ဖြစ်ရခြင်းဟုဆိုအပ်သော အံ့ဖွယ်ပော်၊ လှိုင်းလေထန် သည် မည်မျှပင် ကြီးမားသော်လည်း မြတ်ဘုရားကျောင်းတော် အဆင့်ပေါ် သို့ ရေကျော်ကာ မဖြတ်သန်းသည့်အပြင် ကျောင်းတော် နယ်တရိုးကို ဒယ်အိုးသဏ္ဌာန် ဖလားခွက်လိုပြု၍ အခြားဘက်သို့ လှိုင်းပုတ်လျက် ထွက်သွားခြင်းဟု ဆိုအပ်သော အံ့ဖွယ်တော်၊ ရှင်တော်ကိန်းထ ဝိဟာရသို့ မိန်းမများ ကျော်ဖြတ်သွားလျှင် မိုးလေဆင်ကာ ဆောလျင်တစ်ခဏ အာဏာပြလျက် ရွာချတိုက်

ခတ် ကပ်ရောက် ဘယာ သေချာမှုချခံစားရခြင်း ဟုဆိုအပ်သော အံ့ဖွယ်တော်၊ ဤသို့ ပြန့်ပြောအံ့ဩမခန်း ထူးဆန်းခြားနား အံ့ဖွယ်တော်ကြီး ငါးပါးလည်း ရှိပေထသော။ (ဝါ) ရှေ့နောက်မြောက်ရပ် ပြောင်းရွှေ့လတ်လည်း တောင်အရပ်သို့သာ လှည့်မျှော်ရှာသဖြင့် မြန်မာအခေါ် ဘုရားဖူးမြော် ဟူ၍ အလွန်တရာကျော်ကြားတော်မူထပေသော။ ဗုဒ္ဓရူပတံ၊ မွေးကြိုင် ပျံ့ပျူးရနံ့ထူးသည့် စန္ဒကူးရုပ်ပွား လေးဆူဘုရားကို သိကြားပြုဖန် ဒေဝါနံ ပိယ မင်းတိဿပ သစ္စာမိဋ္ဌာန် နှုတ်ပြုသံဖြင့် ဥဒကံကြော မျှောလိုက်သည်တွင် သက်နီးတုံးနှင့် ရုပ်လုံးတစ်ဆူ ဉာဏ်တော်မူမြင့် ခေါင် တစ်တောင်ဆယ့်နှစ်လက်နှစ်သစ်ခန့်မျှ ပမာဏဟူ တစ်ဆူပါဝင် ကျိုက္ကမီရုပ်ပွားရှင် ကို။ (ဝါ) မြတ်စွာဘုရား နတ်နဂါးပါ ပါးပျဉ်း ကာလျက် တင်းမှာသော ကျောက်ဆောင်ထက်တွင် ခြောက်ရောင် တော်မြူးကွန့်သည့် ဖူးအညွှန့်မြတ်စွာဘုရားကို။ အဟံ၊ သုံးဆယ့်နှစ်ဝ ကောဋ္ဌာသကို ဂါဟစွဲငုပ် အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှင်တော်ဘုန်းဂုဏ် အလုံးစုံတို့ ကုံခြုံမျှော်ဆ ပဏာသလျက် ဂါရဝအဉ္ဇလီ တင်ချီကာ လက်စုံမိုး၍ ရှိခိုးလိုက်ရပါတော့သည် အရှင်မြတ်ဘုရား။

ကျိုက္ကမီရေလယ်ဘုရားကြီး ဘုရားရှိခိုးပြီး၏။

# ရှစ်လုံးဖွဲ့ မြန်မာ ဂါထာတော်ဖြင့်

## ကန်တော့ပန်းဆင်းရန်

၁။ တောင်တန်းသောင်ကမ်း ပြောင်ရွှမ်းဝေလွင်
လှိုင်းကြီးစိုင်းဆီး တိုင်းကြီးအသွင်
ကမ်းစတမ်းတ မှန်းဆပါလျှင်၊
ရှုလေတိုင်း ကသိုဏ်းရေတွက်ထင်။

၂။ လမင်းပဝင်း ညတွင်းချိန်တွင်၊
ရေလှိုင်းဝေမှိုင်း ငွေဆိုင်းအသွင်။
အသွင်ထူး ဘဝင်နူး ရွှင်မြူးထာဝစဉ်။
မျှော်မှန်းဆ ချမ်းမြစိတ်ကြည်လင်။

၃။ ပင်လယ်ကမ်းစပ် ကိန်းရပ်သက်ဝင်၊
စန္ဒကူးရပ်ပွား မြတ်ဘုရားရှင်ပင်။
မြော်တွေးဆည်းကပ် လေးမြတ်ကြည်လင်၊
လက်စုံမိုး ရှိခိုးဦးပန်ဆင်။

## ရှင်ဥပဂုတ် ကိုယ်တော်မြတ်ပင့်

**ဗာတ္တိံသ** လက္ခဏူပေတာ၊

**သီတာနုဗျဥ္ဇ နာ**ဓရော၊

**ဗျာမပ္ပဘာယ** သုပဘာ၊

ဆဗ္ဗဏ္ဏံရံသီဟိ၊

**နိဗ္ဗုတ္တိ** ဗုဒ္ဓါ။

အသိတိသာဝကံ ဇမ္ဗူဒီပေ၊

ဒက္ခိဏ သမုဒ္ဒေ၊

လောဟပါသာဒေ၊

အာရာမေ နိသာယ သဗ္ဗံ ဝန္ဒာမိ။

ဗာတ္တိံ သလက္ခဏူပေတာ၊ သုံးဆယ့်နှစ်ဖြာသော ယောက်ျား မြတ်တို့၏ လက္ခဏာတော်ကြီးနှင့် ပြည့်စုံတော်မူ ကုန်ထသော၊ သီတာနု ဗျဥ္ဇနာဓရော၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်လည်း ရှိကုန်ထသော။ ဗျာမပ္ပဘာယသုပဘာ၊ ကိုယ်တော်၏အလံနှင့်တစ်လံမျှတစ်လံမျှသောထက် အောက်ဝဲယာ ထွက်ကြွတော်မူကုန်သော။ ဗုဒ္ဓါ။ သစ္စာသိမြင် ဘုရားရှင် တို့ သည်။ ဆဗ္ဗဏ္ဏရံ-သီဟိ၊ ခြောက်သွယ်သောရောင်ခြည်

တော်မြတ်တို့ဖြင့်။ နိစ္စရန္တိ၊ တင့်တယ်ကွန့်မြူးတော်မူကုန်၏။ တေသံ၊ သစ္စာလေးရပ် တရားမြတ်ကို ဆတ်ဆတ်သိမြင် ထိုဘုရားရှင်၏။ အသီတိသာ ဝကာံ၊ တပည့်ရင်နှစ်သား တော်စစ်ဖြစ်ထသော။ ဇမ္ဗူဒီပေ၊ ဇမ္ဗူဒိပ်ကျွန်းတွင်၊ ဒက္ခိဏသမုဒ္ဒေ၊ အဝန်းယူဇနာကျယ်လှစွာသော တောင်သမုဒ္ဒရာအတွင်း၌၊ အာရာမေ၊ နှလုံးမွေ့လျော် ပျော်ဖွယ်မှီတင်း သီတင်းသုံးရာဖြစ်သော။ လောဟပါသာဒေ၊ စိန်ရောင် မြရောင် ပြိုးပြိုးပြောင်မျှ ထောင်သဟဿ ထွန်းတောက်ပသော လောဟမြည်ဟည်း ကြေးပြသာဒ်ကြီး၌။ နိသာယ၊ အမှီပြု၍။ သဗ္ဗံ၊ အလုံးစုံသော။ မဟိဒ္ဓိကာံ၊ ကြီးသောတန်းခိုးရှိသော။ မဟာတေဇံ၊ ကြီးသောအာနုဘော် လည်း ရှိထသော၊ ဝဿဝတ္တိ ဌာနီစိုးခြင်း မာရ်နတ်မင်းကို။ ဇိတာံ၊ အောင်တော်မူတတ်ထသော၊ ဥပဂုတ္တံ၊ လူသုံးပါးတို့ ညွတ်ထွားပူဇော် ဖူးမြော်ကန်တော့ခြင်းကို ခံယူတော်မူထိုက်သော ဥပဂုတ္တနာမမည်တွင် ထေရ်အရှင်ကို။ ဝန္ဒာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

မွန်တိ မွန်တ မွန်စညဟု ဌာနစိုက်တည် မွန်တို့ပြည်၌၊ အရှည်တစ်မိုက် နဒီဝိုက်သည် ကျိုက္ခမီဟု ယင်းဌာနီတွင် ဥပသကာ ဥပါသိကာတို့က သဒ္ဓါပသန္န ကြည်ညိုလှ၍

သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား မြတ်ဘုရား၏ ကိုယ်တော်စား ဆယ့်တစ်ပါးသော ဆံတော် ဓာတ်နှင့် ရေလယ်စံ ရုပ်ပွားတော်အရှင်မြတ်ကို သောမနဿပီတိဖြင့် ဆွမ်းတော်ကပ်လှူမည့်အပြင် ထေရ်အရှင်မြတ်အား သုဒ္ဓဘောဇဉ် ချိုချဉ်ခဲဖွယ်အသွယ်သွယ် သစ်သီး အုံ့မညီးနိုင်ရာ မီးဖြူ မီးဝါ ကျောင်း ဝိဟာနှင့်တကွ ပူဇော်ရန်တစ်ဝ ဘေးသုံးတန်လွတ်ကင်းပ၍ ချမ်းသာ ခြင်းသုခ ရလိုသော ဣစ္ဆိတံကို ဆုပန်ရန် တစ်ကြောင်း ထိုအကြောင်း သုံးချက်ကြောင့် စက်ဒွါဒရိန်း ခါအကြိမ်တွင် သိဟ်လက်စမ်းကျဒေါင်းယဉ်ပျံနန်းဥဒည်စွန့် သို့ လှမ်းမကြွခင်တောင်သမုဒ်ပင်လယကြ်က ဒေသစာဈာန်ယာဉ် ခ၍ ကြွရောက်တော်မူပါမည့် အကြောင်း ကို ဆယ် ချောင်း သော ဟတ္ထ အဥ္ဇလီကမ္မဖြင့် မြတ်ဟာဝစီ မနောချီလျက် ဦးထိပ် ထက် လက်စုံမြှောက်၍ ရှိခိုးပင့်လျှောက် ဝံ့ရပါသည်။ မဟိဒ္ဓိသခင် တေဇာရှင်တော် မထေရ်မြတ်ဘုရား တည်း။

ရှင်ဥပဂုတ်ကိုယ်တော်ပင့်ပြီး၏။

တန်ခိုးကြီးဘုရားများကို
ဖူးမြော်မာန်လျှော့ ပူဇော်ကန်တော့ကြရန်
အထူးသင့်လျော်သည့်ပြင် လွန်စွာတွေ့ကြုံခဲ့သော
သစ္စာလေးပါး ဘုရားရှိခိုး ပါဠိနှင့် နိဿယကို
ထည့်သွင်းဖော်ပြလိုက်ပါသည်။

# သစ္စာလေးပါး ဘုရားရှိခိုး

စတ္တာရိ အရိယသစ္စာနိ ဒုက္ခံ အရိယသစ္စံ,
ဒုက္ခသမုဒယံ အရိယသစ္စံ,
ဒုက္ခနိရောဓော အရိယသစ္စံ,
ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ,

ဒုက္ခံ၊ ရုပ်နာမ်နှစ်မျိုး ဆင်းရဲအိုးကြီးကို၊ အရိယသစ္စံ၊ ပိုင်းခြား မြင်ကာ ကောင်းစွာ သိခြင်းသည်လည်းကောင်း၊ ဒုက္ခသမုဒယံ၊ ရုပ်နာမ်နှစ်မျိုး ဆင်းရဲအိုးကြီးဖြစ်အောင်တည်ထောင် ဖန်ဆင်းတတ်သည့် ဇာတိလောဘစသည်ကို။ အရိယသစ္စံ၊ ပယ်အပ်ကွာရှင်း ကောင်းစွာ သိခြင်းသည်လည်း

ကောင်း။ ဒုက္ခနိရောဓော၊ ရုပ်နာမ်နှစ်မျိုး ဆင်းရဲအိုး ကြီး၏ အစစ ဇာတ်သိမ်းဒုက္ခငြိမ်း၍ ဟိန်းချရာအမှန် နိဗ္ဗာန်အေးမြို့ ကြီး၊ အရိယသစ္စာ၊ ယခုဘဝတွင် ကိုယ်တိုင်မြင်အောင် ကောင်း စွာ သိခြင်းသည်လည်းကောင်း၊ ဒုက္ခနိရောဂါမိနီပဋိ ပဒါ၊ ရုပ်,နာမ်နှစ်မျိုး ဆင်းရဲအိုးကြီး၏ အစ ဇာတ်သိမ်းဒုက္ခ ငြိမ်း ၍ ဟိန်းချရာမှန် နိဗ္ဗာန် အေးမြို့သို့ ရောက်ကြောင်းဖြစ်သော ဘာဝနာအကျင့်မျိုးကို၊ အရိယသစ္စာ၊ ပွားများအံ့ငှာ ကောင်းစွာ သိခြင်းသည်လည်းကောင်း၊ ကိစ္စ၊ ဤသို့။ စတ္တာရိ၊ လေးပါး ကုန်သော အရိယာသစ္စာနိ၊ ကောင်းမြတ် ကြည်လင် ဖြူစင် သန့်ရှင်းစွာ သိအပ်ကုန်သော တရားတို့ပေတည်း။

ဤသို့ ဟောဖော် ဒေသနာတော်အရဖြင့် ဩကာသ, ဩကာသ, ဩကာသ, ဂါရဝမြတ်နိုး ရှိခိုးပူဇော်ခြင်း၏ တည် ရာဖြစ်တော်မူသောအရှင်မြတ်ဘုရား။ ခန္ဓာငါးအင် အကျွန်ုပ် ၏ သန္တာန်တွင် စူးဝင်နစ်မြုပ်၍နေသော ရှေးရှေးဘဝက ယခုဘဝအထိ ကိုယ်ဖြင့် ပြစ်မှားမိသော ကာယကံသုံးပါး, နှုတ်ဖြင့် ပြစ်မှားမိသော ဝစီကံလေးပါး, စိတ်ဖြင့်ပြစ်မှား မိသော မနောကံသုံးပါး, ပေါင်းထား ဆယ်ဝ ဒုစရိုက်တရား တို့ကို ပယ်ရှားပျောက်လွင့်စေခြင်းငှာ လည်းကောင်း၊ ရာဂမီး၊

ဒေါသမီး, မောဟမီး, ဇာတိမီး, မရဏမီး, သောကမီး, ပရိဒေဝမီး, ဒုက္ခမီး, ဒေါမနဿမီး, ဥပါယာသမီးတည်းဟူသော တစ်ဆယ့်တစ်ပါးသော မီးအပေါင်းတို့၏ ကင်းငြိမ်းရာ အမှန်ဖြစ်သည့် နိဗ္ဗာန်အေးမြို့ကြီးသို့ လျင်မြန်စွာ ရောက်ရပါစေခြင်း အကျိုးငှာလည်းကောင်း-

၁။ အရဟံအစ ဘဂဝါအဆုံးရှိသော ဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံတော်မူသော် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်အားလည်းကောင်း-

၂။ သွာက္ခာတ အစ ဝိညူဟိအဆုံးရှိသော ဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော တရားတော်မြတ်အားလည်းကောင်း-

၃။ သုပ္ပဋိပန္နအစပုညက္ခေတ္တံအဆုံးရှိသောဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော သံဃာတော် အရှင်မြတ်တို့အားလည်းကောင်း-

၄။ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မွေးသည့်ဖခင်ကျေးဇူးရှင်အား လည်းကောင်း-

၅။ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မွေးသည့်မိခင် ကျေးဇူးရှင်အားလည်းကောင်း-

၆။ ဂုဏ်အနန္တနှင့် ပြည့်စုံတော်မူသော တ,န ပဲ့ပြင်သွန်

သင်ပေတတ် ဆရာမြတ်၏ ကျေးဖူးတော်အားလည်း ကောင်း။

၇။ သီလ သမာဓိ သညာ သိက္ခာ(ဝါ)ဂုဏ်အင်္ဂါကြီးသော သူတို့အားလည်းကောင်း-

ပဥ္စပတိဋ္ဌိတ တည်ငါးဝဖြင့် စိတ်ကညွတ်ခါ သဒ္ဓါကြည်ညို နှုတ်ကဆို၍ ရှိသေမြတ်နိုး ညွတ်လျှိုးဦး ခေါင်းဆယ်ချောင်းဟတ္ထာ ယှက်ခါမိုးလျက် ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ကန်တော့ပါ၏ အရှင်ဘုရား။

ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ရသော အကျိုးအာနိသင်တို့ကြောင့်လည်းကောင်း၊ နိရောဓပဇာနန ပဋိပဒါမဂ္ဂသစ္စံ မမွကျွန်အလာ နိဗ္ဗာန်မြိုက်ချမ်း သာကို ကောင်းစွာသိအပ် ဝိပဿနာပညာဘာဝနာအကျင့် မြတ်ဖြစ်သော ခန္ဓာဓာတ်, အာယတနာ, သစ္စာ, ရုပ်နာမ်, နှစ်ဖြာတို့ကို ငါ, သူတစ်ပါးယောကျ်ား, မိန်းမ, ပုဂ္ဂလ, သတ္တဝါ, လူ, နတ်, ဗြဟ္မာဟု ထင်မှတ်စရာမရှိ မဏိပုလဲ ကြာဖူးထဲမှာ သန္ဓေစွဲ၍ ဖောက်ခွဲဖြစ်ပေါ်လာသည်လည်းမဟုတ်၊ စက်ဆုပ်စရာ ရွံ့ရှာဖွယ်အတိ မကောင်းသော အနံ့ရှိသည့် အမိ၏ အစာသစ်အိမ်နှင့် အစာဟောင်းအိမ်အကြား အလွန်ကျဉ်းမြောင်းကျပ်တည်း၍ အနေကပ်သည့် သားအိမ်၌ တည်နေရ

သည်မှာ သားငါး အမဲထမင်း ဟင်းလျာမုန့် အဝတ်ဖျာစ ကော စုတ်နှင့် ရောရှုပ်ပြည့်လှိုင်း ဒွန်းစဏ္ဍားအိမ်အနီး အပုပ် အိုင်၌ အနံ့အကြိုင်ကြိုင် ထင်မှတ်၍ ငုပ်လျှိုးပေါ်လာ ကျွမ်း ထိုးကာ ပျော်မြူး၍နေသော ဝရမ္ဗပိုးသတ္တဝါကဲ့သို့ ဖြစ်ရခါခါ ဤရုပ်နာမ်နှစ်ဖြာကို ဖန်တီး၍ ပေးတတ်သည်မှာ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကမ္မအာဟာရ ဇာတိ ဤသည့် တရားစုရုပ် ဖြစ်မှုနှင့် စက္ခုရူပ သောတ သဒ္ဒဃာန ဂန္ဓဇိဝှာ ရသ ကာယ ဖောဋ္ဌဗ္ဗ မန ဒွန်တွဲကြသောအကြောင်း သမုဒယတို့သည် ပေါင်းစုကြ၍ ဖြစ်ရ နာမ်မှာ ပစ္စယာ သမုဒယ အကြောင်းခမ္မ စသည့်တို့ကြောင့် ဖြစ်ပါလာရသော ရုပ်နာမ်နှစ်ပါး တရား မျိုးတို့သည် ခဏခဏ ပျက်စီးချုပ်ဆုံးတတ်သေ သသော ကြောင့်အနိစ္စမျိုးသာတည်း၊ ခဏခဏ ပျက်စီး ချုပ်ဆုံးတတ် ခြင်း ကြောက်ခြင်းရှိ၍ ခိုင်ခံ့သော အတ္တ, အတ္တနိယ အနှစ် သာရမရှိသောကြောင့် အနတ္တမျိုးသာတည်း။ ဤရုပ်နာမ်ဓမ္မ သင်္ခါရတရားမျိုးတို့ကို ချစ်ခြင်း မုန်းခြင်း မပြုလျစ်လျူ ရှုအပ် သော မဂ္ဂသစ္စာ ဘာဝနာတို့ ကြောင့်လည်း ကောင်း၊ ဇရာ မရဏ ဒုက္ခသစ္စ ကျမ်းဂန်အလာ နှစ်ဖြာသော ရုပ်နာမ်ဓမ္မ တို့သည် အိုရခြင်း ဘေး, သေရခြင်းဘေး အစ ရှိသော ကြောက်မက်ဖွယ်ကောင်းလှသော ဆင်းရဲဘေး အပေါင်းတို့၏

ခိုအောင်းတည်နေရာဖြစ်သော ဒုက္ခသစ္စာ ကို သိရသော ကြောင့်လည်းကောင်း၊ ဤဒုက္ခသစ္စာ စင်စစ်မှန် သည့် ခန္ဓာ အိမ်ကိုအကြိမ်ကြိမ် အဖန်ဖန် ဘဝသစ်စီမံပေး တတ်သည့် ဇာတိ သမုဒယသစ္စာ၊ မိန့်မှာတော်ရှိ ပဋိသန္ဓေ တည်နေခါခါ အဝိဇ္ဇာတဏှာ ဥပါဒါန် ကံ အစရှိသော အကြောင်းရင်းမူလ ရေသောက်မြစ်နှင့် တူသော သမုဒယ သစ္စာကို၊ တဒင်္ဂ ပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန်, ပဋိပဿဒ္ဓိ ပဟာန်, နိဿရဏပဟာန်တည်းဟူသော ပယ်တတ်သော တရား ပဟာန်ငါးပါးတို့ဖြင့် တစ်စတစ်စ ပယ်ရှားရသော ကြောင့်လည်းကောင်း-

ဤသို့ ဒုက္ခသစ္စာ သမုဒယသစ္စာ မဂ္ဂသစ္စာ ဘာဝနာ အဟုန် တို့ကြောင့် -

၁။ အလုံးစုံသောတရားကို အကြွင်းမရှိ သိမြင်သော ပညာမိကာဘုရားအဖြစ်သို့ -

၂။ သစ္စာလေးပါးကို အသီးအခြား မိမိအလိုလို သိမြင် သော ပစ္စေကဗုဒ္ဓါဘုရားအဖြစ်သို့ -

၃။ အဂ္ဂသာဝကဂုဏ်နှင့်ပြည့်စုံသော လက်ယာရံ အဖြစ်သို့-

၄။ အဂ္ဂသာဝကာဂုဏ်နှင့်ပြည့်စုံသော လက်ဝဲရံအဖြစ်သို့ -

၅။ သစ္စာလေးအင်ကို လျှင်မြန်စွာသိပါရသော ပကတိသာဝက အဖြစ်သို့ရောက်၍ (ယောကျ်ားက ဆုတောင်း ရန် ပကတိသာဝကအဖြစ်သို့ ရောက်ရ၍) (မိန်းမက ဆုတောင်းရန် ပကတိသာဝိကာအဖြစ်ကို မိန်းမလည်း ဆုတောင်းလိုလျှင် တောင်းနိုင်သည်) သမုဒယသစ္စာတဏှာဇာတိ နှင့် တကွသော တစ်ထောင့်ငါးရာ ကိလေသာအပေါင်းအသင်းတို့ကို မရသဖြင့် ငါးဝခန္ဓာ ဆယ့်နှစ်ဖြာ အာယတန, အဌာရသ ဓာတ်ဆယ့်ရှစ်ရပ်ကို ပဋိစ္စသမုပ္ပါဒ် နှစ်ဖြာနာမ်ရုပ်အကျွန့်ပ်သည် ဘဝကြီးငယ် အသွယ်သွယ်ကပြုခဲ့ဖူးသည့် လူ့ပြည်နတ်ရပ်အပါယ်သို့ချဉ်းကပ်စေတတ်သောကုသိုလ်ကံမျိုး အကုသိုလ်ကံမျိုးတို့သည် အကျိုးပေးခွင့်မရ သတ္တိဗလကုန်ခန်းကြ၍ ရဟန္တာ၏ စုတိမရဏ ပရိနိဗ္ဗာန် စသည်သောအခြားမဲ့၌ ပဋိသန္ဓေ အသစ်မဖြစ်ရာ အမှန် ဥဿိန္နမိ္ပနိဿရဏ်နိရောဓ သစ္စ မိန်နဲ့တော်သံ ဓမ္မဒေသနာ

အရမှာ ဒုက္ခသစ္စာ,သမုဒယသစ္စာဟု ဆိုအပ်သောလူ နတ်ပြဟ္မာခန္ဓာဝန်လက်စသိမ်း၍ ငြိမ်းအေးထူးစွာ သုပဘာ သုဇောတာ ပရိသုဒ္ဓပဏ္ဍရာ လွန်စွာထွန်းလင်း အရောင်ချင်း ယှက်သွယ် စင်ကြယ်ဖြူလှ စံပြစရာဥပမာမရှိသန္တိလက္ခဏာ အေးငြိမ်းခြင်းရှိပါသော ဘေးကင်းသည့် နိဗ္ဗာနသုခံ ယင်းနိဗ္ဗာန်မှာ အမှန်ပရမတ္ထ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်ဟုဆိုအပ်သည့် နိရောဓသစ္စာ ဤနိရောဓသစ္စာတည်းဟူသောရွှေပြည်အမှန် နိဗ္ဗာန်အေးမြို့ကြီးသို့ လေးဆယ့်ရှစ်ပါးခေတ်တရားအစု နှစ်ခု နာမ်, ရုပ်အကျွန်ုပ်သည်မကြာခဏာလျင်မြန်စွာ ဆိုက်ရောက်လိုပါ၏အရှင်မြတ်ဘုရား။

**သိကြားဆက်ကပ်သော အဏ္ဍရာစမ ဘွဲ့တံဆိပ်တော်ရ စေတီ နှစ်ကျိပ်ရှစ်ဆူအနက် စ၊ ဘ၊ က၊ သ ဘွဲ့တံဆိပ်တော်ရ ကျိုက္ခမီ ရေလယ်ဘုရားရှိခိုးဂါထာနှင့်အနက်၊ ကျိုက္ခမီ ရေလယ် ဘုရားကြီး သမိုင်းနှင့် သိမှတ်ဖွယ်ရာအချက်များ စသည့်အလုံးစုံ ပြီး၏။**

**ဤစာအုပ်တွင် အနေအထားပြုပြင်ပြီး အချို့နေရာများ၌ မူအတိုင်း ရိုက်နှိပ်လိုက်ပါကြောင်း။**

# ကျိုက္ခမီဘုရားရှိခိုးပါရှိသော

## ဏ, မ အက္ခရာလေးလုံးကျစီသိကြားမင်းဆက်ကပ်ခဲ့သော စေတီတော်မြတ် ၂၈ဆူတို့၏တည်ရာဒေသများဝတ်ပြုပူဇော်ရန် မှခ်ဝနှင့် အချိန်နာရီတို့ကို ဖော်ပြလိုက်ပါသည်။

၁။ အာ၊ သော၊ မာ၊ ဝ ဘွဲ့ရ ပုဂံ ရွှေစည်းခုံဘုရား ကြာသ ပတေးနေ့ ညနေ ၃နာရီမှ ၆နာရီအတွင်း အနောက်မုခ်မှ ကဿပ ဘုရားရှင်အား ရည်စူးပူဇော်၍ ဆုတောင်းပါ။ (ဝါယောဓာတ် ဆောင်သည်)
**တည်ရှိရာဒေသ**- မကွေးတိုင်း၊ ပုဂံ ညောင်ဦးမြို့။

၂။ တာ၊ ဝ၊ ဂုံ၊ ဏ ဘွဲ့ရ ပုဂံ စူဠာမဏိဘုရား တနင်္လာနေ့ နံနက် ၆ နာရီ မှ ၉နာရီအတွင်း မြောက်ဘက်မုခ်မှ ဝေဿဘူ ဘုရားရှင်အား ရည်စူးပူဇော်၍ ဆုတောင်းပါ။ (ပထဝီဓာတ်ဆောင်သည်)
**တည်ရှိရာဒေသ**-မကွေးတိုင်း၊ ပုဂံ ညောင်ဦးမြို့။

၃။ သာ၊ သ၊ သံ၊ သော၊ ဘွဲ့ရ ပင်းယ ရွှေစည်းခုံဘုရား တနင်္ဂနွေနေ့

ညနေ ၃နာရီ မှ ၆နာရီအတွင်း အနောက်ဘက်မုခ်မှ သိဓိ ဘုရားရှင်အား ရည်စူးပူဇော်၍ ဆုတောင်းပါ။ (ဝါယောဓာတ်ဆောင်သည်)
**တည်ရှိရာဒေသ**-မန္တလေးတိုင်း၊ တံတားဦးမြို့။

၄။ သု၊ ခါ၊ ဝ၊ ဟံ ဘွဲ့ရ အဝ ရွှေစည်းခုံဘုရား စနေနေ့ နံနက် ၉ နာရီ မှ ၁၂နာရီအတွင်း တောင်ဘက်မုခ်မှ ဝိပဿီဘုရားရှင်အား ရည်စူးပူဇော်၍ ဆုတောင်းပါ။ (အာပေါဓာတ်ဆောင်သည်)
**တည်ရှိရာဒေသ**- မန္တလေးတိုင်း၊ အင်းဝမြို့။

၅။ သ၊ မွှ၊ ဒွေ၊ ယ ဘွဲ့ရ အညာသီဟတောဘုရား သောကြာနေ့ နံနက် ၆နာရီ မှ ၉နာရီ အတွင်း မြောက်ဘက်မုခ်မှ ဂေါတမ ဘုရားရှင်အား ရည်စူးပူဇော်၍ ဆုတောင်းပါ။ (ပထဝီဓာတ်ဆောင်သည်)
**တည်ရှိရာဒေသ**- မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့။

၆။ ဇော၊ မိ၊ စိ၊ န္တာ ဘွဲ့ရ ရွှေစာရံဘုရား အင်္ဂါနေ့ နေ့ ၁၂နာရီ မှ ၃နာရီ အတွင်း အရှေ့မုခ်မှ ကကုသန္ဓ ဘုရားရှင်အား ရည်စူး ပူဇော်၍ ဆုတောင်းပါ။ (တေဇောဓာတ်ဆောင်သည်)
**တည်ရှိရာဒေသ**- မန္တလေးတိုင်း၊ အရှေ့မြောက်မြို့နယ်။

၇။ ဥ၊ မွာ၊ ဝ၊ မွဲ့ ဘွဲ့ရ ရွှေမင်းဝံ ဘုရား သောကြာနေ့ နေ့ ၁၂နာရီ မှ ၃နာရီ အတွင်း အရှေ့ဘက်မုခ်မှ ဖုဿဘုရားရှင်အား ရည်စူး ပူဇော်၍ ဆုတောင်းပါ။ (တေဇောဓာတ်ဆောင်သည်)

**တည်ရှိရာဒေသ-** မန္တလေးတိုင်း၊ မြစ်သားမြို့။

၈။ ဝိ၊ ရူ ပော၊ ဿ ဘွဲ့ရ ရွှေသာလျောင်းဘုရား ကြာသပတေးနေ့ နံနက် ၆နာရီ မှ ၉နာရီ အတွင်း မြောက်ဘက်မုခ်မှ တိဿဘုရားရှင်အားရည်စူးပူဇော်၍ ဆုတောင်းပါ။ (ပထဝီဓာတ် ဆောင်သည်)
**တည်ရှိရာဒေသ-** မန္တလေးတိုင်း၊ ကျောက်ဆည်မြို့။

၉။ ဉ၊ ဝ၊ ဟ၊ နိ ဘွဲ့ရ ရွှေရင်မြော်ဘုရား ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီ မှ ၁၂နာရီ အတွင်း တောင်ဘက်မုခ်မှ ကောဏာဂမန ဘုရားရှင်အား ရည်စူးပူဇော်၍ ဆုတောင်းပါ။ (အာပေါဓာတ်ဆောင်သည်)
**တည်ရှိရာဒေသ-** မန္တလေးတိုင်း၊ သာစည်မြို့။

၁၀။ ဝ၊ ဝ၊ ဇာ၊ ဂံ ဘွဲ့ရ ကွမ်းရွာရွှေတန့်တစ်ဘုရား အင်္ဂါနေ့ နံနက် ၃နာရီ မှ ၆နာရီ အတွင်း အနောက်ဘက်မုခ်မှ သိဒ္ဓတ္ထဘုရားရှင်အား ရည်စူးပူဇော်၍ ဆုတောင်းပါ။ (ဝါယောဓာတ်ဆောင်သည်)
**တည်ရှိရာဒေသ-** မကွေးတိုင်း၊ ရေစကြိုမြို့။

၁၁။ တိ၊ ထ၊ မ၊ စဲ ဘွဲ့ရ ကွမ်းရွာရွှေတန့်တစ်ဘုရား အင်္ဂါနေ့ နံနက် ၉နာရီ မှ ၁၂နာရီ အတွင်း တောင်ဘက်မုခ်မှ ဓမ္မဒဿီ ဘုရားရှင်အား ရည်စူးပူဇော်၍ ဆုတောင်းပါ။ (ဝါယောဓာတ်ဆောင်သည်)
**တည်ရှိရာဒေသ-** မကွေးတိုင်း၊ ပခုက္ကူမြို့။

၁၂။ ပု၊ ည၊ ခေ၊ တ္တဘွဲ့ရ ကျောင်းတော်ရာဘုရား တနင်္လာနေ့ နေ့ ၁၂နာရီ မှ ၃နာရီ အတွင်း အရှေ့ဘက်မုခ်မှ အတ္တဒဿီဘုရားရှင် အား ရည်စူးပူဇော်၍ ဆုတောင်းပါ။ (တေဇောဓာတ်ဆောင်သည်)
**တည်ရှိရာဒေသ**- မကွေးတိုင်း၊ လယ်ကိုင်းမြို့။

၁၃။ ကေ၊ လာ၊ ဝ၊ ဟ ဘွဲ့ရ အထက်စက်တော်ရာဘုရား တနင်္ဂနွေ နံနက် ၆နာရီ မှ ၉နာရီ အတွင်း မြောက်ဘက်မုခ်မှ ဝိယဒဿီ ဘုရားရှင်အား ရည်စူးပူဇော်၍ ဆုတောင်းပါ။ (ပထဝီ ဓာတ် ဆောင်သည်)
**တည်ရှိရာဒေသ**-မကွေးတိုင်း၊ မင်းဘူးမြို့။

၁၄။ န၊ န္တ၊ ဂု၊ ဏ ဘွဲ့ရ အောက်စက်တော်ရာဘုရား စနေနေ့ ညနေ ၃နာရီ မှ ၆နာရီ အတွင်း အနောက်ဘက်မုခ်မှ သုဇာတ ဘုရားရှင်အား ရည်စူးပူဇော်၍ ဆုတောင်းပါ။ (ဝါယောဓာတ် ဆောင်သည်)
**တည်ရှိရာဒေသ**- မကွေးတိုင်း၊ မင်းဘူးမြို့။

၁၅။ သု၊ သု၊ ဇာ၊ ဂံ ဘွဲ့ရ ပြည်ဆံတော်ဘုရား သောကြာနေ့ နံနက် ၅နာရီ မှ ၁၂နာရီ အတွင်း တောင်ဘက်မုခ်မှ သုမေဓာ ဘုရားရှင်အား ရည်စူးပူဇော်၍ ဆုတောင်းပါ။ (တေဇောဓာတ် ဆောင်သည်)
**တည်ရှိရာဒေသ**- ပဲခူးတိုင်း၊ ပြည်မြို့။

၁၆။ ဗော၊ မိ၊ သော၊ ဠှံ ဘွဲ့ရ မြတ်စောညီနောင်ဘုရား ကြာသပ တေးနေ့ နေ့ ၁၂နာရီ မှ ၃နာရီ အတွင်း အရှေ့ဘက်မုခ်မှ ပဒုမုတ္တရ ဘုရားရှင်အား

ရည်စူးပူဇော်၍ ဆုတောင်းပါ။(တေဇောဓာတ် ဆောင်သည်)
**တည်ရှိရာဒေသ-** ပဲခူးတိုင်း၊ တောင်ငူမြို့။

၁၇။ ဗုံ၊ ဒွံ၊ စိ၊ ဌ္ဌာ ဘွဲ့ရ ရွှေတိဂုံဘုရား ဗုဒ္ဓဟူးနေ့ နံနက် ၆နာရီ မှ ၃နာရီ အတွင်း မြောက်ဘက်မုခ်မှ နာရဒဘုရားရှင်အား ရည်စူး ပူဇော်၍ ဆုတောင်းပါ။ (ပထဝီဓာတ်ဆောင်သည်)
**တည်ရှိရာဒေသ-** ရန်ကုန်တိုင်း၊ ရန်ကုန်မြို့။

၁၈။ ဝ၊ ရ၊ ဂု၊ ဏ ဘွဲ့ရ ရွှေမော်ဓောဘုရား အင်္ဂါနေ့ ညနေ ၃နာရီ မှ ၆နာရီ အတွင်း အနောက်ဘက်မုခ်မှ ပဒုမဘုရားရှင်အား ရည်စူး ပူဇော်၍ ဆုတောင်းပါ။ (ဝါယောဓာတ် ဆောင်သည်)
**တည်ရှိရာဒေသ-** ပဲခူးတိုင်း၊ ပဲခူးမြို့။

၁၉။ အ၊ ဟံ၊ ဘ၊ န္တေ ဘွဲ့ရ ကျိုက်ပွန်ဘုရား တနင်္လာနေ့ နံနက် ၉နာရီ မှ ၁၂နာရီ အတွင်း တောင်ဘက်မုခ်မှ အနောမဒဿီ ဘုရား ရှင်အား ရည်စူး ပူဇော်၍ ဆုတောင်းပါ။ (အာပေါဓာတ် ဆောင်သည်)
**တည်ရှိရာဒေသ-**ပဲခူးတိုင်း၊ ပဲခူးမြို့။

၂၀။ စ၊ ဘ၊ က၊ သ ဘွဲ့ရ ကျိုက္ခမီဘုရား တနင်္ဂနွေနေ့ နေ့ ၁၂နာရီ မှ ၃နာရီ အတွင်း အရှေ့ဘက်မုခ်မှ သောဘိတဘုရားရှင်အား ရည်စူးပူဇော်၍ ဆုတောင်းပါ။ (တေဇောဓာတ်ဆောင်သည်)
**တည်ရှိရာဒေသ-** မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့။

၂၁။ ဣ၊ အ၊ မ ချာ ဘွဲ့ရ ကျိုက်ထီးရိုးဘုရား စနေနေ့ နံနက် ၆နာရီ မှ ၉နာရီ အတွင်း မြောက်ဘက်မုခ်မှ ရေဝတဘုရားရှင်အား ရည်စူး ပူဇော်၍ ဆုတောင်းပါ။ (ပထဝီဓာတ်ဆောင်သည်)

**တည်ရှိရာဒေသ-** မွန်ပြည်နယ်၊ ကျိုက်ထိုမြို့။

၂၂။ ဝေ၊ ဒါ၊ ဒ ယ ဘွဲ့ရ မြသိန်းတန်းဘုရား သောကြာနေ့ ညနေ ၃နာရီ မှ ၆နာရီ အတွင်း အနောက်ဘက်မုခ်မှ သုမနဘုရားရှင်အား ရည်စူး ပူဇော်၍ ဆုတောင်းပါ။ (ဝါယောဓာတ်ဆောင်သည်)

**တည်ရှိရာဒေသ-** မွန်ပြည်နယ်၊ ကျိုက်ထိုမြို့။

၂၃။ စေ၊ အာ၊ မာ၊ သော ဘွဲ့ရ ဇင်းကျိုက်ဘုရား ကြာသပတေးနေ့ နံနက် ၉နာရီ မှ ၁၂နာရီ အတွင်း တောင်ဘက်မုခ်မှ မင်္ဂလဘုရားရှင် အား ရည်စူးပူဇော်၍ ဆုတောင်းပါ။ (အာပေါဓာတ်ဆောင်သည်)

**တည်ရှိရာဒေသ-** မွန်ပြည်နယ်၊ ပေါင်မြို့နယ်။

၂၄။ အ၊ စိ၊ ဣ၊ ယ ဘွဲ့ရ ဇင်းမယ်ဘုရား ဗုဒ္ဓဟူးနေ့ နေ့ ၁၂နာရီ မှ ၃နာရီ အတွင်း အရှေ့ဘက်မုခ်မှ ကောဏ္ဍည ဘုရားရှင် အား ရည်စူး ပူဇော်၍ ဆုတောင်းပါ။ (တေဇောဓာတ်ဆောင်သည်)

**တည်ရှိရာဒေသ-** ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့။

၂၅။ မာ၊ မံ၊ ဟု၊ ဟာ ဘွဲ့ရ တရုတ်ပြည်စွယ်တော်ဘုရား အင်္ဂါနေ့

နံနက် ၆နာရီ မှ ၉နာရီ အတွင်း မြောက်ဘက်မုခ်မှ ဒီပင်ရာ ဘုရားရှင်အား ရည်စူး ပူဇော်၍ ဆုတောင်းပါ။ (ပထဝီဓာတ်ဆောင် သည်)
**တည်ရှိရာဒေသ-** တရုတ်ပြည်၊ ပီကင်းမြို့။

၂၆။ ဧ၊ ဝံ၊ မာ၊ ဟ ဘွဲ့ရ ယိုးဒယားဆံတော်ဘုရား တနင်္လာနေ့ ညနေ ၃နာရီ မှ ၆နာရီ အတွင်း အနောက်ဘက်မုခ်မှ သရဏင်္ကရာ ဘုရားရှင်အား ရည်စူး ပူဇော်၍ ဆုတောင်းပါ။ (ဝါယောဓာတ်ဆောင်သည်)
**တည်ရှိရာဒေသ-** ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့။

၂၇။ မံ၊ သွဏ်၊ သုံ၊ သံ ဘွဲ့ရ ထားဝယ်ဆံတော်ဘုရား တနင်္ဂနွေနေ့ နံနက် ၉နာရီ မှ ၁၂နာရီ အတွင်း တောင်ဘက်မုခ်မှ မေဓင်္ကရာ ဘုရားရှင် အား ရည်စူး ပူဇော်၍ဆုတောင်းပါ။ (အာပေါဓာတ်ဆောင် သည်)
**တည်ရှိရာဒေသ-**တနင်္သာရီတိုင်း၊ ထားဝယ်မြို့။

၂၈။ ဗုံ၊ ဒ္ဓါ၊ ဂုံ၊ ဏ ဘွဲ့ရ ရခိုင်ဘုရားကြီး စနေနေ့ နေ့ ၁၂နာရီ မှ ၃နာရီ အတွင်း အရှေ့ဘက်မုခ်မှ တဏှင်္ကရာ ဘုရားရှင်အား ရည်စူး ပူဇော်၍ ဆုတောင်းပါ။ (ပထဝီဓာတ်ဆောင်သည်)
**တည်ရှိရာဒေသ-** မန္တလေးတိုင်း၊ မန္တလေးမြို့။

## ကိုးကားကျမ်းများ

၁။ မြန်မာပညာရှိဆရာကြီးဦးပညာရေးသောမုတ္တမ၊ ရာဇဝင်ပေါင်းချုပ်နှင့်မုတ္တမစစ်တမ်း စာပေဟောင်းကျမ်း။

၂။ မြန်မာစွယ်စုံကျမ်း အတွဲ (၂)

၃။ ဘားမား ဂေဇက်တီးယား၊ ကျိုက္ကမီ ခရိုင်(က)တွဲ (အင်္ဂလိပ်)

၄။ သံဖြူဇရပ်မြို့နယ် ဖြစ်စဉ်မှတ်တမ်း

၅။ မုဒုံမြို့ ကန်ကြီးစေတီတော်သမိုင်း

၆။ ပြည်ထောင်စု မြန်မာနိုင်ငံတော် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ (၃၁-၆-၈၁) နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄၃)

၇။ ဂဝံပတိကျမ်း (မွန်ဘာသာ)

၈။ နိုင်ငံတော် ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင် တတိယတွဲ၊ ဆဋ္ဌမတွဲ(ဒုတိယပိုင်း)

၉။ မဟာဝင်ကျမ်း

၁၀။ စစ်ကဲတော်မင်း မောင်ရွှေနော်၏ မွန်ရာဇဝင်နှင့် စေတီတော်သမိုင်းပေါင်းချုပ်

၁၁။ ဆံတော်ရှင် သမိုင်းပေါင်းချုပ်

၁၂။ ကလျာဏီ မွန်ကျောက်စာနှင့် သိမာဝင် (မွန်)

၁၃။ ရွှေမောဓောသမိုင်း (မြန်မာနိုင်ငံတော် ဘာသာပြန်စာပေအသင်း)

၁၄။ မြန်မာနိုင်ငံသမိုင်း (ဒေါက်တာ ထင်အောင်)

၁၅။ ဗြိတိသျှဘားမား ဂေဇက်တီးယား (အင်္ဂလိပ်)

၁၆။ မြန်မာရှေးဟောင်း ယဉ်ကျေးမှု သုတေသန (ဦးမြင့်အောင်)

၁၇။ မြန်မာပြည်ရှိ သမိုင်းဝင် ဘာသာရေး အဆောက်အအုံများ(အင်္ဂလိပ်)

၁၈။ စေတိယ ပကာသနီကျမ်း

၁၉။ သီဟိုဠ်ရှင် ဘုန်းတော်ပြည့်သမိုင်း။

၂၀။ ပညာအလင်းပြစာပေတိုက်ထုတ် နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုးစအုပ်။

